# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် ဝါဆိုလဆန်း ၉ ရက် တနင်္ဂနွေနေ့။ Sunday, 2 July 2017 (၈၉၇၃)


**သူတော်ကောင်းထံချဉ်းကပ်**

အရိယာသူတော်ကောင်းတို့နှင့် တွေ့မြင်၊ ပေါင်းဖော်ရခြင်းသည် အခါခပ်သိမ်း ချမ်းသာ၏။ သူမိုက်တို့နှင့် မတွေ့မြင်၊ မပေါင်းဖော်ခြင်းသည် အမြဲပင်ချမ်းသာ၏။ ထို့ကြောင့် လူမိုက်တို့ကိုရှောင်ခွာ၍ ပညာရှိ အရိယာသူတော်ကောင်းတို့ထံ ချဉ်းကပ်၍ မှီဝဲဆည်းကပ်ရာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၈)

အရပ်ဘက်အဖွဲ့အစည်းများဖိုရမ် ကျင်းပရေးကော်မတီသစ်ဖွဲ့စည်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပြည်သူများ၏အသံပိုမိုပါဝင်ရန်လိုအပ်

စာမျက်နှာ - ၇

မန္တလေးတိုင်းဒေသကြီး လွှတ်တော်ရုံး အဆောက်အအုံသစ်ဖွင့်ပွဲ ကျင်းပ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ တက်ရောက်ဖွင့်လှစ်ပေး

စာမျက်နှာ - ၈

ထိုင်းနိုင်ငံအစိုးရမှ ရွှေ့ပြောင်းအလုပ်သမားများနှင့် လုပ်ငန်းရှင်များအတွက် ဥပဒေသစ်အား ခေတ္တရပ်နား

စာမျက်နှာ - ၁၀

တစ်ပြည်ထောင် နှစ်စနစ် ခေတ်သစ် ဟောင်ကောင်

တစ်ပတ်အတွင်း နိုင်ငံတကာသုံးသပ်ချက် - ၁၈

# မညီမျှမှုများနှင့် ပဋိပက္ခစိန်ခေါ်မှုများကို လျှော့ပါးသက်သာစေရန် သမဝါယမများက တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုဆောင်ရွက်သွားရမည်

**နေပြည်တော် ဇူလိုင် ၁**

အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သမဝါယမဦးစီးဌာနဌာနချုပ်ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဦးသန့်စင်မောင်၊ ဦးအုန်းဝင်း၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ဒုတိယဝန်ကြီးဦးလှကျော်၊ နေပြည်တော်ကောင်စီဝင်များ၊ ဗဟိုသမဝါယမအသင်းလီမိတက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် သမဝါယမအသင်းစု ဥက္ကဋ္ဌများနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ INGO၊ NGO များ၊ သမဝါယမအသင်းသူ အသင်းသားများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စာမျက်နှာ ၃ ကော်လံ ၃ သို့**



အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အခမ်းအနားတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမှာစကားပြောကြားစဉ်။

# ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်၏ ရခိုင်ပြည်နယ်မြောက်ပိုင်း လုံခြုံရေးအခြေအနေ ထုတ်ပြန်ချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီ**
**"ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်၏ ရခိုင်ပြည်နယ်မြောက်ပိုင်း လုံခြုံရေးအခြေအနေ ထုတ်ပြန်ချက်"**

၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက်
(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁ ရက်)

၁။ ပြီးခဲ့သည့် သီတင်းပတ်များအတွင်း ရခိုင်ပြည်နယ်မြောက်ပိုင်း လုံခြုံရေးအခြေအနေနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာ အခြေအနေများ ဖြစ်ပေါ်လာခဲ့ပါသည်။ ယင်းအခြေအနေများတွင် အပြစ်မဲ့အရပ်သားပြည်သူများအပေါ် အကြမ်းဖက်တိုက်ခိုက်မှုများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများကို လူမဆန်စွာ သတ်ဖြတ်ခံရမှုများ၊ နှစ်ဖက်အသိုင်းအဝိုင်းများအပေါ် အကြမ်းဖက်ခြိမ်းခြောက်မှုများ ပါဝင်ခဲ့ပါသည်။ လတ်တလောဖြစ်စဉ်များအနေဖြင့် ပြီးခဲ့သည့် သီတင်းပတ်အတွင်း မြန်မာ့တပ်မတော်သည် အကြမ်းဖက်အဖွဲ့အစည်းများ ဆောင်ရွက်ထားရှိသည့် လူလုပ်ဥမင်လိုဏ်ခေါင်းများနှင့် လက်နက်များကို ရှာဖွေတွေ့ရှိခဲ့ပြီး အင်္ဂါနေ့တွင် ရခိုင်တိုင်းရင်းသား ငါးဖမ်းသမားများကို တိုက်ခိုက်ခံရမှုများ ဖြစ်ပွားခဲ့ပါသည်။

၂။ ရခိုင်ပြည်နယ်မြောက်ပိုင်း အခြေအနေများ မတည်ငြိမ်စေရန် ရည်ရွယ်ဆောင်ရွက်လာသည့် အဆိုပါတိုက်ခိုက်မှုများနှင့် ခြိမ်းခြောက်မှုများ၊ အကြမ်းဖက်မှုများနှင့် မတည်ငြိမ်မှုများ ထပ်မံဖြစ်ပေါ်စေရန် လှုံ့ဆော်နေမှုများကို နိုင်ငံတော်အစိုးရအနေဖြင့် ပြစ်တင်ရှုတ်ချပါသည်။

၃။ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် လတ်တလောဖြစ်ပေါ်ခဲ့သည့် အကြမ်းဖက်မှုများသည် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ အကြမ်းဖက်တိုက်ခိုက်မှုမှအစပြု၍ ပြည်ပမှ လက်နက်နှင့် ငွေကြေးအထောက်အပံ့များရယူပြီး အကြမ်းဖက်သင်တန်းများပေးနေသည့် အစွန်းရောက်အကြမ်းဖက်သမားများမှ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သက်သေအထောက်အထားများအရ သိရှိရပါသည်။

၄။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့်လည်း ဒေသတွင်း မတည်မငြိမ်ဖြစ်အောင်ဆောင်ရွက်နေသည့် အစွန်းရောက် အကြမ်းဖက်သမားများကို ဖော်ထုတ်နိုင်ရေးနှင့် အမြစ်ပြတ်ရှင်းလင်းဖယ်ရှားနိုင်ရေးအတွက် ဖြစ်စဉ်များဖော်ထုတ်ခြင်း၊ ဖမ်းဆီးခြင်းနှင့် ပြစ်မှုကျူးလွန်သူများအား အရေးယူခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့**




ကြေးမုံ

# အလုပ်အကိုင်အခွင့်အလမ်းများဖန်တီး

ထိုင်းနိုင်ငံတွင် တရားမဝင်အလုပ်လုပ်ကိုင်နေကြသော မြန်မာလုပ်သားများ မိခင်နိုင်ငံသို့ ပြန်လာကြခြင်းနှင့် ယင်းမတိုင်မီ ရက်သတ္တပတ်အတွင်းကပင် တရားမဝင်အလုပ်သမားများအား ရှာဖွေဖမ်းဆီးနေခြင်းတို့ကို စိတ်မကောင်းစရာ သတင်းများအဖြစ် မြင်တွေ့ကြားသိရပေသည်။ ထိုင်းနိုင်ငံတွင် ဇွန် ၂၃ ရက်က ထုတ်ပြန်ခဲ့သည့် အလုပ်ရှင်၊ အလုပ်သမား ဥပဒေသစ်၏ အကျိုးဆက်အဖြစ် တရားမဝင် မြန်မာရွှေ့ပြောင်းအလုပ်သမားများ ထိုသို့ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်ခဲ့ရခြင်းဖြစ်သည်။

ထိုအရေးနှင့်ပတ်သက်၍ မြန်မာ-ထိုင်း နှစ်နိုင်ငံ အလုပ်သမားအရေးကျွမ်းကျင်သူများအစည်းအဝေးကို ယမန်နေ့က ရန်ကုန်မြို့တွင် ဆွေးနွေးညှိနှိုင်းခဲ့ကြရာ ထိုင်းနိုင်ငံ၌ ဆောင်ရွက်နေသည့် နိုင်ငံခြားအလုပ်သမားများ စီမံခန့်ခွဲရေးဥပဒေကျင့်သုံးခြင်းကို ထိုင်းနိုင်ငံ ဝန်ကြီးချုပ်က ရက်ပေါင်း ၁၂၀ ရက် ဆိုင်းငံ့လိုက်ကြောင်းကြားသိရ၍ ထိုင်းနိုင်ငံတွင် ကျန်ရှိနေသော တရားမဝင်အလုပ်သမားများအတွက် စိတ်သက်သာရာအနည်းငယ်ရသည်ဟု ဆိုရမည်ဖြစ်သည်။

မြန်မာနိုင်ငံအစိုးရကလည်း ထိုအရေးမဖြစ်မီကတည်းက ထိုင်းနိုင်ငံရှိ အလုပ်သမားသံအရာရှိမှတစ်ဆင့် အလုပ်သမားများအား အသိပညာပေးဆောင်ရွက်ခဲ့ပြီး တရားဝင်နေထိုင်ခွင့်ရရှိအောင် ဆောင်ရွက်ရန်နှင့် တရားဝင်နေထိုင်ခွင့် မရရှိသူများအနေဖြင့် နေရပ်သို့ပြန်ကြရန် အသိပေးခဲ့သော်လည်း ဘာသာစကားမတတ်ကျွမ်းမှု၊ ဥပဒေအကျိုးသက်ရောက်မည့်နေ့ကို မသိရှိမှုနှင့် ဗဟုသုတအားနည်းမှုတို့ကြောင့် ဖမ်းဆီးအရေးယူခြင်းခံရမှုများပြားခဲ့ပြီး ဥပဒေသစ်အရ ဖမ်းဆီးရမိသည့် အလုပ်ရှင်နှင့်အလုပ်သမားတို့အား ငွေဒဏ်၊ ထောင်ဒဏ်ချမှတ်ခံရနိုင်သည်ကို စိတ်မကောင်းဖွယ်ကြားသိရသည်။

မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်နေကြသူများမှာ လူဦးရေသန်းနှင့်ချီရှိနေပြီး တရားမဝင်လမ်းကြောင်းမှ အများဆုံးသွားရောက်လုပ်ကိုင်ကြသည့်နိုင်ငံမှာ ထိုင်းနိုင်ငံ ဖြစ်သည်။ ရွှေ့ပြောင်းသွားရောက်လုပ်ကိုင်သူအများစုမှာ သာမန်အလုပ်သမားများဖြစ်ကြပြီး အသိပညာ၊ အတတ်ပညာကျွမ်းကျင်သူအများစုမှာ တရားဝင်သွားရောက်လုပ်ကိုင်ကြသူများဖြစ်သည်။ ပြည်ပသို့ ရွှေ့ပြောင်းသွားရောက်လုပ်ကိုင်မှုတစ်စတစ်စများပြားလာခြင်းသည် နိုင်ငံအတွက် လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးခြင်း၊ ဦးနှောက်ယိုစီးခြင်းတို့ကို ဖြစ်စေသည်။

သူတစ်ပါးနိုင်ငံတွင် သွားရောက်အလုပ်လုပ်ကိုင်ခြင်းမှာ မိမိနိုင်ငံထက် ဝင်ငွေပိုမိုရရှိသဖြင့် လုပ်ကိုင်ခြင်းဖြစ်သော်လည်း မိမိ၏ မိသားစုအသိုင်းအဝိုင်းနှင့် ကင်းကွာကာ ဒုက္ခဆင်းရဲများ ရောက်နိုင်ပေသည်။ ယခုအခါ ပြည်ပနိုင်ငံအချို့တွင် ရွှေ့ပြောင်းလုပ်ကိုင်ကြသော မြန်မာလူမျိုးများအဖို့ ဒုက္ခအခက်အခဲများနှင့် ကြုံတွေ့နေရသော်လည်း ပိုးဖလံမျိုးကဲ့သို့ ဆက်လက်တိုးဝင်လုပ်ကိုင်နေရခြင်းမှာ မိမိနိုင်ငံ၏ အထွေထွေအားနည်းချက်များကြောင့်ဟု ဆိုရမည်ဖြစ်သည်။

ယခုအခါ ယင်းအရေးကို အဖြေရှာကုစားနိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် တာဝန်ရှိသူများက နိုင်ငံတော်၏ အနာဂတ်အရေးကို မျှော်တွေး၍ ကြိုးပမ်းဆောင်ရွက်နေပြီး ထိုထက်ပိုမိုကောင်းမွန်သည့် ထိရောက်မြန်ဆန်သော အစီအမံများကို အလျင်အမြန်ချထား ဆောင်ရွက်သွားရန် လိုအပ်နေပြီ ဖြစ်သည်။ အဓိကလိုအပ်ချက်မှာ နိုင်ငံအတွင်း အလုပ်အကိုင်အခွင့်အလမ်းပေါများရေး၊ စီးပွားရေးအခွင့်အလမ်းကောင်းများ ပေါ်ထွက်လာရေးနှင့် လုပ်ခလစာနှုန်းထားများ နိုင်ငံတကာအဆင့်မီမဟုတ်သော်လည်း ပိုမိုကောင်းမွန်သော လုပ်ခလစာများရရှိရေး ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက ယခုကာလများတွင် နိုင်ငံအတွင်း အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ရရှိစေမည့် အသက်မွေးဝမ်းကျောင်းပညာသင်ကြားရေးနှင့် ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် ပြည်သူအများစုလုပ်ကိုင်နိုင်သော စီးပွားရေးလုပ်ငန်းများအတွက် လွတ်လွတ်လပ်လပ်နှင့် ဖြေလျှော့ဆောင်ရွက်နိုင်ခွင့်များ ပြုလုပ်ပေးနေသည်ကို တွေ့ရသည်။ သို့ဖြစ်ရာ ပြည်ပနိုင်ငံများတွင် သွားရောက်လုပ်ကိုင်နေသော မြန်မာနိုင်ငံသားများ မိမိနိုင်ငံတွင် အိုးမကွာ အိမ်မကွာ အေးချမ်းစွာအလုပ်လုပ်ကိုင်နိုင်ရေးအတွက် ပိုမိုကောင်းမွန်သော အလုပ်အကိုင်အခွင့်အလမ်းများကို ပိုမိုဖြေလျှော့ဆောင်ရွက်ပေးသွားရန် လိုအပ်ပါကြောင်း။ ။

# မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အပင် ၅၀၀ စုပေါင်းစိုက်ပျိုး



**နေပြည်တော် ဇူလိုင် ၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၏ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၃၀ ရက် နံနက်ပိုင်းက အဆိုပါ ဝန်ကြီးရုံး ထိန်းသိမ်းမြေ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်၍ ရတနာတန်းဝင် ကျွန်းပင်ကို စိုက်ပျိုးပေးပြီး အရာထမ်း၊ အမှုထမ်းများက အရိပ်ရလေကာပင်များဖြစ်သည့် ကျွန်း၊ ပျဉ်းကတိုး၊ မဟောဂနီ၊ ခရေ၊ ပိတောက်၊ ကံ့ကော်၊ ငုဝါ စုစုပေါင်း အပင် ၅၀၀ ကို သတ်မှတ်နေရာများတွင် စိုက်ပျိုးခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရာတွင် ရှင်သန်အောင် စိုက်ပျိုးကြရန်လိုကြောင်း၊ ပုံမှန် ပြန်လည်စစ်ဆေးထိန်းသိမ်းပြုစုမှုလိုအပ်ကြောင်း၊ ဝန်ထမ်းများ အလှည့်ကျတာဝန်ယူ၍ အပင်များ ရှင်သန်စေရေး ဆောင်ရွက်မှသာ စိုက်ပျိုးရကျိုးနပ်မည်ဖြစ်ပြီး အကျိုးဖြစ်ထွန်းမှု ရရှိမည်ဖြစ်ကြောင်း မှာကြားခဲ့သည်။

ဆက်လက်၍ ယခင်နှစ် မိုးရာသီက စိုက်ပျိုးခဲ့သော အပင်များ ရှင်သန်ဖြစ်ထွန်းမှုကို လှည့်လည်ကြည့်ရှုခဲ့သည်။ ဝန်ကြီးဌာနအနေဖြင့် ယခင်နှစ် မိုးရာသီက အပင် ၂၅၀ စိုက်ပျိုးခဲ့ပြီး ၇၅ ရာခိုင်နှုန်း ရှင်သန်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ (၁/၂၀၁၇) လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်



**နေပြည်တော် ဇူလိုင် ၁**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏(၁/၂၀၁၇) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၃၀ နံနက် ၈ နာရီခွဲက နေပြည်တော်ရှိပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီဥက္ကဋ္ဌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း တက်ရောက်အမှာစကားပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းတိုင်းတွင် ပတ်ဝန်းကျင်နှင့် လူမှုရေးရာဆိုးကျိုးများကို လျှော့ချနိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အနေဖြင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဌာန၏ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရန် လိုအပ်ကြောင်းနှင့် ရေရှည်စီးပွားရေးအတွက် အစိမ်းရောင် စီးပွားရေးကဏ္ဍများကို ဦးစားပေးရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး၊ အသိပညာပေးရေးအတွက် ကမ္ဘာ့နိုင်ငံအသီးသီး၏ လှုပ်ရှားဆောင်ရွက်ချက်များကို မျက်ခြည်မပြတ်စောင့်ကြည့်ရန် လိုအပ်ကြောင်း၊ နိုင်ငံတော်၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ပေါင်းစပ်ဆောင်ရွက်ရန် အရေးကြီးကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ လုပ်ငန်းအများစုသည် သိပ္ပံပညာရပ်များဖြစ်သောကြောင့် စနစ်တကျလေ့လာကြရန် လိုအပ်ကြောင်းကိုလည်း ဝန်ကြီးက အမှာစကားတွင် ထည့်သွင်း ပြောကြားခဲ့သည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ်တာဝန်ခံများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းလုပ်ငန်းအဖွဲ့ (ပတ်ဝန်းကျင်)၊ ဦးစီးရုံးချုပ်မှ ဌာနခွဲအလိုက် တာဝန်ခံများက သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြကာ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များက သုံးသပ် ဆွေးနွေးတင်ပြခြင်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**



တန်ဖိုးရှိလှ လူငယ်ဘဝ
မူးယစ်ကင်းစင် ကျန်းမာမှ

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဝင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း
ဦးကျော်စေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊
ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း

သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း
ဦးအောင်မိုးဦး၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊
ဦးသက်ဇွေး၊ ဒေါ်သီသီမင်း

အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊
ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

## ❖ ပြည်ထောင်စုအစိုးရမှ

၅။ နိုင်ငံတော်အစိုးရအနေဖြင့် ဖြစ်ပေါ်နေသည့် အခြေခံအကြောင်းတရားများပေါ်မူတည်၍ လုံခြုံရေးအခြေအနေသုံးသပ်မှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး လိုအပ်ပါက သင့်လျော်သည့် ဆောင်ရွက်ချက်များ လုပ်ဆောင်သွားမည်ဖြစ်ပါသည်။

၆။ လက်ရှိအခြေအနေ၌ အစွန်းရောက်အကြမ်းဖက်မှုများကို ဖော်ထုတ်ရှင်းလင်းလျက်ရှိသော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်ရှိ ပြည်သူများအတွက် ဖွံ့ဖြိုးတိုးတက်မှုအကူအညီများနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ထောက်ပံ့သွားမည်ဖြစ်ပြီး၊ ဒေသတွင်းရေရှည်တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

### ရခိုင်ပြည်နယ်မြောက်ပိုင်းအခြေအနေ ရှင်းလင်းချက်

### လုံခြုံရေးအခြေအနေ

- ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၁၇ ခုနှစ် ဇွန်လ ၂၆ ရက်အထိရခိုင်ပြည်နယ်၊ မောင်တောခရိုင်တွင် အပြစ်မဲ့အရပ်သား ၃၈ ဦး အသတ်ခံခဲ့ရပါသည်။ ယင်းအချိန်ကာလအတွင်း ကျေးရွာအုပ်ချုပ်ရေးမှူး လေးဦးအပါအဝင် နောက်ထပ်အရပ်သား ၂၂ ဦးပျောက်ဆုံးခဲ့ခြင်း သို့မဟုတ် ဖမ်းဆီးခေါ်ဆောင်ခံရခြင်းများ ဖြစ်ပေါ်ခဲ့ပါသည်။
- ပြီးခဲ့သည့် ရက်သတ္တပတ်များအတွင်း သတ်ဖြတ်ခံရသူများနှင့် ပျောက်ဆုံးသူအရေအတွက်မှာ စိုးရိမ်ဖွယ်မြင့်တက်လာခဲ့ပါသည်။ ပြီးခဲ့သည့် သီတင်းနှစ်ပတ်အတွင်း အပြစ်မဲ့အရပ်သားခြောက်ဦး အသတ်ခံခဲ့ရပြီး၊ နှစ်ဦးမှာပျောက်ဆုံးခြင်း သို့မဟုတ် ဖမ်းဆီးခေါ်ဆောင်ခံရခြင်းများ ဖြစ်ပွားခဲ့ပါသည်။
- ထို့ပြင် ပြီးခဲ့သည့် ရက်သတ္တပတ်များအတွင်း အစွန်းရောက်လှုပ်ရှားမှုများတိုးမြင့်လာသည့် အထောက်အထားများကို မြန်မာ့တပ်မတော်က ရှာဖွေတွေ့ရှိခဲ့ပါသည်။ ဇွန်လ ၂၀ ရက်နေ့တွင် လူလုပ်လိုဏ်ခေါင်းများ၊ လက်နက်များနှင့် အကြမ်းဖက်သမားများ ဆက်နွယ်နေသည့် အကြမ်းဖက်စခန်းတစ်ခုတို့ကို ဘူးသီးတောင်-မောင်တောဒေသရှိ မေယုတောင်ကြောတွင် ရှာဖွေတွေ့ရှိခဲ့ပါသည်။
  - လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အကျယ် ၅ ပေ၊ အမြင့် ၄ ပေ၊ အရှည် ပေ ၈၀ ရှိ လူလုပ်လိုဏ်ခေါင်းအပြင် လုပ်သေနတ်များ၊ လူနေတဲများ၊ စားနပ်ရိက္ခာများ၊ အသုံးအဆောင်ပစ္စည်းများနှင့် အကြမ်းဖက်သမားများအတွက် သင်တန်းပေးရန်နှင့် နေထိုင်ရန်တို့အတွက် အသုံးပြုသည့် အခြားပစ္စည်းများ အပါအဝင် အကြမ်းဖက်သင်တန်းဟုယူဆရသည့် စခန်းများအသုံးပြုနေမှုကို တိကျခိုင်မာသည့် အထောက်အထားများ ရှာဖွေတွေ့ရှိခဲ့ပါသည်။
- လုံခြုံရေးတပ်ဖွဲ့ဝင်များမှာလည်း ပြန်လည်တိုက်ခိုက်ခံနေရပြီး၊ ဇွန်လ ၂၇ ရက်နေ့တွင် မျက်နှာဖုံးစွပ်ထားသည့် အကြမ်းဖက်သမားတစ်ဦးက လည်းကောင်း၊ နောက်တစ်နေ့တွင် အကြမ်းဖက်သမားနှစ်ဦးက လည်းကောင်း လုံခြုံရေးတပ်ဖွဲ့ဝင်များအား ခုခံတိုက်ခိုက်ခဲ့ပါသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များက မိမိကိုယ်ကိုယ်ကာကွယ်သည့်အနေဖြင့် ပြန်လည်ခုခံတိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားသုံးဦးစလုံးကို အသေဖမ်းဆီးရမိခဲ့ပါသည်။

### လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအခြေအနေ

- လူသားချင်းစာနာထောက်ထားမှု အကူအညီပေးမှုအနေဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ ပဋိပက္ခဒဏ်ခံပြည်သူ ၉၅ ရာခိုင်နှုန်းကို ပံ့ပိုးပေးလျက်ရှိပါသည်။ အဆိုပါအကူအညီကို နိုင်ငံတော်အစိုးရနှင့် ဒေသခံအစိုးရများ၊ နိုင်ငံတကာ NGOs များစုပေါင်း၍ ပံ့ပိုးပေးခဲ့ခြင်းဖြစ်ပါသည်။
  - နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၁၇ ခုနှစ် ဇွန်လ ၁၆ ရက်နေ့အထိ ရခိုင်ပြည်နယ်သို့ လူသားချင်းစာနာထောက်ထားမှုအကူအညီ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၆ သန်း (မြန်မာကျပ်ငွေ ၂၆၇၂ ဒသမ ၃၅၂ သန်း) ထောက်ပံ့ပေးပြီးဖြစ်ပါသည်။
  - အဆိုပါအကူအညီကို ပဋိပက္ခဖြစ်ပွားနေသည့် ဒေသတွင်းနှစ်ဖက်အသိုင်းအဝိုင်းများကိုပံ့ပိုးပေးခဲ့ခြင်း ဖြစ်ပါသည်။
  - ထို့ပြင် အစိုးရအနေဖြင့် အဆိုပါဒေသများသို့ ကျန်းမာရေးနှင့် ပညာရေးအထောက်အပံ့များလည်း ဆက်လက်ပေးအပ်သွားမည်ဖြစ်ပါသည်။ နယ်လှည့်ကျန်းမာရေးအဖွဲ့ ၄၀ မှ ကျေးရွာပေါင်း ၂၀၈ ရွာနှင့် ယာယီဒုက္ခသည်စခန်းများမှ ပြည်သူ ၁၀၇၀၀၀ ကျော်ကို ဆေးကုသမှုများ ဆောင်ရွက်ခဲ့ပါသည်။ ဝန်ကြီးဌာနများမှလည်း ရခိုင်ဒေသခံပြည်သူများကို အသက်မွေးဝမ်းကျောင်းမှုနှင့် ပညာပေးအစီအစဉ်များကိုလည်း ပေးအပ်ခြင်းနှင့် မူဆလင်ကျေးရွာများရှိ အစိုးရကျောင်းပေါင်း ၂၀ ကို ပြန်လည်ပြင်ဆင်ရန် ရန်ပုံငွေပေးအပ်ခြင်းနှင့် ထောက်ပံ့ပေးမှုများ အပါအဝင် ၂၀၁၇-၁၈ ပညာသင်နှစ်အတွက် ရခိုင်ပြည်နယ်အတွင်းရှိ ကျောင်းပေါင်း ၃၀၀ ကို အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပါသည်။ ယာယီပိတ်ထားခဲ့သည့် မောင်တောဒေသရှိ စာသင်ကျောင်းများကိုလည်း ပြန်လည်ဖွင့်လှစ်ပေးခဲ့ပါသည်။
- ကျောက်ဖြူ ပေါက်တောနှင့် ရမ်းဗြဲမြို့နယ်များရှိ ဒုက္ခသည်စခန်း (၃)ခုကို ပိတ်သိမ်းခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ ဒုက္ခသည်စခန်းမှ အိမ်ထောင်စု ၅၅ စုကိုရွေးချယ်၍ ရန်ကုန်မြို့သို့ ပြောင်းရွှေ့နေထိုင်ခွင့်ပြုခဲ့ပါသည်။
  - ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာကိုဖီအာနန်ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ ကြားဖြတ်အစီရင်ခံစာတွင်တင်ပြထားသည့် အကြံပြုချက်များနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အထိမ်းအမှတ်ဈေးရောင်းပွဲတော်နှင့် အရောင်းပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

## ❂ ရွှေဖုံးမှ

ရွှေဦးစွာ အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အခမ်းအနားကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဒုတိယဝန်ကြီး ဦးလှကျော်၊ ဗဟိုသမဝါယမအသင်းဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် အဖွဲ့ဝင်များသည် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အထိမ်းအမှတ်ဈေးရောင်းပွဲတော်နှင့် အရောင်းပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အခမ်းအနားကို အဆိုပါ သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ယနေ့အခမ်းအနားသည် မြန်မာနိုင်ငံတွင် (၂၃) ကြိမ်မြောက်ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အခမ်းအနားဖြစ်ပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ ဆောင်ပုဒ်ဖြစ်သည့် “Co-operatives ensure no one is left behind အားလုံးပါဝင် အရောက်လှမ်းချီ သမဝါယမပန်းတိုင်ဆီ” ဆိုသည့် ဆောင်ပုဒ်နှင့်အညီ သမဝါယမအသင်းအဖွဲ့များအနေဖြင့် လူမျိုးရေး၊ ဘာသာရေး၊ လူမှုရေး၊ နိုင်ငံရေး၊ အမျိုးသားနှင့် အမျိုးသမီးခွဲခြားဆက်ဆံမှုများမရှိဘဲ လူသားအားလုံးလွတ်လပ်စွာ ပူးပေါင်းပါဝင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်ကြီးက တိုက်တွန်းနှိုးဆော်ထားကြောင်း၊ သမဝါယမအသင်းအဖွဲ့များသည် ငွေကြေးအရင်းအနှီး ဗဟိုပြုအဖွဲ့အစည်းမျိုးမဟုတ်ဘဲ ပြည်သူဗဟိုပြုအဖွဲ့အစည်းမျိုးဖြစ်သည့်အတွက် အသင်းအဖွဲ့၏ ကြွယ်ဝချမ်းသာမှု၊ ဖွံ့ဖြိုးတိုးတက်မှုများကို ပိုမိုမျှတသည့်နည်းလမ်းဖြင့် ခွဲဝေခံစားနေကြသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

အပြည်ပြည်ဆိုင်ရာသမဝါယမအဖွဲ့ချုပ် (ICA)တွင် အဖွဲ့ဝင် ၉၅ နိုင်ငံရှိပြီး အဖွဲ့ဝင်အသင်းပေါင်း ၂၈၄ သင်း၊ အသင်းသားပေါင်း တစ်ဘီလီယံကျော် ပါဝင်နေပြီဖြစ်ပါကြောင်း၊ ကမ္ဘာပေါ်ရှိ လူဦးရေသန်း ၂၅၀ ကျော်သည် သမဝါယမလုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်းလျက်ရှိနေသည်ကိုတွေ့ရှိရပါကြောင်း။

သမဝါယမများကို ကမ္ဘာ့ကုလသမဂ္ဂဆိုင်ရာ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO) က မျက်စိဖြင့်မမြင်နိုင်၊ ကိုင်တွယ်ထိတွေ့၍ မရသော လူသားချင်းကိုယ်ချင်းစာနာမှုဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ်စာရင်း (List of intangible cultural heritage of humanity) တွင် ဖြည့်သွင်းသတ်မှတ်ခဲ့ပါကြောင်း၊ မညီမျှမှုများနှင့် ပဋိပက္ခ စိန်ခေါ်မှုများကို လျော့ပါးသက်သာစေရန် သမဝါယမများကလည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြု ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

မြန်မာ့သမဝါယမကဏ္ဍအနေဖြင့်လည်း ကျေးလက်နေ တောင်သူဦးကြီးများအား ငွေကြေးဆိုင်ရာ ထောက်ပံ့မှုများကို ထိရောက်စွာ လက်တွေ့ကျကျဆောင်ရွက်လျက်ရှိပြီး လက်ရှိရရှိထားသည့် အောင်မြင်မှုအရှိန်အဟုန်အတိုင်း ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း၊ သမဝါယမဦးစီးဌာနနှင့် သမဝါယမအသင်း အဆင့်ဆင့်တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် သမဝါယမအသင်းသား တောင်သူဦးကြီးများကို အသေးစားအရင်းအနှီးချေးငွေအဖြစ် ၂၀၁၆ ခုနှစ် ဇူလိုင်လတွင် ငွေကျပ် ၅၁၂ ဒသမ ၅၄၇ ဘီလီယံနှင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် ငွေကျပ် ၅၁၅ ဒသမ ၉၅၄ ဘီလီယံ၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း အရစ်ကျစနစ်ဖြင့် လယ်ယာသုံးစက်ကိရိယာမျိုးစုံ စီးရေ ၃၄၈၈ စီး၊ တန်ဖိုးငွေကျပ် ၂၅ ဒသမ ၄၅ ဘီလီယံနှင့် အဆင့်မြင့်စက်မှုလယ်ယာ ပြုပြင်ခြင်းတွင် ၃၅၇၂၈ ဒသမ ၇၇ ဧကအတွက် ချေးငွေကျပ် ၁၁ ဒသမ ၀၃၂ ဘီလီယံတို့ ထုတ်ချေးထားသည်ကို တွေ့ရှိရပါကြောင်း၊ သတ္တမအကြိမ်မြောက်အတွက် တာဝန်ကျေ ပြန်လည်ပေးဆပ်ပြီးသည့် စိုက်ပျိုးရေး သမဝါယမအသင်းသားများအတွက် အဌမအကြိမ်အဖြစ် ပေးအပ်မည့် ချေးငွေများကိုလည်း သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းရှိ သမဝါယမအသင်းသားများသို့ စနစ်တကျ အမြန်ဆုံးဆက်လက်ထုတ်ချေးပေးသွားရန် တိုက်တွန်းမှာကြားလိုပါကြောင်း၊ လယ်ယာကဏ္ဍမူဝါဒနှင့် လုပ်ငန်းစဉ်များမှာ သမဝါယမကဏ္ဍက ပါဝင်အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းသည်လည်း တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် အထောက်အကူပြုသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

ယခုနှစ် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ ဆောင်ပုဒ်နှင့်အညီ မြန်မာ့သမဝါယမ အဖွဲ့အစည်းအနေဖြင့်လည်း လူမျိုးရေး၊ ဘာသာရေး၊ လူမှုရေး၊ နိုင်ငံရေး၊ အမျိုးသားနှင့် အမျိုးသမီးရေးရာခွဲခြားမှုမရှိစေဘဲ သမဝါယမအသင်းသား ပြည်သူတစ်ဦးတစ်ယောက်မျှ နောက်ကျန်ခဲ့ခြင်းမျိုးမရှိစေဘဲ လူသားအားလုံးလွတ်လပ်စွာ ပူးပေါင်းပါဝင်စေပြီး သမဝါယမအောင်မြင်ရေး ပန်းတိုင်ဆီသို့ လက်တွဲညီညီအတူတကွလှမ်းကြပါစို့ဟု တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက အပြည်ပြည်ဆိုင်ရာသမဝါယမနေ့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဗဟိုသမဝါယမအသင်း အမှုဆောင်အဖွဲ့ဝင် ဒေါက်တာတိုးနန္ဒာတင်က အပြည်ပြည်ဆိုင်ရာသမဝါယမအဖွဲ့ချုပ်မှ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဒုတိယဝန်ကြီး ဦးလှကျော်နှင့် တာဝန်ရှိသူများက နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် သမဝါယမ အသင်းစုချုပ်များသို့ အသေးစားအရင်းအနှီးချေးငွေကျပ် ၅၂၉ ဒသမ ၅၃ ဘီလီယံ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ အရစ်ကျငွေချေးစနစ်ဖြင့် ရောင်းချထားသည့် လယ်ယာသုံးစက်ကိရိယာမျိုးစုံစီးရေ ၂၀၀၀ ကျော်အတွက် ပံ့ပိုးငွေကျပ် ၉ ဒသမ ၄၅ ဘီလီယံနှင့် လယ်ယာမြေအဆင့်မြှင့်တင်ရေးလုပ်ငန်း ဧက ၂၉၀၀၁ အတွက် ချေးငွေ ၈ ဒသမ ၅၉ ဘီလီယံတို့ကို ပေးအပ်ပြီး ကုန်ထုတ်လုပ်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍတို့တွင် စွမ်းဆောင်ရည် အကောင်းဆုံးဆုရရှိသည့်အသင်းများ၊ အမြင့်မားဆုံးစွမ်းဆောင်နိုင်သည့်အသင်းများ၊ စွမ်းဆောင်ရည်အကောင်းဆုံးမြို့နယ် ပထမ၊ ဒုတိယ၊ တတိယရရှိသူများနှင့် အကောင်းဆုံးပြခန်းများကို ဆုများပေးအပ်ကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

အပြည်ပြည်ဆိုင်ရာသမဝါယမအဖွဲ့ချုပ် (International Cooperative Alliance- ICA) ကို ၁၈၉၅ ခုနှစ်တွင် နိုင်ငံတကာတွင်ရှိသည့် သမဝါယမအသင်းများအချင်းချင်း ချစ်ကြည်ရင်းနှီးစွာ ပေါင်းသင်းဆက်ဆံရန်နှင့် စီးပွားရေးအားဖြင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာစေရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် ၁၉၂၃ ခုနှစ်မှစတင်၍ အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ကမ္ဘာတစ်ဝန်း နှစ်စဉ်ကျင်းပလာခဲ့ကြောင်း သိရသည်။

၁၉၉၄ ခုနှစ်တွင် ကျင်းပသည့် (၄၉)ကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံက နှစ်စဉ်ဇူလိုင်လ၏ ပထမစနေနေ့ကို အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အဖြစ် ဂုဏ်ပြုသတ်မှတ်ခဲ့သဖြင့် ကမ္ဘာအရပ်ရပ်တွင်ရှိသည့် သမဝါယမအဖွဲ့အစည်းများအနေဖြင့် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ အခမ်းအနားများကို နိုင်ငံအလိုက် နှစ်စဉ်ကျင်းပခဲ့ကြသည်။ **(သတင်းစဉ်)**



# ယခုနှစ် ပထမခြောက်လအတွင်း အန်ကောယဉ်ကျေးမှု အမွေအနှစ်ဒေသ ဝင်ငွေ အမေရိကန် ဒေါ်လာ ၅၂ ဒသမ ၁ သန်းရရှိ

**ဖနောင်ပင် ဇူလိုင် ၁**

ကမ္ဘောဒီးယားနိုင်ငံမှ အန်ကောရှေးဟောင်းယဉ်ကျေးမှု ဉယျာဉ်အတွင်းသို့ လာရောက်လေ့လာကြသည့် နိုင်ငံတကာ ခရီးသွားများအား ဝင်ရောက်ကြည့်ရှုခွင့်လက်မှတ်များ ရောင်းချရာမှ ရရှိသည့်ဝင်ငွေသည် ယခုနှစ်ပထမ ခြောက်လအတွင်း၌ အမေရိကန်ဒေါ်လာ ၅၂ ဒသမ ၁ သန်းရရှိခဲ့ပြီး ယမန်နှစ်အလားတူကာလအတွင်း ရခဲ့သောဝင်ငွေနှင့်နှိုင်းယှဉ်ပါက ၆၆ ဒသမ ၈ ရာခိုင်နှုန်း ပိုမိုခဲ့ကြောင်း အဆိုပါဒေသမှ ယနေ့ထုတ်ပြန်သည့် သတင်းကြေညာချက်အရသိရသည်။

ယခုနှစ် ဇန်နဝါရီလမှ ဇွန်လအတွင်း ယင်းရှေးဟောင်း ယဉ်ကျေးမှု အမွေအနှစ်ဒေသသို့ လာရောက်ခဲ့သည့် ခရီးသွားဦးရေပမာဏမှာ ယမန်နှစ် အလားတူကာလထက် ၁၂ ဒသမ ၉ ရာခိုင်နှုန်းပိုမိုခဲ့ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

အန်ကောရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသသို့ လာရောက်ခဲ့ကြသည့် နိုင်ငံတကာခရီးသွားများထဲတွင် အမေရိကန်၊ တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံများမှ ခရီးသွားများမှာ အများစုဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံ၏ အကျော်ကြားဆုံး ခရီးသွား ဒေသဖြစ်သည့် အန်ကောရှေးဟောင်းယဉ်ကျေးမှုဒေသသည် ယင်းနိုင်ငံ၏ အနောက်မြောက်ပိုင်း ဆီရမ်ရိပြည်နယ်၌ တည်ရှိပြီး ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုဆိုင်ရာအဖွဲ့(ယူနက်စကို)က ၁၉၉၂ ခုနှစ်တွင် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်ဒေသအဖြစ် သတ်မှတ်ခဲ့သည်။

**ရိုက်တာ။**

# အိန္ဒိယနိုင်ငံသား အကျဉ်းသားစာရင်း ပါကစ္စတန်ကလွှဲပြောင်းပေးအပ်

**အစ္စလာမ္မာဘတ် ဇူလိုင် ၁**

ရေလုပ်သား ၄၉၄ ဦးအပါအဝင် အိန္ဒိယနိုင်ငံသား အကျဉ်းသား ၅၄၆ ဦးတို့၏စာရင်းကို ပါကစ္စတန်နိုင်ငံ အစ္စလာမ္မာဘတ်မြို့ရှိ အိန္ဒိယနိုင်ငံသံရုံးသို့ ဇူလိုင် ၁ ရက်တွင် လွှဲပြောင်းပေးခဲ့ကြောင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

အိန္ဒိယနှင့် ပါကစ္စတန်နှစ်နိုင်ငံကြား ၂၀၀၈ ခုနှစ်အတွင်းက သဘောတူလက်မှတ်ရေးထိုးခဲ့သည့် ကောင်စစ်ရေးရာ သဘောတူညီချက်အရ ပါကစ္စတန်က အိန္ဒိယအကျဉ်းသားများစာရင်းကို ပေးအပ်ခဲ့ခြင်း ဖြစ်သည်။ ယင်းသဘောတူညီချက်အရ အိန္ဒိယနှင့်ပါကစ္စတန်နိုင်ငံတို့သည် ၎င်းတို့နှစ် နိုင်ငံတွင် ထိန်းသိမ်းထားသည့် အကျဉ်းသားများ၏ စာရင်းကို နှစ်စဉ် ဇန်နဝါရီ ၁ ရက်နှင့် ဇူလိုင် ၁ ရက်တို့တွင် အပြန်အလှန်ပေးအပ်ကြရမည် ဖြစ်သည်။

နယူးဒေလီမြို့ရှိ ပါကစ္စတန်သံရုံးထံသို့လည်း အိန္ဒိယနိုင်ငံက ပါကစ္စတန်နိုင်ငံသားအကျဉ်းသား များစာရင်းကို အလားတူ ပေးအပ်သွားမည်ဟု ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြသည်။

အကြမ်းဖက်မှုနှင့် ပတ်သက်သည့်စွပ်စွဲမှုများနှင့် နယ်စပ်ဖြတ်ကျော်တိုက်ခိုက်မှုငယ်များဖြစ်ပွားခဲ့မှု ကြောင့် အိန္ဒိယနှင့်ပါကစ္စတန်ကြား ဆက်ဆံရေး အခြေအနေမှာ အနိမ့်ဆုံးသို့ ကျဆင်းနေချိန်တွင် နှစ်နိုင်ငံအကျဉ်းသားစာရင်းများ အပြန်အလှန် လွှဲအပ်မှုပြုခဲ့ကြခြင်းဖြစ်သည်။

ဇူလိုင် ၁၀ ရက်တွင် အိန္ဒိယရေလုပ်သား ၇၇ ဦးနှင့် အရပ်သားအကျဉ်းသားတစ်ဦးတို့ကို ပြန်လွှတ်ပေးမည်ဟု ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

**ဆင်ဟွာ။**



# ပြုံယမ်း၏ နျူလက်နက်အစီအစဉ်ကိုထိန်းချုပ်ရန် စီးပွားရေးပိတ်ဆို့မှုများအပြင် ညှိနှိုင်းဆွေးနွေးပွဲများလုပ်သင့်

**ဆိုးလ် ဇူလိုင် ၁**

တောင်ကိုရီးယားသမ္မတ မွန်ဂျေးအင်က မြောက်ကိုရီးယား၏ နျူကလီးယား ဖွံ့ဖြိုးမှုအစီအစဉ်ကို ရပ်တန့်ပစ်ရန် ပြုံယမ်းကို စီးပွားရေးပိတ်ဆို့မှုများ ပြုလုပ်ခြင်းနှင့် ညှိနှိုင်းဆွေးနွေးပွဲများပြုလုပ်ရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

သမ္မတမွန်ဂျေးအင်က အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရန့်နှင့် တွေ့ဆုံပြီးနောက် ဝါရှင်တန်မြို့ရှိ အမေရိကန် မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေး သုခမိန်အဖွဲ့စင်တာ၌ မိန့်ခွန်းပြောကြားခဲ့စဉ် အထက်ပါအကြောင်းများကို ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံ၏ ရန်လိုသောအပြုအမူများကို ခက်ထန်မာကြောသောအသွင်ဖြင့် ပြန်လည်တုံ့ပြန်သင့်ပြီး တစ်ဖက်ကလည်း ခေါင်းဆောင်ကင်ဂျုံအန်နှင့် စကားဝိုင်းဆွေးနွေးပွဲများ လုပ်ဆောင်သင့်သည်ဟု သမ္မတမွန်ဂျေးအင်က ပြောကြားခဲ့သည်။ ခေါင်းဆောင်ကင်ဂျုံအန်သည် ပြုံယမ်း၏ နျူကလီးယားကိစ္စကို ရပ်တန့်ပစ်နိုင်သည့် တစ်ဦးတည်းသောသူဖြစ်ကြောင်း သမ္မတမွန်က ဆက်လက်ပြောကြားခဲ့သည်။

ထို့ပြင် တောင်ကိုရီးယားနိုင်ငံ၌ တပ်ဖြန့်ထားမည့် အမေရိကန်နိုင်ငံ၏ ဒုံးခွင်းဒုံး THAAD စနစ်၏ ပတ်ဝန်းကျင်ထိခိုက်မှု ရှိ၊ မရှိကို လေ့လာမည့်သူ၏အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်ကို ၎င်းအနေဖြင့် ထောက်ခံပါကြောင်းနှင့် နယ်မြေစမ်းသပ်စစ်ဆေးလေ့လာမှုသည် ယင်းစနစ်အပြည့်အစုံတပ်ဆင်နိုင်ရေးအတွက် နှောင့်နှေးနိုင်ဖွယ်ရှိကြောင်း သမ္မတ မွန်ဂျေးအင်က ဆိုသည်။

အဆိုပါကိစ္စရပ်နှင့်ပတ်သက်ပြီး အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံ၏ နှစ်နိုင်ငံဆက်ဆံရေးကို အနည်းငယ်ထိခိုက်နိုင်ဖွယ်ရှိသော်လည်း နှစ်နိုင်ငံ ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်တိုင်းကို ၎င်းအနေဖြင့် အလေးထားပါကြောင်း သမ္မတမွန်က ဆက်လက်ပြောကြားခဲ့သည်။

သမ္မတ ဒေါ်နယ်လ်ထရန့်နှင့်တွေ့ဆုံဆွေးနွေးပြီးနောက် သမ္မတ မွန်ဂျေးအင်က မြောက်ကိုရီးယားနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများ ထပ်မံပြုလုပ်မည့်အပြင် ဖိအားအများအပြားပေးမည့် အမေရိကန်၏ မူဝါဒကို သဘောတူညီခဲ့ကြောင်း သိရသည်။

သို့သော် နှစ်နိုင်ငံထိပ်သီးအစည်းအဝေးပွဲပြီးနောက် သမ္မတ မွန်ဂျေးအင်၏မိန့်ခွန်းတွင် ပြုံယမ်းကို မည်သို့ကိုင်တွယ်ထိန်းကျောင်းမလဲဆိုသည့် ကိစ္စရပ်နှင့်ပတ်သက်ပြီး အမေရိကန်နှင့် တောင်ကိုရီးယားနှစ်နိုင်ငံအကြား အနည်းငယ်ခြားနားမှုများရှိနေကြောင်း သံတမန်ရေးရာလေ့လာစောင့်ကြည့်သူများက ဆိုသည်။

**အင်န်အိတ်ချ်ကေ။**

# ယခုနှစ်အတွင်း နေရပ်သို့ပြန်လည်ထွက်ခွာသွားသော ဆီးရီးယားစစ်ဘေးရှောင်ဒုက္ခသည်အရေအတွက် ပိုမိုများပြားလျက်ရှိ

**ကုလသမဂ္ဂ ဇူလိုင် ၁**

ယခုနှစ်အတွင်း မိမိနေရပ်သို့ ပြန်လည်ထွက်ခွာသွားသော ဆီးရီးယားစစ်ဘေးရှောင် ဒုက္ခသည်အရေအတွက်သည် ယခင်နှစ်ကထက်ပိုမိုများပြားလျက် ရှိကြောင်း ကုလသမဂ္ဂတာဝန်ရှိသူများက ယနေ့ ပြောကြားသည်။

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ယခုနှစ်၏ပထမ နှစ်ဝက်အတွင်း စစ်ဘေးရှောင်ဒုက္ခသည်များ ဝင်ရောက်မှုနှင့် ထွက်ခွာသွားမှု၏ အရေအတွက်ကို ယနေ့ ထုတ်ပြန်ကြေညာခဲ့သည်။

ဆီးရီးယားနိုင်ငံမှ နေရပ်စွန့်ခွာလာသည့် ဒုက္ခသည်ဦးရေ ၄၄၀၀၀၀ ခန့်ရှိပြီး အခြားနိုင်ငံများမှ နေရပ်စွန့်ခွာကာ ဆီးရီးယားနိုင်ငံရှိ ၎င်းတို့၏ နေအိမ်များသို့ ပြန်လည်ထွက်ခွာသူဦးရေမှာ ၃၀၀၀၀ ကျော်ရှိကြောင်း သိရသည်။

အလက်ပိုမြို့အပါအဝင် အခြားသောဒေသများသို့ ပြန်လည်ထွက်ခွာသွားကြသည့် ဒုက္ခသည်များသည် မိသားစုဝင်များကို ရှာဖွေရန်နှင့် ပိုင်ဆိုင်မှုများ ပြန်လည်ရရှိရန် ရည်ရွယ်ကာ ၎င်းတို့နေရပ်သို့ ပြန်လည်ထွက်ခွာခဲ့ကြခြင်းဖြစ်သည်။

သို့သော် ဆီးရီးယားနိုင်ငံမှ နေရပ်စွန့်ခွာလာသည့် စစ်ဘေးရှောင် ဒုက္ခသည်အရေအတွက်မှာ ၁၀ သန်းကျော်ရှိနေသေးကြောင်းနှင့် ဉရောပနိုင်ငံများသို့ ရေလမ်းခရီးမှ သွားရောက်ကြသည့် စစ်ဘေးရှောင်ဒုက္ခသည်များ၏ အရေအတွက်မှာလည်း တစ်နေ့တခြား လျော့နည်းသွားခြင်းမရှိကြောင်း ကုလသမဂ္ဂတာဝန်ရှိသူများက ဆိုသည်။

ယခုအချိန်တွင် ဆီးရီးယားနိုင်ငံအတွင်း အစ္စလာမ္မစ်စစ်သွေးကြွအဖွဲ့က သိမ်းပိုက်ထားသည့် ရက်ကာမြို့ကို ပြန်လည်ရယူရန် ဆီးရီးယားတပ်မတော်အနေဖြင့် ကြိုးစားတိုက်ခိုက်ချေမှုန်းလျက်ရှိသည်။

ဆီးရီးယားနိုင်ငံ၏ အခြားနေရာများတွင်လည်း ဆီးရီးယားတပ်မတော်၊ စစ်သွေးကြွအဖွဲ့အား ဆန့်ကျင်သည့်အမေရိကန်တပ်ဖွဲ့နှင့် စစ်သွေးကြွအဖွဲ့တို့အကြား ပြင်းထန်သောတိုက်ပွဲများ နေ့စဉ်ဖြစ်ပွားလျက်ရှိသည်။

စစ်ဘေးရှောင် ဒုက္ခသည်များအတွက် လုံခြုံရေးနှင့် အခြေခံအဆောက်အအုံများ ပြန်လည်တည်ဆောက်ရေးအပြင် ပညာရေးနှင့်ဆေးဝါး ထောက်ပံ့ရေးအတွက် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက နိုင်ငံတကာအကူအညီများ တောင်းခံထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**



# ကျောင်းသား၊ ဆရာ၊ မိဘ ဟန်ချက်ညီမှသာ ကျောင်းသားသည် ပညာတတ်၍ အနာဂတ်လှပမည်ဖြစ်

**နေပြည်တော် ဇူလိုင် ၁**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများမှ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများ၊ အောင်ချက်အကောင်းဆုံးကျောင်းများအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ဖြူးမြို့နယ် မြို့နယ်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း တက်ရောက်အမှာစကားပြောကြားသည်။**(ယာပုံ)**

ရှေးဦးစွာ ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဖြူးမြို့နယ်အောင်ချက်ကို လေ့လာရာတွင် ၅၀ ရာခိုင်နှုန်းခန့်သည် အပြင်ဖြေများဖြစ်ပါကြောင်း၊ မြို့နယ်၏ အောင်ချက်မြင့်မားရေးသာမက ပညာရေးနယ်ပယ်တွင် လိုအပ်သည့်ကိစ္စတစ်ခုကို ဖြည့်ဆည်းပေးနေသည့်ကိစ္စတစ်ခုဖြစ်၍ ကိုယ်ပိုင်ကျောင်းများမှ ကျောင်းအုပ်ဆရာ ဆရာမများနှင့် သက်ဆိုင်ရာ ဆရာ ဆရာမများကို ဂုဏ်ပြုစကားပြောကြားလိုပါကြောင်း။

ပညာရေးစနစ်ပြောင်းလဲခြင်းသည် ကောင်းမွန်သောကိစ္စတစ်ခုဖြစ်ပါကြောင်း၊ ပညာရေးစနစ်များ မည်သို့ပင်ပြောင်းလဲသော်လည်း ပညာရေးတွင် အဓိကအရေးကြီးဆုံးမှာ ကျောင်းသား၊ မိဘနှင့်ဆရာများဖြစ်ကြောင်း၊ ကျောင်းသားက ကျောင်းသွား၍ ဆရာက တတ်အောင်သင်ပြီး မိဘက ကျောင်းတွင် ဘာတွေသင်ကြားနေသည်၊ သင်ခန်းစာများကို ဘယ်လောက်နားလည်သဘောပေါက်သည်ဆိုသည်ကို လေ့လာအကဲခတ်ရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ကျောင်းသား၊ ဆရာ၊ မိဘ ဟန်ချက်ညီမှသာ ကျောင်းသားသည် ပညာတတ်၍ အနာဂတ်လှပမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် ဖြူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းညွန့်တို့က အမှာစကားပြောကြားသည်။

ယင်းနောက် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ရာ ငါးဘာသာဂုဏ်ထူးရှင် ကျောင်းသား သုံးဦးအား ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက လည်းကောင်း၊ လေးဘာသာ ဂုဏ်ထူးရှင် ၁၄ ဦးကိုယ်စား ကျောင်းသား ကျောင်းသူသုံးဦးအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဦးမောင်မောင်လွင်က လည်းကောင်း၊ သုံးဘာသာဂုဏ်ထူးရှင် ၁၉ ဦးကိုယ်စား ကျောင်းသား ကျောင်းသူသုံးဦးအား တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးကြည်ဇင်တို့က လည်းကောင်း၊ နှစ်ဘာသာ ဂုဏ်ထူးရှင် ၃၅ ဦးကိုယ်စား ကျောင်းသား ကျောင်းသူသုံးဦးအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းညွန့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြသောင်းတို့က လည်းကောင်း၊ တစ်ဘာသာ ဂုဏ်ထူးရှင် ၁၆၂ ဦးကိုယ်စား ကျောင်းသား ကျောင်းသူ သုံးဦးအား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမင်းဦးနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသက်စိန်တို့က လည်းကောင်း ဆုများချီးမြှင့်ကြသည်။

ထို့နောက် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံးကျောင်းများအား ဆုချီးမြှင့်ရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်နွယ်နီဝင်းနှင့် တိုင်းဒေသကြီး ပညာရေးမှူးတို့က ပထမဆုရရှိသော အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း (ဇေယျဝတီ)၊ ဒုတိယဆုရရှိသော အခြေခံပညာအထက်တန်းကျောင်းခွဲ(ဖြူး)၊ တတိယဆုရရှိသော အခြေခံပညာအထက်တန်းကျောင်း(ညောင်ပင်သာ) ကျောင်းများမှ ကျောင်းအုပ်ကြီးများအား ဆုများချီးမြှင့်သည်။

ယင်းနောက် ဖြူးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းနှင့် အခြေခံပညာ မူလတန်းကျောင်း ၂၂၃ ကျောင်းမှ ကျောင်းအုပ်ဆရာ ဆရာမကြီးများအား တောင်ငူခရိုင် ဒုတိယအုပ်ချုပ်ရေးမှူးက ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဖြူးမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ငါးဘာသာဂုဏ်ထူးရှင် မောင်ဇေမျိုးပိုင်က ဂုဏ်ထူးရကျောင်းသား ကျောင်းသူများကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဖြူးမြို့နယ် အောင်ချက်အကောင်းဆုံးဆုရ အထက(ညောင်ပင်သာ)မှ ကျောင်းအုပ်ဆရာကြီး ဦးစိုးလှိုင်က ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွင်း အောင်ချက်မြင့်မားရေးအတွက် ပညာရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ဖြူးမြို့နယ်ပညာရေးမှူးက ရှင်းလင်းတင်ပြပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက ပညာရည်ချွန်ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အလှူရှင်တစ်ဦးဖြစ်သူ Steel Stone Group ဥက္ကဋ္ဌ ဦးသန်းလွင်က ဖြူးမြို့နယ် ပညာရေးမြှင့်တင်မှုကော်မတီသို့ အလှူငွေပေးအပ်သည်။

ထို့နောက် ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းက နိဂုံးချုပ်စကားပြောကြားပြီး ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီး လိုက်လံတွေ့ဆုံနှုတ်ဆက်သည်။

**(သတင်းစဉ်)**





**စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် နှောကူးတို့ရွာတွင် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှ အလယ်တန်းကျောင်းအဆင့်တိုးမြှင့်ပွဲကို ဇွန်လတတိယပတ်ကပြုလုပ်ရာ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသိန်းနိုင်နှင့် ဦးစောမောင်၊ မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ထွန်းနှင့် မြို့နယ်ပညာရေးမှူး ဦးအောင်မြင့်သန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။**

အောင်သီဟ(ဆားလင်းကြီး)

# မောင်တောခရိုင်အတွင်း ကျောင်းပေါင်း ၁၂ ကျောင်း အဆင့်မြှင့်တင်

**မောင်တော ဇူလိုင် ၁**

မောင်တောခရိုင်အတွင်း ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ကျောင်းပေါင်း ၁၂ ကျောင်းကို အဆင့်မြှင့်တင်ပေးနိုင်ခဲ့ကြောင်း သိရသည်။ "ကျောင်းတွေမှာ ကျောင်းသားအရေအတွက်များပြားလာတာနဲ့အမျှ ကျောင်းတွေကိုလည်း အဆင့်မြှင့်တင်ပေးရပါတယ်။ ဒီနှစ်မှာတော့ ကျွန်တော်တို့ မောင်တောခရိုင်မှာ ကျောင်းပေါင်း ၁၂ ကျောင်းကို အဆင့်မြှင့်တင်ပေးခဲ့ပါတယ်။ ဒီလိုအဆင့်မြှင့်တင်ပေးလိုက်တဲ့အတွက် ဒေသအတွင်း ပညာရေးဖွံ့ဖြိုးတိုးတက်ရေးကလည်း အားကောင်းလာမှာဖြစ်ပါတယ်" ဟု မောင်တောခရိုင် ပညာရေးမှူး ဦးအုန်းမြင့်က ပြောသည်။

၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွင်း မောင်တောမြို့နယ်တွင် အမကမှ မူလတန်းလွန် တစ်ကျောင်း၊ အထကခွဲမှ အထကအဖြစ်သို့ တစ်ကျောင်း စုစုပေါင်းကျောင်း နှစ်ကျောင်းအဆင့်မြှင့်တင်ပေးနိုင်ခဲ့သည်။

အလားတူ ဘူးသီးတောင်မြို့နယ်တွင် ကိုယ့်အားကိုယ်ကိုး အမကမှ အမကခွဲအဖြစ်သို့ နှစ်ကျောင်း၊ အမကခွဲမှ အမကအဖြစ်သို့ တစ်ကျောင်း၊ အမကမှမူလတန်းလွန်အဖြစ်သို့ တစ်ကျောင်း၊ မူလတန်းလွန်မှ အလကခွဲအဖြစ်သို့ နှစ်ကျောင်း၊ အလကခွဲမှ အလကသို့ နှစ်ကျောင်း၊ အထကခွဲမှ အထကအဖြစ်သို့ နှစ်ကျောင်း စုစုပေါင်းဘူးသီးတောင်မြို့နယ်တွင် ကျောင်းပေါင်း ၁၀ ကျောင်း အဆင့်မြှင့်တင်ပေးနိုင်ခဲ့သည်။

တစ်ခရိုင်လုံးအနေဖြင့် မူလတန်းကျောင်းခွဲ နှစ်ကျောင်း၊ အမက တစ်ကျောင်း၊ မူလတန်းလွန် နှစ်ကျောင်း၊ အလကခွဲ နှစ်ကျောင်း၊ အလက နှစ်ကျောင်း၊ အထက သုံးကျောင်း စုစုပေါင်းကျောင်းပေါင်း ၁၂ ကျောင်း အဆင့်မြှင့်တင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး၊**
**အောင်ကျော်ဦး**
**ဓာတ်ပုံ-သက္က**



# ထူးချွန်သူ အယောက် ၂၀ ကို ဂုဏ်ပြုဆုချီးမြှင့်

**မအူပင် ဇူလိုင် ၁**

၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဂုဏ်ထူးရသူ အယောက် ၂၀ အား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုဆုတံဆိပ် ချီးမြှင့်ခြင်းအခမ်းအနားကို မအူပင်မြို့နယ် လေးအိမ်စုကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း၌ ဇူလိုင် ၁ ရက်က ကျင်းပရာ လေးအိမ်စုမင်္ဂလာအသင်းဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တ သာရက ဩဝါဒစကားမြွက်ကြားပြီး မအူပင်မြို့နယ် ပညာရေးမှူး ဒေါ်သင်းသင်းမြိုင်နှင့် အထက(၁)မအူပင် ကျောင်းအုပ်ဆရာကြီး ဦးသိန်းထွန်း၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဆရာခြင်ကျား(မအူပင်)၊ အလှူရှင် Jade ဦးခင်ထွန်းနှင့် အထက(လေးအိမ်စု) ကျောင်းအုပ်ဆရာမကြီး ဒေါ်ငြိမ်းမြင့်တို့က ချီးမြှင့်စကား ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက သုံးဘာသာဂုဏ်ထူးရှင် သုံးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ငါးဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၁၂ ဦးတို့အား ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးခဲ့ပြီး သီးခြားချီးမြှင့်မှုအနေဖြင့် မြန်မာစာဂုဏ်ထူးရှင် တစ်ဦးနှင့် မြန်မာဘာသာရပ်သင် ဆရာမတစ်ဦးတို့အား တလုတ်လပ်အရှေ့ကျေးရွာအခြေစိုက် အန္တိုင်းမဲ့နာရေးကူညီမှုအသင်း နာယက ဦးဇော်ဝေနှင့် Jade ဦးခင်ထွန်းမိသားစုတို့က ရွှေလက်စွပ်တစ်ကွင်းစီ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။



**(သပြေထွန်း)**




# ရဲညွန့်(မော်ကွန်း)

ကျောင်းများတွင် ငယ်စဉ်က မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေးအတွက် နိုင်ငံတော်သီချင်းကို နေ့စဉ်သီဆိုခဲ့ရပါသည်။ အားကစားပြိုင်ပွဲများတွင် အနိုင်ရ၍ နိုင်ငံတော်သီချင်း ထုတ်လွှင့်စဉ် အချိန်တိုင်းတွင်လည်း ကြက်သီးမွေးညှင်းထပြီး မျက်ရည်ကျလောက်အောင် ပီတိဖြစ်ခဲ့မိပါသည်။ ၂၀၁၆ ရီယို အိုလံပစ်အားကစားပြိုင်ပွဲတွင်လည်း မြန်မာနိုင်ငံတော်သီချင်း (ကမ္ဘာမကျေ) အား ဒုတိယအံ့ဖွယ် အကောင်းဆုံးသီချင်းအဖြစ် ရွေးချယ်သတ်မှတ်ခံခဲ့ရပါသည်။ သို့သော် ရုပ်ရှင်ရုံများတွင် လူအချို့သည် နိုင်ငံတော်သီချင်းသံကြားလျှင် မတ်တတ်ရပ်ပြီး အရိုအသေပြု ဦးညွှတ်ရကောင်းမှန်း မသိအောင်ဖြစ်နေသည်ကို မြင်တွေ့ရပါ၍ များစွာ စိတ်မကောင်း ဖြစ်မိပါသဖြင့် နိုင်ငံတော်သီချင်းဖြစ်ပေါ်လာပုံကို မှတ်တမ်းများအရ တင်ပြလိုက်ပါသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရခါနီးအချိန် ၁၉၄၇ ခုနှစ် ဇွန်လ ၁၈ ရက်နေ့တွင် ဥက္ကဋ္ဌသခင်နုနှင့် ဗိုလ်ချုပ်အောင်ဆန်းတို့ပါဝင်၍ မြန်မာနိုင်ငံတော် တိုင်းပြည်ပြုလွှတ်တော် ဆဋ္ဌမအကြိမ် အစည်းအဝေးမှ နိုင်ငံတော်အလံ၊ နိုင်ငံတော်သီချင်း၊ နိုင်ငံတော်တံဆိပ်များအတွက် စဉ်းစားထောက်ခံရေးကော်မတီခန့်ထားရေးအတွက် အောက်ပါ လွှတ်တော်အမတ်များ ပါဝင်သည့်အဖွဲ့အား ဖွဲ့စည်းခဲ့ပါသည်-

၁။ ဦးဘချို (သဘာပတိ)
၂။ ဦးအောင်ဇံဝေ
၃။ ဗိုလ်မှူးအောင်
၄။ မွန်ထွန်းရင်
၅။ ဗိုလ်အောင်ကြီး
၆။ ဒေါ်ခင်လှ
၇။ ဆရာလှမင်း
၈။ မိုင်းပွန်စော်ဘွားကြီး
၉။ ဒူဝါဇော်လွမ်
၁၀။ ဦးဝမ်ကိုဟန်

သဘာပတိအဖြစ် တူရိယာဂီတပညာရှင်များအားထားရာ တူရိယာပညာ၏ ဖခင်ဟုခေါ်လောက်သော ပြန်ကြားရေးဝန်ကြီး ဦးဘချိုအား ထားရှိရန် ဗိုလ်ချုပ်အောင်ဆန်းက အကြံပြုခဲ့ပါသည်။ လွှတ်တော်ဆုံးဖြတ်ချက်အရ အထက်ပါကော်မတီတွင် လွှတ်တော်အမတ်မဟုတ်သော လုပ်ငန်းကျွမ်းကျင်သည့် ပညာရှင်များဖြစ်သည့် ပန်းချီဆရာ ဦးငွေကိုင်နှင့် ဦးအုန်းလွင်၊ ဂီတဘက်ဆိုင်ရာ ဦးဘသန်းနှင့် ဒဂုန်ဆရာတင်၊ အသံလွှင့်ဌာနခွဲဆိုင်ရာ ဦးခင်ဇော်နှင့် ဦးထင်ဖတ်တို့ ခြောက်ဦးကိုအဖွဲ့ဝင်များအဖြစ် ထပ်မံဖြည့်စွက်ခဲ့ပါသည်။ တိုင်းပြည်ပြုလွှတ်တော် ဒုတိယအတွင်းဝန် ဦးစိန်၊ လက်ထောက်အတွင်းဝန် ဦးဘသောင်းတို့က အတွင်းရေးမှူးများအဖြစ် ဆောင်ရွက်ခဲ့ကြပါသည်။ ဦးဘချိုနှင့် မိုင်းပွန်စော်ဘွားကြီးတို့ကျဆုံးသောအချိန်တွင် သခင်တင်နှင့် မိုးမိတ်စော်ဘွားကြီးအား ပြောင်းလဲခန့်အပ်ခဲ့ပါသည်။

နိုင်ငံတော်အလံသီချင်းနှင့် တံဆိပ်ကော်မတီသည် အစည်းအဝေး ရှစ်ကြိမ်၊ ဆပ်ကော်မတီအစည်းအဝေး လေးကြိမ်ကျင်းပခဲ့ပြီး ကော်မတီမှ ပြဋ္ဌာန်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) တိုင်းရင်းသားအားလုံးတို့ လက်ခံနိုင်သည့် နိုင်ငံတော်သီချင်းဖြစ်ရန်။
(ခ) တိုင်းရင်းသားအားလုံးတို့၏ စိတ်ဓာတ်ကို ထူးခြားစွာ တက်ကြွစေနိုင်မည့် စကားသားနှင့် အသံအသွားအလာဖြစ်ရန်။
(ဂ) ကာလပေါ် သီချင်းများနှင့် ကွဲပြားခြားနားသည့် သီချင်းဖြစ်စေရန်။
(ဃ) ၎င်းသီချင်းများမှာ တစ်မိနစ်ခွဲနှင့် နှစ်မိနစ်အတွင်း ပြီးဆုံးစေရန်။ ထို့အပြင် သီချင်းစာသားများ ရှာဖွေရာတွင် အောက်ပါအချက်တို့လည်း ပါရှိရန် ပြဋ္ဌာန်းသတ်မှတ်ပေးပါသည်-
  (၁) ဤနိုင်ငံသည် ငါတို့ပြည်ထောင်စုနိုင်ငံ ဖြစ်သည်။
  (၂) ဤနိုင်ငံသည် ငါတို့၏ဇာတိ၊ ငါတို့၏ အိုးအိမ်၊ ခြံမြေတည်ရာ ငါတို့၏ ခေါင်းချရာ အရပ်။
  (၃) ဤနိုင်ငံကို ငါတို့ချစ်ခင်လေးမြတ်သည်။
  (၄) လက်ရုံး(ရာထောင်) နှလုံး (ရာထောင်) သုံး၍ အသက်စွန့်ကာ ကာကွယ်မည်။
  (၅) ဤနိုင်ငံ၏ ဂုဏ်ကျက်သရေ၊ ဘုန်းတန်ခိုး တေဇာ(အာဏာ)ကို နေဝန်းကဲ့သို့ ထွန်း(လင်း)တောက်(ပ)အောင် စွမ်းဆောင်မည်။
  (၆) ငါတို့တိုင်းရင်းသား တစည်းတလုံးတည်း ဖြစ်သည်။
  (၇) နိုင်ငံတော်အမြဲတည်တံ့အောင် စွမ်းဆောင်မည်။

နိုင်ငံတော်သီချင်းမှာ အထက်ဖော်ပြပါ စည်းကမ်းချက်များနှင့် ညီညွတ်ရမည်ဖြစ်သောကြောင့် ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် မလွယ်ကူကြောင်း တွေ့ရပါသည်။

မြန်မာနိုင်ငံ တူရိယာဂီတအဖွဲ့ချုပ် ကိုယ်စားလှယ်များဖြစ်သည့် ဦးဘသန်းနှင့် ဒဂုန်ဆရာတင်အဖွဲ့ဝင်များက ရေးသားတင်ပြသော သီချင်း ၁၂ ပုဒ်အား စစ်ဆေးစိစစ်ပါသည်။ သို့သော် ကျေနပ်ဖွယ်မရရှိသေးသဖြင့် ပိုမိုကောင်းမွန်သော သီချင်းရရှိစေရန် မြန်မာနိုင်ငံတူရိယာဂီတအဖွဲ့ချုပ်ကြီးအား ရေးသားသီကုံး၍ ကြီးကြပ်ပြင်ဆင်ပေးရန် ဖိတ်ကြားခဲ့ပါသည်။

သဘာပတိက နိုင်ငံတော်သီချင်းအတွက် ထိုစဉ်က အမျိုးသားသီချင်းအဖြစ် သုံးစွဲလျက်ရှိသော တို့ဗမာအစည်းအရုံးသီချင်း၏ သံစဉ်အသွားအလာကို လူများ ကြိုက်နှစ်သက်သုံးစွဲနေသောကြောင့် ထိုသီချင်း၏ သံစဉ်အသွားအလာကိုယူ၍ ပြည်ထောင်စုနိုင်ငံတော်သဘောနှင့် ဆီလျော်သော စာသားများကို ထည့်သွင်းသင့်ကြောင်း ပြောဆိုရာ ကော်မတီမှ သင့်လျော်ကြောင်း ဆုံးဖြတ်ခဲ့သည်။ ထို့နောက် စာသားများ ရှာဖွေရန် ဦးခင်ဇော်နှင့် တူရိယာဂီတအဖွဲ့ချုပ်ကိုယ်စား ဒဂုန်ဆရာတင်တို့အား ကော်မတီက တာဝန်ပေးအပ်ခဲ့ပါသည်။

၁၉၄၇ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့တွင် ကျင်းပသော လွှတ်တော်အစည်းအဝေး၌ အောက်ဖော်ပြပါ နိုင်ငံတော်သီချင်းနှင့် စာသားအပြည့်အစုံကို ဆရာတင်က တင်ပြပါသည်။ ယင်းသီချင်းကို တူရိယာနှင့် သီဆိုတီးမှုတ်ပြနိုင်ရန်အတွက် လွှတ်တော်အစည်းအဝေးကို တစ်လွှတ်တော်လုံး ကော်မတီအစည်းအဝေးအဖြစ် ပြောင်းလဲကျင်းပပါသည်။ ဝန်ကြီးချုပ်နှင့်တကွ ကော်မတီအဖွဲ့ဝင်အားလုံးက နားထောင်လက်ခံခဲ့ပါသည်။

သီချင်းစာသားမှာ-

အမျိုးသားရေး၊ ကြိုးပမ်းစို့လေ၊ ဒို့ပြေ-ဟေ့-ဒို့မြေ။ အရှေ့ကနေဝန်း ထွန်းသစ်စပုံသို့၊ ဒို့ဆောင်သမျှ အောင်ရမည်မှာ မလွဲပေ။ ဒို့ပြေ၊ ဟေ့-ဒို့မြေ။ ဒို့ပြည်ထောင်စုပေ။ ဒို့တတွေရဲ့ပြေ၊ ဒို့တတွေရဲ့မြေ၊ တိုင်းရင်းသားအမွေ။

(ကမ္ဘာမကျေ၊ မြန်မာပြည်၊ ဒို့ ဘိုးဘွား အမွေစစ်မို့၊ ချစ်မြတ်နိုးပေ)၂ ။

ဒါဒို့မြေ၊ ဒါဒို့ပြေ၊ ဒို့ကိုယ်ပိုင်မြေ။ ဒို့ဘိုးဘွားအမွေစစ်မို့ ချစ်မြတ်နိုးပေ။ ဒို့ပြေ၊ ဒို့မြေ၊ အကျိုးကို ကာကွယ်သည်ပိုးမလေ၊ ဒို့ပြည်ထောင်စုအမွေ။ အဘိုးတန် ဤမြေ၊ ဒို့ တာဝန်ပေ။

၁၉၄၇ ခုနှစ် စက်တင်ဘာလ ၂၂ ရက်နေ့တွင် ကျင်းပသည့် မြန်မာနိုင်ငံတော် တိုင်းပြည်ပြု လွှတ်တော်တတိယညီလာခံ၏ ဆဋ္ဌမအကြိမ်မြောက် အစည်းအဝေးတွင် သခင်တင် တင်သွင်းထားသည့် သီချင်းသွားကို ဦးခင်မောင်ကလေး (မန္တလေးမြို့မ အနောက်တောင်ပိုင်း)က မြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရည်ရွယ်ချက်နှင့် ကိုက်ညီရန် တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းများပါဝင်ပြီး တစ်ဦးတစ်ယောက် လွတ်လပ်ခြင်းသည် ကျန်လူပေါင်းများစွာ မလွတ်လပ်ခြင်းမျိုး မဖြစ်စေဘဲ အများသူငါ ငြိမ်းချမ်း၍ သာတူညီမျှအခွင့်အရေးရရှိရမည်ဆိုသော အဓိပ္ပာယ်စာသားများပါအောင် ပြင်ဆင်ချက်တင်သွင်းပြီး ဦးခင်မောင်ကလေးနှင့် ဦးတင်(မြန်အောင်)တို့က အောက်ပါအတိုင်း နိုင်ငံတော်သီချင်းအား သီဆိုပြ၍ ဝန်ကြီးချုပ်နှင့် ကော်မတီအဖွဲ့ဝင်များမှ နားဆင်ပြီး လက်ခံအတည်ပြုခဲ့သည်။

နိုင်ငံတော်သီချင်းမှာ-

"တရားမျှတ၊ လွတ်လပ်ခြင်းနဲ့မသွေ၊ ဒို့ပြေ၊ ဒို့မြေ၊ များလူခပ်သိမ်း၊ ငြိမ်းချမ်းစေဖို့ ခွင့်တူညီမျှ၊ ဝါဒဖြူစင်တဲ့ပြေ၊ ဒို့ပြေ၊ ဒို့မြေ။ ပြည်ထောင်စုအမွေ အမြဲတည်တံ့စေ၊ အဓိဋ္ဌာန်ပြုပေ၊ ထိန်းသိမ်းစို့လေ။

(ကမ္ဘာမကျေ၊ ဗမာပြေ၊ ဒို့ဘိုးဘွားအမွေစစ်မို့၊ ချစ်မြတ်နိုးပေ)၂

ပြည်ထောင်စုကို အသက်ပေးလို့ ဒို့ကာကွယ်မလေ၊ ဒါဒို့ပြေ။ ဒါဒို့မြေ၊ ဒို့ပိုင်နက်မြေ။ ဒို့ပြေ၊ ဒို့မြေ အကျိုးကို ညီညာစွာ၊ ဒို့တတွေ၊ ထမ်းဆောင်ပါစို့လေ၊ ဒို့တာဝန်ပေ၊ အဘိုးတန်မြေ။

၁၉၄၇ ခုနှစ် စက်တင်ဘာလ ၂၂ ရက်နေ့တွင် ကျင်းပသော မြန်မာနိုင်ငံတော် တိုင်းပြည်ပြုလွှတ်တော် တတိယညီလာခံ ဆဋ္ဌမအကြိမ် အစည်းအဝေးတွင် နိုင်ငံတော်သီချင်းအား လွှတ်တော်မှ သဘောတူအတည်ပြုခဲ့သည်။ နိုင်ငံတော်သီချင်း ပေါ်ပေါက်လာပုံမှာ လွယ်ကူစွာ ဖြစ်ပေါ်လာခြင်းမျိုးမဟုတ်ဘဲ နိုင်ငံ့ခေါင်းဆောင်ကြီးများ၊ အသိပညာ၊ အတတ်ပညာရှင်များ စုပေါင်းရေးသားခဲ့ပြီး လွှတ်တော်အဆင့်ဆင့်တွင် တင်ပြကာ အတည်ပြုဆောင်ရွက်ခဲ့ရာမှ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ပါသည်။ ကမ္ဘာမကျေသမျှ ကာလပတ်လုံး ကျွန်တော်တို့ တိုင်းရင်းသားညီအစ်ကိုများ ဤမြေတွင် အဓွန့်ရှည်စွာ လက်တွဲနေထိုင်ရမည့် ပြည်ထောင်စုအမွေဖြစ်ကြောင်း စိတ်တွင်စွဲမြဲဖို့ လိုအပ်လှပေသည်။ မြန်မာနိုင်ငံသားများ မျိုးချစ်စိတ်ဓာတ်ရှင်သန်နိုးကြွစေရန်နှင့် နိုင်ငံတော်သီချင်းကို တန်ဖိုးထားလေးစားစေရန်ရည်ရွယ်၍ တင်ပြလိုက်ရပါသည်။ ။

## ပန်းတစ်ခင်း စမ်းတစ်စင်းရယ်နဲ့

❀ စိတ်ကူးရယ်ချိုချို
ပန်းကိုလို ပန်းကိုပျိုး၊
စံနမူ မြတ်နလုံး
အပြုံးကွပ်ရီး။
❀ မွှေးမွှေးရယ် ကြူကြူ
လေယူရာ ကြည်ကြည်မွေ့၊
ပန်းကိုခင် ပန်းကိုစိုက်
ပန်းကြိုက်သူတွေ့။
❀ ပန်းဖြေရယ် ဖုံဖုံ
ပန်းရိပ်မြုံ ရောင်စုံခင်း၊
ပြုံးအစဉ် မေတ္တာဖွဲ့
လှတဲ့မြင်ကွင်း။
❀ ပန်းလေပြည် ချိုချိုမွှေး
ဆိုဆိုတေး သံသာစဉ်
ပန်းရိပ်လွင်ပြင်။
ပန်းတစ်ခင်းရယ်နဲ့
စမ်းတစ်စင်း စီးသံလွင်
တူပျော်ယှဉ် အေးရိပ်ပွား၊
ဒေသမြေပေါ်မှာဖြင့်
အခြေချနေပျော်ပါလို့
သွေးချင်းဖော် ချစ်ပြုံးပန်းတွေနဲ့
(အလိုကွယ်) ငြိမ်းချမ်းစေသား။ ။

(ဖိုလေးလုံး သောင်းကိုကို)

# အရပ်ဘက်အဖွဲ့အစည်းများဖိုရမ် ကျင်းပရေးကော်မတီသစ်ဖွဲ့စည်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပြည်သူများ၏အသံ ပိုမိုပါဝင်ရန်လိုအပ်

**ရန်ကုန် ဇူလိုင် ၁**

ပထမအကြိမ်ဖွဲ့စည်းခဲ့သည့် အရပ်ဘက်အဖွဲ့အစည်းများ (CSO)ဖိုရမ်ကျင်းပရေးကော်မတီ လုပ်ငန်းတာဝန်လွှဲပြောင်းခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များဆွေးနွေးခြင်း အရပ်ဘက်အဖွဲ့အစည်းများဖိုရမ် အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၂၉ ရက်မှ ၃၀ ရက်အထိ ရန်ကုန်မြို့ YMCA ခန်းမ၌ ကျင်းပခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အရပ်ဘက်အဖွဲ့အစည်းများမှ CSO ကိုယ်စားလှယ် ၂၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

ငါးရက်တာကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲတွင် လုပ်ငန်းကော်မတီသစ် ရွေးချယ်ခြင်း၊ ပထမအကြိမ် ဖွဲ့စည်းထားသည့် ကော်မတီ၏ လုပ်ငန်းစဉ်များလွှဲပြောင်းပေးအပ်ခြင်းနှင့် အရပ်ဘက်အဖွဲ့အစည်းများဖိုရမ်၏ လုပ်ငန်းလမ်းညွှန် (TOR) ရေးဆွဲခြင်းတို့ကို ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

ပထမအကြိမ် အရပ်ဘက်အဖွဲ့အစည်းများ ဖြစ်မြောက်ရေးကော်မတီ တာဝန်ခံ ဦးသွင်လင်းအောင်က "ပြီးခဲ့တဲ့ အရပ်ဘက်အဖွဲ့အစည်းများဖိုရမ်မှာ ကျွန်တော်တို့တွေက စာတမ်းတွေ မတင်နိုင်ခဲ့ဘူး။ ကျွန်တော်တို့က ဒေသအလိုက်၊ လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေလို ဘောင်နဲ့ လုပ်ရတာမဟုတ်ဘူး။ အရပ်ဘက်အဖွဲ့အစည်းက တစ်ပြည်လုံးမှာရှိနေတယ်။ တစ်ပြည်လုံးမှာ ဖြန့်လုပ်ရတဲ့အခါကျတော့ အချိန်ယူရတယ်။ အားလုံးမပါဝင်နိုင်ခဲ့ရင် လုပ်ငန်းစဉ်ကလည်း မကျေနပ်မှုတွေရှိနိုင်တယ်။ အချိန်ကိုမြန်လို့မရတော့ လုပ်ငန်းစဉ်ညှိတဲ့ဖိုရမ် တစ်ခုကိုပဲလုပ်နိုင်ခဲ့တယ်။ ဒါကြောင့် လုပ်ငန်းစဉ်ပဲထွက်လာတယ်။ (၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးအတွက် ကျွန်တော်တို့မှာ မူဝါဒတွေ၊ စာတမ်းတွေ မထွက်လာဘူး။ အခုကနေပြီးတော့ ကော်မတီသစ်က ဆက်လုပ်ပြီဆိုရင် စာတမ်းတွေ၊ မူဝါဒတွေထွက်အောင် လုပ်ဆောင်သွားနိုင်မှာပါ"ဟု ပြောသည်။

ပထမအကြိမ် အရပ်ဘက်အဖွဲ့အစည်းများဖိုရမ်ကို ပြီးခဲ့သည့် ဖေဖော်ဝါရီ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် နေပြည်တော်၌ ကျင်းပနိုင်ခဲ့ပြီဖြစ်သောကြောင့် အရပ်ဘက်အဖွဲ့အစည်းများဖိုရမ် ကျင်းပရေးကော်မတီကို အသစ်ပြန်လည်ဖွဲ့စည်းခြင်းဖြစ်သည်။




**ဇွန် ၃၀ ရက်က YMCA တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ။**

ကော်မတီသစ်အဖွဲ့ဝင် ဦးစိုးငွေး (မန္တလေးတိုင်းဒေသကြီး)က "ဒီအစည်းအဝေးမှာ ဒေါက်တာတင်မျိုးဝင်း လာတယ်၊ သူလာတဲ့အချိန်မှာ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)ရဲ့ လုပ်ငန်းလမ်းညွှန် TOR ထဲမှာ ကျွန်တော်တို့ CSO မပါဘူး။ ဒါပေမယ့် သူပြောသွားတယ်၊ အရပ်ဘက်လူ့အဖွဲ့အစည်းတွေအနေနဲ့ ဒီလိုဖိုရမ်တွေကနေပြီးတော့ စာတမ်းတစ်စောင်ထုတ်ပါ။ တကယ့်ဂုဏ်သိက္ခာရှိရှိပင်လုံမှာ တက်ဖတ်ပါဆိုတာမျိုး ပြောသွားတာရှိတယ်။ UPDJC ရဲ့ TOR ထဲမှာမပါပေမယ့် လက်ရှိဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့အစိုးရက အရပ်ဘက် လူ့အဖွဲ့အစည်းတွေပေါ်မှာ အသိအမှတ်ပြုပြီးတော့ ဒီကအသံတွေကို သူတို့မျှော်လင့်နေတယ်ဆိုတာကို ထင်ထင်ရှားရှားတွေ့ရတယ်။ အဲဒီထွက်ပေါက်ကနေပြီး ကျွန်တော်တို့ ပြည်သူလူထုက လက်ရှိဒီငြိမ်းချမ်းရေးဖြစ်စဉ်မှာ ဒီ CSO တွေအနေနဲ့ အားကျိုးမာန်တက် ပါဝင်မှာပါ"ဟု ပြောသည်။

ပထမအကြိမ် ဖွဲ့စည်းခဲ့သည့် အရပ်ဘက်အဖွဲ့အစည်းများ (CSO) ဖိုရမ်ကျင်းပရေးကော်မတီတွင် ကော်မတီဝင် ၄၃ ဦးပါဝင်ပြီး ယခု အသစ်ထပ်မံဖွဲ့စည်းသည့် ကော်မတီသစ်တွင် ကော်မတီဝင် ၄၀ ပါဝင်သည်။

CSO ဖိုရမ်ဆွေးနွေးပွဲရလဒ်များကို ဖိုရမ်နောက်ဆုံးနေ့ သတင်းစာရှင်းလင်းပွဲတွင် ကချင်ပြည်နယ်မှ CSO ကိုယ်စားလှယ် နော်ဒွယ်၊ မန္တလေးတိုင်းဒေသကြီး CSO ကိုယ်စားလှယ် ဦးစိုးငွေး၊ ရန်ကုန်တိုင်းဒေသကြီးမှ ဦးသွင်လင်းအောင်၊ နော်မူးဖောထူးတို့က ဖိုရမ်ကျင်းပရခြင်းနှင့် ပတ်သက်၍ အချက်အလက်များ၊ ငွေစာရင်းရှင်းတမ်းများကိုမီဒီယာများသို့ ရှင်းလင်းခဲ့ပြီး အချောသပ်ဆုံးဖြတ်ချက်များကို မကြာမီ ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း သိရသည်။

ဦးသွင်လင်းအောင်က "UPDJC အတွင်းရေးမှူးအဖွဲ့ထဲမှာ ကျွန်တော်တို့ ပါဝင်ခွင့်မရဘူး။ ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့တွေက ဦးဆောင်ကျင်းပခွင့်ရတယ်။ လူမျိုးအလိုက်ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ ပါတီတွေက ဦးဆောင်ကျင်းပခွင့်ရတယ်။ အကြောင်းအရာအလိုက်က ကျွန်တော်တို့ပေ့ါ။ အဲဒီက ဆွေးနွေးချက်တွေကို သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ယူထားတဲ့ လုပ်ငန်းကော်မတီတွေဆီပို့ရတယ်။ အဲဒီမှာ ဘာဖြစ်လဲဆိုတော့ အဲဒီကော်မတီတွေထဲမှာ အခြားအစိုးရ၊ ပါတီနဲ့ လက်နက်ကိုင်တွေက ပါဝင်ခွင့်ရပြီး သူတို့သယ်လာတဲ့ အချက်အလက်တွေကို သူတို့က ပြန်တည်းဖြတ်ရတော့ အားသာချက်ရှိတယ်"ဟု ပြောသည်။

ယခုဖွဲ့စည်းခဲ့သည့် ဒုတိယအကြိမ် CSO ကော်မတီတွင် မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ဆင့်မှ ရွေးချယ်ထား၍ တစ်နိုင်ငံလုံးရှိ CSO များ၏ ၇၅ ရာခိုင်နှုန်းခန့်ကို ကိုယ်စားပြုနေပြီး ကိုယ်စားပြုမှု အားကောင်းမှသာလျှင် ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စု ဖြစ်လာရန် CSO များ သိက္ခာရှိရှိ ပါဝင်ဆွေးနွေးနိုင်မည်ဟု ရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

"ကျွန်တော်တို့ CSO တွေက ပြည်သူအတွက် အလုပ်လုပ်တယ်။ ပြည်သူအတွက် အလုပ်လုပ်နေတယ်ဆိုရင် ပြည်သူက ဘာဖြစ်ချင်လဲဆိုတဲ့ အသံကို ကျွန်တော်တို့ နားထောင်ရမယ်။ ဘာဖြစ်ချင်တာလည်း မသိရင် ဘယ်လောက်ပဲလုပ်ပေးလုပ်ပေး သူတို့လိုအပ်တာနဲ့ ကိုယ်ပေးတာမကိုက်ညီခဲ့ရင် ကူညီတာမရောက်ပါဘူး။ ပြည်သူပါဝင်နိုင်ဖို့ ပြည်သူပါဝင်မှုကို မြှင့်တင်သင့်တယ်လို့ ကျွန်တော်ပြောချင်ပါတယ်"ဟု ဦးသွင်လင်းအောင်က ပြောသည်။

အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပရာတွင် လူမျိုးအလိုက်၊ ဒေသအလိုက်၊ အကြောင်းအရာအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပခွင့်ရပြီး အကြောင်းအရာအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် CSO များက ဦးဆောင်၍ ကျင်းပခွင့်ရသည်။ အဆိုပါဆွေးနွေးပွဲများမှ ရရှိလာသည့် ကဏ္ဍအသီးသီးအတွက် မူဝါဒနှင့် စာတမ်းများကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ အစည်းအဝေးသို့ တင်သွင်း၍ သဘောတူညီသည့်အချက်များအား ပြည်ထောင်စုသဘောစာချုပ်တွင် ထည့်သွင်းခြင်းဖြစ်သည်။

**သတင်း-ရဲခေါင်ညွန့်၊ သန့်စင်ဝင်း**
**ဓာတ်ပုံ-ဖိုးထောင်**



## ◆ အိုလံပစ်မှ

ပြိုင်ပွဲသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ အမျိုးသား အမျိုးသမီး ၁၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ အမျိုးသား ကာယဗလမောင်ပြိုင်ပွဲတွင် (၅၀)နှစ်အထက် ဝင်ရောက်ယှဉ်ပြိုင်သူ ၁၄ ဦးတွင် ပထမဆုကို ခါးနံပါတ်(၇) ဦးအောင်ဇော်လင်းက လည်းကောင်း၊ အငယ်တန်း ကာယဗလမောင်ပြိုင်ပွဲတွင် ယှဉ်ပြိုင်သူ ၂၀ တွင် ပထမဆုကို ခါးနံပါတ်(၁၇) အောင်မြင့်သိန်းက လည်းကောင်း၊ အလွတ်တန်း ကာယဗလမောင်ပြိုင်ပွဲတွင် ယှဉ်ပြိုင်သူ ကိုးဦးတွင် ပထမဆုကို ထွန်းထွန်းအောင်က လည်းကောင်း၊ အမျိုးသား Man Sport Physique ပြိုင်ပွဲတွင် ယှဉ်ပြိုင်သူ ၂၀ တွင် ကျော်ထက်အောင်က လည်းကောင်း ရရှိခဲ့သည်။

အမျိုးသမီးကာယကြံ့ခိုင်မှု Model Physique ၁၆၀ စင်တီမီတာအောက်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သူ ခုနစ်ဦးတွင် ပထမဆုကို သန္တာဦးက လည်းကောင်း၊ အမျိုးသမီးကာယကြံ့ခိုင်မှု Model Physique ၁၆၀ စင်တီမီတာအထက် ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သူ ငါးဦးတွင် ပထမဆုကို အင်ကြင်းသန့်ဇင်က လည်းကောင်း၊ အမျိုးသမီးကာယကြံ့ခိုင်မှု Athletic Physique ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သူ သုံးဦးတွင် ပထမဆုကို နှင်းနှင်းအေးကလည်းကောင်း၊ အမျိုးသမီးကာယကြံ့ခိုင်မှု Model Physique အလွတ်တန်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သူ သုံးဦးတွင် နန်းလောင်ခမ်းက လည်းကောင်း ရရှိခဲ့သည်။

"အခုပြိုင်ပွဲက အာရှပွဲအတွက် ရွေးတဲ့ပြိုင်ပွဲမို့ အကောင်းဆုံးကြိုးစားပြီး လာရောက်ယှဉ်ပြိုင်တာပါ။ ဆုရရှိတဲ့အတွက်၊ ကိုယ်ကြိုးစားသလောက် ကိုယ်ပြန်ရတဲ့အတွက်လည်း အတိုင်းမသိဝမ်းသာပါတယ်"ဟု အမျိုးသမီးကာယကြံ့ခိုင်မှု Model Physique အလွတ်တန်းပြိုင်ပွဲအတွက် ပထမဆုရရှိသူ နန်းလောင်ခမ်းက ပြောသည်။

ပြိုင်ပွဲတွင် အမျိုးသား အမျိုးသမီး ပထမဆုရရှိသူများအား ဆုငွေကျပ် သုံးသိန်း၊ ဒုတိယဆု ကျပ် နှစ်သိန်း၊ တတိယဆု ကျပ်တစ်သိန်းနှင့် နှစ်သိမ့်ဆု ငါးသောင်းစီ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ အဆိုပါပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် အမျိုးသား အမျိုးသမီး အားကစားမောင်မယ်များထဲမှ ဩဂုတ် ၂၀ ရက်တွင် ကိုရီးယားနိုင်ငံ ဆိုးမြို့၌ ကျင်းပမည့် ကာယဗလမောင်နှင့် အမျိုးသမီးကာယကြံ့ခိုင်မှု ပြိုင်ပွဲအတွက် ပဏာမရွေးချယ်သွားမည်ဟု သိရသည်။

**သတင်း-ခင်ဇာလီ၊ ဓာတ်ပုံ-မီချိုကိုဟန်**

## ❍ ကျောဖုံးမှ

ထိုသို့ နေရပ်ပြန်လာသည့် မြန်မာအလုပ်သမားများအား ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်နိုင်ထွန်း၊ မြဝတီရှေ့တန်းမှူး ဗိုလ်မှူး အောင်ကိုဝင်းနှင့် တာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကို၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ နယ်ခြားစောင့်တပ်မှ တာဝန်ရှိသူများ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ Rescue လူမှုကယ်ဆယ်ရေးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပရဟိတအသင်းအဖွဲ့များက သွားရောက်ကြိုဆိုကြပြီး လိုအပ်သည့် အကူအညီများအား ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ နေရပ်ပြန်ရန် အခက်အခဲရှိသူများအား ဆောင်ရွက်ပေးလျက်ရှိရာတွင် မြန်မာနိုင်ငံ Rescue လူမှုကယ်ဆယ်ရေးအဖွဲ့ချုပ်(မြဝတီ)မှ တာဝန်ရှိသူများနှင့် အခြားသောမြို့နယ်များမှ မြန်မာနိုင်ငံ Rescue လူမှုကယ်ဆယ်ရေးအဖွဲ့များမှ တာဝန်ရှိသူများ ပူးပေါင်းပြီး မော်တော်ယာဉ်များဖြင့် နေအိမ်အရောက် ပြန်လည်ပို့ဆောင်ပေးလျက်ရှိပြီး မြို့နယ်ကျန်းမာရေးဌာနမှလည်း ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ဇွန် ၃၀ ရက် ဒုတိယနေ့တွင် ပြန်လည်ဝင်ရောက်လာသည့် မြန်မာအလုပ်သမားဦးရေမှာ ပထမနေ့ထက် ပိုမိုများပြားခဲ့ပြီး ကျား ၂၅၂၅ ဦး၊ မ ၁၅၄၂ ဦး စုစုပေါင်း ၄၀၆၇ ဦးခန့် ရှိပြီဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## ❋ မြန်မာမှ

အနိုင်ကစားနိုင်ရန် လိုအပ်နေခြင်းဖြစ်သည်။

အုပ်စုနောက်ဆုံးပွဲများအဖြစ် ယနေ့ညနေ ၃ နာရီတွင် ဟောင်ကောင် ယူ-၂၂ အသင်းနှင့် ကမ္ဘောဒီးယား ယူ-၂၂ အသင်း၊ ညနေ ၆ နာရီတွင် မြန်မာ ယူ-၂၂ အသင်းနှင့် ဂျပန် တက္ကသိုလ်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အိမ်ရှင်မြန်မာ ယူ-၂၂ အသင်းနှင့် ဂျပန်တက္ကသိုလ်အသင်းသည် အုပ်စုဒုတိယပွဲအပြီးတွင် ခြောက်မှတ်စီရရှိထားသောကြောင့် အုပ်စုနောက်ဆုံးပွဲမှာ ချန်ပီယံဆုအတွက် အဆုံးအဖြတ်ဖြစ်လာခြင်းဖြစ်သည်။

ယခုပြိုင်ပွဲတွင် အသင်းများအမှတ်တူနေပါက ဂိုးကွာခြားချက် စည်းမျဉ်းဖြင့် ဆုံးဖြတ်မည်ဖြစ်ရာ ဂိုးကွာခြားချက်နည်းနေသည့် မြန်မာအသင်းသည် သရေကျ၍မရတော့ဘဲ နိုင်ပွဲရယူနိုင်မှသာ ချန်ပီယံဆုရယူနိုင်မည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် အုပ်စုပွဲများတွင် ကမ္ဘောဒီးယား ယူ-၂၂ အသင်းကို လေးဂိုး-တစ်ဂိုး၊ ဟောင်ကောင် ယူ-၂၂ အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ဂျပန်တက္ကသိုလ်အသင်းမှာမူ ဟောင်ကောင် ယူ-၂၂ အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ကမ္ဘောဒီးယား ယူ-၂၂ အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရထားသည်။ ဟောင်ကောင်နှင့် ကမ္ဘောဒီးယား အသင်းတို့မှာ အမှတ်မရသေးသောကြောင့် ချန်ပီယံဆုမျှော်လင့်ချက် အဆုံးသတ်ခဲ့ရပြီး ဂုဏ်သိက္ခာပိုင်းအတွက်သာ ကစားရမည်ဖြစ်သည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပထမဆုရအသင်းအား ဒေါ်လာ ၁၀၀၀၀ နှင့် ချန်ပီယံဆုဖလား၊ ဒုတိယဆုရအသင်းအား ဒေါ်လာ ၅၀၀၀ ချီးမြှင့်သွားမည်ဖြစ်သည်။

ထို့ပြင် ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံး ဘောလုံးသမားဆုနှင့် သွင်းဂိုးအများဆုံးဆုတို့ကိုလည်း ချီးမြှင့်သွားမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**

# မန္တလေးတိုင်းဒေသကြီး လွှတ်တော်ရုံးအဆောက်အအုံသစ်ဖွင့်ပွဲကျင်းပ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ တက်ရောက်ဖွင့်လှစ်ပေး

**မန္တလေး ဇူလိုင် ၁**

မန္တလေးတိုင်းဒေသကြီး လွှတ်တော်ရုံးအဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၇ နာရီက အောင်မြေသာစံမြို့နယ် မန္တလေးတောင်ခြေ (၉) လမ်းနှင့် (၇၀/၇၃) လမ်းကြားရှိ အဆိုပါအဆောက်အအုံသစ်၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် တက်ရောက်ဖွင့်လှစ်သည်။

အခမ်းအနားသို့ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မစိုးရိမ်တိုက် ပါဠိနယူပဒေသာကျောင်းဆရာတော် ဘဒ္ဒန္တဝိစိတ္တာဘိဝံသနှင့် ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေးနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးမှ ဝန်ထမ်းများနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆရာတော်၊ သံဃာတော် ၁၀၈ ပါးတို့အား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက ဆွမ်းလောင်းလှူကြပြီး ဆရာတော်ကြီးများက ရွတ်ပွားချီးမြှင့်တော်မူသည့် အောင်ဂါထာတော်မြတ်ကို နာယူကြည်ညိုကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး လွှတ်တော်အဆောက်အအုံသစ်အား တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးစိုးသိန်း၊ မန္တလေးမြို့တော်ဝန် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာရဲလွင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ငြိမ်းသက်နွယ်နှင့် ဒေါ်သီတာငြိမ်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။






ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌတို့က တိုင်းဒေသကြီး လွှတ်တော်ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းကြသည်။ ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်တို့က လွှတ်တော်အဆောက်အအုံသစ်ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် သစ်ပင်များစိုက်ပျိုးကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များနှင့် တာဝန်ရှိသူများသည် လွှတ်တော်ရုံး မျက်နှာစာတွင် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ လွှတ်တော်ရုံးအဆောက်အအုံသစ်အတွင်း တည်ထားကိုးကွယ်မည့် ဗုဒ္ဓရုပ်ပွားတော်အား ဆရာတော်၊ သံဃာတော်များက အနေကဇာတင်လှူပူဇော်ကြပြီး တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြ၍ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်မြတ်ကို နာယူကြည်ညိုကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး၏ လမ်းပိုင်းသုံးပိုင်းနှင့် တံတားတစ်စင်းဖွင့်လှစ်

**နေပြည်တော် ဇူလိုင် ၁**

ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီးကို BOT စနစ်ဖြင့် ဆောင်ရွက်ခဲ့ရာ ယနေ့တွင် နှစ်လမ်းသွားမှ လေးလမ်းသွားအဆင့်မြှင့်တင်ပြီးစီးခဲ့သည့် ကတ္တရာကွန်ကရစ်လမ်းပိုင်းသုံးပိုင်းနှင့် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ တံတားတစ်စင်းကို ယနေ့ဖွင့်လှစ်ခဲ့သည်။

လမ်းပိုင်းသုံးပိုင်းမှာ မိတ္ထီလာ-မန္တလေးလမ်းပိုင်း၊ ရေတာရှည်-ပျဉ်းမနား-ရမည်းသင်းလမ်းပိုင်း၊ ပဲခူး-ညောင်လေးပင်လမ်းပိုင်းတို့ဖြစ်ပြီး တံတားအမှတ်(၃/၁၂၂) တုန်ကန်ချောင်းတံတားကို ယနေ့ဖွင့်လှစ်ခဲ့ရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီးသည် ရန်ကုန်မှ မန္တလေးအထိ ၄၂၂ မိုင် ၅ ဖာလုံရှည်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် မက်စ်ဟိုက်ဝေးကုမ္ပဏီ၊ ရွှေသံလွင်ကုမ္ပဏီ၊ ဟိုက်စတားကုမ္ပဏီ၊ ကမ္ဘောဇကုမ္ပဏီ၊ အိုရီယန်တယ်ဟိုက်ဝေးကုမ္ပဏီ၊ ယုဇနကုမ္ပဏီ၊သော်တာဝင်းကုမ္ပဏီတို့က BOT စနစ်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်သည်။

ယနေ့ဖွင့်လှစ်လိုက်သည့် လမ်းပိုင်းသုံးပိုင်းအနက် မိတ္ထီလာ-မန္တလေးလမ်းပိုင်းကို သော်တာဝင်းကုမ္ပဏီကလည်းကောင်း၊ ရေတာရှည်-ပျဉ်းမနား-ရမည်းသင်းလမ်းပိုင်းကို အိုရီယန်တယ်ဟိုက်ဝေးကုမ္ပဏီကလည်းကောင်း၊ ပဲခူး-ညောင်လေးပင်လမ်းပိုင်းကို ရွှေသံလွင်ကုမ္ပဏီကလည်းကောင်းဆောင်ရွက်ခဲ့ပြီး တံတားအမှတ်(၃/၁၂၂) တုန်ကန်ချောင်းတံတားကို ဟိုက်စတားကုမ္ပဏီကလည်းကောင်း တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက"ဒီလိုလမ်း/တံတားတွေကို ဖွင့်လှစ်နိုင်ရေးအတွက် အရေအတွက်သာမက အရည်အသွေးမီလမ်းများဖြစ်အောင် ဆောက်လုပ်ရေးဝန်ကြီးဌာနက စီမံကြီးကြပ်ပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ ပြည်သူများလိုရာခရီးကို ချောချောမွေ့မွေ့မြန်မြန်ဆန်ဆန်ရောက်ရှိအောင်၊ လုံခြုံစွာသွားလာနိုင်အောင်နဲ့ ပြည်သူများ အချိန်တိုအတွင်း များများအကျိုးရှိရှိသုံးနိုင်အောင် ဆောင်ရွက်ခဲ့ပါတယ်။

"အစိုးရအဖွဲ့အနေနဲ့ တစ်နှစ်တာကာလအတွင်း အတွေ့အကြုံများစွာရရှိပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနကလည်း အဆောက်အအုံ၊ လမ်း/တံတားများနဲ့ မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်သူများအတွက် အချိန်တိုအတွင်းပြီးစီးပြီး အသုံးပြုနိုင်အောင်နဲ့ အရည်အသွေးကောင်းမွန်အောင် ဦးတည်ချက်များနဲ့ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ ရှေ့ဆက်ပြီးလည်း ပြည်သူ့အကျိုးအတွက် သွားလမ်းသာလို့ လာလမ်းဖြောင့်ဖြူးစေဖို့ နေရေးထိုင်ရေးအဆင်ပြေစေဖို့ တတ်ကျွမ်းတဲ့ အင်ဂျင်နီယာအတတ်ပညာနဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနက စဉ်ဆက်မပြတ်ဆောင်ရွက်ပေးနေမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။



ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ၂၀၃၀ ခုနှစ်တွင် လက်ရှိကီလိုမီတာ ၄၂၁၂ ရှိ လမ်းများကို ASEAN CLASS III ၁၈ ပေအကျယ် ကတ္တရာကွန်ကရစ်လမ်းအဆင့် အနည်းဆုံးရောက်ရှိရေး၊ တံတားများအားလုံး ၂၄ ပေအကျယ် နှစ်လမ်းသွားကွန်ကရစ်တံတား/သံပေါင်တံတားအဆင့်အနည်းဆုံးရောက်ရှိရေး၊ မြန်မာနိုင်ငံရှိ မြို့ပေါင်း ၃၃၀ ကျော်သည် စနစ်ကျနသော Urban Planning အဖြစ် အကွက်ချတည်ဆောက်ပြီးဖြစ်သည့် မြို့များဖြစ်ရေးနှင့် အဆိုပါမြို့များအားလုံးတွင် အစိုးရပိုင်းနှင့် ပုဂ္ဂလိကပိုင်းဆိုင်ရာများမှ တည်ဆောက်မည့် အိမ်ခန်းတစ်သန်းတည်ဆောက်ပြီးစီးရေးတို့ကိုလည်း Mission ချမှတ်ကာ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီးမှ ရေတာရှည်-ပျဉ်းမနား-ရမည်းသင်းလမ်းပိုင်း (၈၅ မိုင် ၂ ဖာလုံ)ကို အိုရီယန်တယ်ဟိုက်ဝေးကုမ္ပဏီက BOT စနစ်ဖြင့် တာဝန်ယူဖောက်လုပ်လျက်ရှိရာ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် မိုင် ၄၀ အား လေးလမ်းသွားကတ္တရာကွန်ကရစ်လမ်းပိုင်းအဖြစ် ဖောက်လုပ်ခဲ့ပြီး ယင်းကုမ္ပဏီ၏ Holding Company ဖြစ်သော National Infrastructure Holding Company Limited နှင့် ပူးပေါင်းဆောင်ရွက်နေသည့် Shell ၏နည်းပညာနှင့် Bituipmen ကို အသုံးပြုပြီး လည်းကောင်း၊ SANY Machinery ၏ လမ်းဖောက်လုပ်ရာတွင် လိုအပ်သည့် Road Equipment Complete တို့ကိုအသုံးပြုလျက် နိုင်ငံတကာစံနှုန်းနှင့်အညီ ဖောက်လုပ်ခဲ့ကာ ယခုလိုဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ကျန်လမ်းအပိုင်းကို ၂၀၁၈-၂၀၁၉ ခုနှစ်တွင် အပြီးဖောက်လုပ်မည်ဖြစ်ကြောင်း ယင်းကုမ္ပဏီမှ စီမံကိန်းဒါရိုက်တာ ဦးတင်ကိုက ရှင်းပြသည်။

ထို့ပြင် အိုရီယန်တယ်ဟိုက်ဝေးကုမ္ပဏီအနေဖြင့် မန္တလေး-လားရှိုး-မူဆယ်-နန့်ခမ်းလမ်းပိုင်း၊ သိန္နီ-ကွမ်းလုံ-ချင်းရွှေဟော်လမ်းပိုင်းနှင့် ရန်ကုန်-ပုသိမ် လမ်းပိုင်းများတွင် BOT စနစ်ဖြင့် တာဝန်ယူဖောက်လုပ်လျက်ရှိပြီး လမ်းအဆင့် မြှင့်တင်ခြင်းလုပ်ငန်းများကို Shell ၏ နည်းပညာဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယနေ့ဖွင့်လှစ်လိုက်သည့် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး၏ လမ်းပိုင်းနှင့် တံတားများ ရေရှည်အသုံးပြုနိုင်ရေးအတွက် ဒေသခံများနှင့် လမ်းအသုံးပြုသူများအနေဖြင့် လမ်း/တံတားများပေါ်တွင် လိုက်နာရန် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများအတိုင်း စနစ်တကျလိုက်နာအသုံးပြုကြရန်လည်း ပြည်ထောင်စုဝန်ကြီးက မေတ္တာရပ်ခံပြောကြားခဲ့သည်။

ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး၏ မိုင်တိုင် (၂၅၈/၄)၌ ကျင်းပသည့် ရေတာရှည်-ပျဉ်းမနား-ရမည်းသင်းလမ်းပိုင်းမှ ပျဉ်းမနား-ရမည်းသင်းလမ်းပိုင်း ဖွင့်ပွဲသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကုမ္ပဏီမှ ဖိတ်ကြားထားသူများနှင့် မြို့နယ်ပြည်သူများတက်ရောက်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီး၊ လမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖတစ်ဦးနှင့် ကုမ္ပဏီမှ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကာ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **(နိုင်လင်းကြည်)**

# ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးနှင့် အဖွဲ့ဝင်များ ရန်ကုန်မြို့သို့ရောက်ရှိ

**ရန်ကုန် ဇူလိုင် ၁**

ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး Mr. Filippo Grandi နှင့် အဖွဲ့ဝင်များသည် ယနေ့ ညနေ ၅ နာရီတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာရာ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ကေသီစိုးနှင့် တာဝန်ရှိသူများ၊ UNHCR ရုံးမှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Giuseppe de Vincentiis နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးနှင့်အတူ အဖွဲ့ဝင်လေးဦးလိုက်ပါလာပြီး ဇူလိုင် ၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ရခိုင်ပြည်နယ်သို့ လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာရန် စီစဉ်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**



# MMA မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ အောင်လအန်ဆန်အား တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက ဂုဏ်ပြု



**နေပြည်တော် ဇူလိုင် ၁**
MMA မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ရွှေခါးပတ်လုပွဲတွင် လက်ရှိကမ္ဘာ့ချန်ပီယံ ရုရှားနိုင်ငံသားအား အနိုင်ရရှိခဲ့သူ အောင်လအန်ဆန်အား တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ ဂုဏ်ပြုစာလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၁၀၀ အား ယနေ့ ပေးအပ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်မြို့ရှိ သုဝဏ္ဏအားကစားရုံကြီး၌ ဇွန် ၃၀ ရက် ညပိုင်းက ကျင်းပခဲ့သည့် LIGHT OF A NATION MMA ပြိုင်ပွဲတွင် အဓိကပွဲစဉ်အဖြစ် ယှဉ်ပြိုင်ထိုးသတ်ခဲ့သည့် MMA မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ရွှေခါးပတ်လုပွဲတွင် လက်ရှိကမ္ဘာ့ချန်ပီယံဖြစ်သူ ရုရှားနိုင်ငံသား ဗစ်တာလီဘစ်ဒက်ရှ်အား မြန်မာအမျိုးသား ကချင်တိုင်းရင်းသားတစ်ဦးဖြစ်သူ အောင်လအန်ဆန်က ငါးချီအပြည့်ထိုးသတ်၍ အနိုင်ရရှိခဲ့သည်။

ထိုသို့ တစ်ဖက်ယှဉ်ပြိုင်ဘက်အား မြန်မာစိတ်နှင့် ဖွဲ့သတ္တိ၊ အားမာန်အပြည့်အဝဖြင့် ရဲရဲဝံ့ဝံ့ယှဉ်ပြိုင်၍ မြန်မာတို့၏ ဇာတိသွေး၊ ဇာတိမာန်ကို ထုတ်ဖော်ပြသပြီး MMA မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ရွှေခါးပတ်ဆုကြီးအား ထိုက်တန်စွာ ရယူနိုင်ခဲ့သည့်အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ မိသားစုများက လှိုက်လှဲစွာဂုဏ်ပြု၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ပြုစာလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၁၀၀ အား ယနေ့မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ရှိ ကန်တော်ကြီးပဲလေ့စ်ဟိုတယ်၌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သက်ပုံက သွားရောက်ချီးမြှင့်ပေးအပ်ခဲ့သည်။

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးက အောင်လအန်ဆန်အား MMA မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုရရှိခဲ့ခြင်းနှင့် ပတ်သက်၍ နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သောကြောင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ပြိုင်ပွဲတွင် ရရှိခဲ့သည့် ထိခိုက်ဒဏ်ရာများလည်း အမြန်ဆုံးသက်သာပျောက်ကင်းပါစေကြောင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ ဆုမွန်တောင်းစကားကို ဦးစွာပြောကြားပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှ ပေးပို့သည့် ဂုဏ်ပြုစာလွှာနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက ချီးမြှင့်သည့် ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၁၀၀ ကို ပေးအပ်ချီးမြှင့်ရာ MMA မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ အောင်လအန်ဆန်က လက်ခံရယူသည်။

ထို့နောက် အောင်လအန်ဆန်က ယခုကဲ့သို့ ပေးအပ်ချီးမြှင့်ခြင်းနှင့်ပတ်သက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တပ်မတော်(ကြည်း၊ ရေ၊ လေ)အရာရှိ၊ စစ်သည်၊ မိသားစုအားလုံးကို အထူးပင်ကျေးဇူးတင်ရှိကြောင်း၊ မိမိအနေဖြင့်လည်း ယခုထက် နှစ်ဆ ပိုမိုကြိုးစားသွားမည်ဖြစ်ကြောင်းနှင့် ချန်ပီယံခါးပတ်ဆုကြီးအားလည်း ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အမှတ်တရလက်ဆောင်အဖြစ် လက်ဝှေ့အိတ်ကို ပေးအပ်ရာ တိုင်းမှူးက လက်ခံရယူခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းရရှိသည်။

**(သတင်းစဉ်)**



# မောင်တောဒေသ နယ်မြေလုံခြုံရေး အစွမ်းကုန်ကြိုးပမ်းမည်

**မောင်တော ဇူလိုင် ၁**
မောင်တောဒေသ တည်ငြိမ်အေးချမ်းရေးနှင့် နယ်မြေလုံခြုံရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရခိုင်ပြည်နယ်အစိုးရလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးထိန်လင်းက ပြောကြားသည်။

"နယ်မြေဒေသတစ်ခု တည်ငြိမ်အေးချမ်းဖို့ဆိုတာဟာ လုံခြုံရေးဟာ အရေးကြီးပါတယ်။ မောင်တောဒေသမှာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့တွေနဲ့ လုံခြုံရေးတာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုနယ်မြေလုံခြုံရေးကို တိုးမြှင့်ဆောင်ရွက်နေသလို တစ်ဖက်ကလည်း ပြည်သူလူထုအနေနဲ့ တပ်မတော်၊ ပြည်သူ့ရဲတပ်ဖွဲ့၊ နယ်ခြားစောင့် တပ်ဖွဲ့တွေနဲ့လည်း ပူးပေါင်းဆောင်ရွက်ဖို့ တိုက်တွန်းလိုပါတယ်။ အတတ်နိုင်ဆုံး ကျေးရွာတွေမှာ လုံခြုံရေးအဆင့် မြှင့်တင်ဆောင်ရွက်ထားပါတယ်"ဟု ဗိုလ်မှူးကြီးထိန်လင်းက မောင်တောတောင်ပိုင်း ကျောက်ပန္နူကျေးရွာ၌ ဇွန် ၂၇ ရက်တွင် ကျေးရွာပြည်သူလူထုနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ကျေးရွာများနှင့် မလှမ်းမကမ်းတွင် လုံခြုံရေးစခန်းများ ချထားပြီးဖြစ်ကြောင်း၊ ထို့အတူ နယ်မြေကိုပိုင်းခြားပြီး လုံခြုံရေးတာဝန် ထမ်းဆောင်မှုများလည်းရှိကြောင်း၊ နယ်မြေလုံခြုံမှုရှိအောင် ဆောင်ရွက်ထားကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

သို့ရာတွင် အခက်အခဲတစ်ခုဖြစ်လျှင်သော်လည်းကောင်း၊ ထူးခြားဖြစ်စဉ် ပေါ်ပေါက်လျှင်သော်လည်းကောင်း အနီးစပ်ဆုံး မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ နယ်ခြားစောင့်တပ်ဖွဲ့၊ တပ်မတော်တို့ထံ ဆက်သွယ်သတင်းပေးပို့ဆောင်ရွက်ရန်လိုကြောင်း၊ အရေးပေါ်တယ်လီဖုန်းဆက်သွယ်ရေးစနစ်ထားရှိပြီး ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အရေးပေါ်အခြေအနေပေါ်ပေါက်ပါက ချက်ချင်းတုံ့ပြန်နိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်သူလူထုအနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

**သတင်း - မြင့်မောင်စိုး၊ အောင်ကျော်ဦး၊**
**ဓာတ်ပုံ - သဏ္ဍ**

# မင်းပြားမြို့နယ် စွန်ရဲကျေးရွာတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**အမ်း ဇူလိုင် ၁**
အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် နယ်မြေခံဆေးတပ်ရင်းမှ နယ်လှည့်ဆေးကုသရေးအဖွဲ့သည် ဇွန် ၂၉ ရက်တွင် မင်းပြားမြို့နယ် စွန်ရဲကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဒေသခံ တိုင်းရင်းသားများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနှင့် ကျေးရွာအတွင်း ခြင်ခိုအောင်းနိုင်သော နေရာများအား ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



အဆိုပါ နယ်လှည့်ဆေးကုသရေးအဖွဲ့သည် မျက်စိရောဂါ၊ သွေးတိုးရောဂါ၊ သွေးအားနည်းရောဂါ၊ အစာအိမ်ရောဂါ၊ အရိုးအကြောရောဂါ၊ ခွဲစိတ်ရောဂါနှင့် အထွေထွေရောဂါ စုစုပေါင်း ၁၄၄ ဦးတို့အား ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများအား စစ်တွေမြို့ရှိ အမှတ်(၁၇) တပ်မတော်ဆေးရုံ ခုတင်(၁၀၀)သို့ ဆေးရုံတက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်စိုးနှင့် မင်းပြားတပ်နယ်မှ တပ်မတော်အရာရှိကြီးများက သွားရောက်ကြည့်ရှုအားပေးပြီး ဒေသခံတိုင်းရင်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ စားသောက်ဖွယ်ရာများ ပေးအပ်ပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများသည် စွန်ရဲဘုန်းတော်ကြီးကျောင်း ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကန်တော့ကာ သက်န်းနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြပြီး ဘာသာရေး၊ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

အလားတူ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် နယ်မြေခံဆေးတပ်ရင်းမှ နယ်လှည့်ဆေးကုသရေးအဖွဲ့နှင့် ကျောက်တော်မြို့ မြို့နယ်ပြည်သူ့ကျန်းမာရေးအဖွဲ့တို့သည် ဇွန် ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ကျောက်တော်မြို့နယ် ခေါင်ကုတ်ကျေးရွာနှင့် ပိုက်သည်ကျေးရွာများရှိ ကျေးရွာသူကျေးရွာသားများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများနှင့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ နယ်လှည့်ဆေးကုသရေးအဖွဲ့က မျက်စိရောဂါ၊ သွေးတိုးရောဂါ၊ သွေးအားနည်းရောဂါ၊ အစာအိမ်ရောဂါ၊ အရိုးအကြောရောဂါ၊ ခွဲစိတ်ရောဂါနှင့် အထွေထွေရောဂါ စုစုပေါင်း ၂၉၆ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား စစ်တွေမြို့ရှိ အမှတ်(၁၇) တပ်မတော်ဆေးရုံ ခုတင်(၁၀၀)သို့ ဆေးရုံတက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



**ကမာရွတ်မြို့နယ်အတွင်း သက်ငယ်မုဒိမ်းမှုများ လျော့နည်းကျဆင်းရေးအတွက် မှုခင်းအသိပညာပေး ဆွေးနွေးဟောပြောပွဲကို ဇွန် ၂၉ ရက် ည ၇ နာရီတွင် ကမာရွတ်မြို့နယ် အမှတ်(၁) ရပ်ကွက် ဦးထွန်းလင်းခြံလမ်းတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဟန် ဟောပြောစဉ်။** (ခင်မောင်သော်)

# ထီးချိုင့်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

**ထီးချိုင့် ဇူလိုင် ၁**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ ၂၀၁၇ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇွန် ၂၈ ရက်က ကျင်းပသည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်ကြီးသိန်းသန်းအောင်(ငြိမ်း)က ဗဟိုစစ်မှုထမ်းဟောင်းအဖွဲ့၏ ရှေ့ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ(ခွဲ) တပ်ကြပ်ကြီး ဇော်နိုင်( ငြိမ်း )က မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ မိသားစုများအား ထောက်ပံ့ကြေးပေးအပ်သည့်အကြောင်းနှင့် ရန်ပုံငွေရရှိရန် ဆောင်ရွက်ထားသည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့အတွင်းရေးမှူး ဦးကျော်ခင်နှင့် ဘဏ္ဍာရေးမှူး ဦးသိန်းစိုးတို့က ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အစီရင်ခံစာ တင်ပြခြင်းနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို ရှင်းလင်းတင်ပြခဲ့ကြသည်။

ဆက်လက်၍ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ (ခွဲ)တပ်ကြပ်ကြီး ဇော်နိုင် (ငြိမ်း)က အဖွဲ့ဝင် ၄၄ ဦးအား ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ခဲ့ပြီး မြို့နယ်စစ်မှုထမ်းဟောင်း အမှုဆောင်အဖွဲ့ကို ပြန်လည်ရွေးချယ်တင်မြှောက်ခဲ့ကြကြောင်း သိရသည်။

**ကျော်ခဲ (ထီးချိုင့်)**

# ရန်ကုန်မြို့ အိမ်ခြံမြေဈေးကွက် ငွေနှလအတွင်း အနည်းငယ်ကောင်းမွန်လာ၊ ပုံမှန်အရောင်းအဝယ်ဖြင့် လည်ပတ်လာနိုင်ဖွယ်ရှိ

**ရန်ကုန် ဇူလိုင် ၁**

ရန်ကုန်မြို့ရှိ အိမ်ခြံမြေ အရောင်းအဝယ်၊အငှားဈေးကွက်အေးစက်လျက်ရှိသော်လည်း ယခုနှစ်အတွင်း ဖြစ်ပေါ်လာမည့်အပြောင်းအလဲများကြောင့် အိမ်ခြံမြေဈေးကွက်ကောင်းမွန်လာမည့်နှစ်တစ်နှစ်ဟု ယူဆရကြောင်းနှင့် အိမ်ခြံမြေ ဈေးကွက်ပုံမှန်အရောင်း၊ အဝယ်ဖြင့် လည်ပတ်လာနိုင်စရာရှိကြောင်း ဝါရင့်အိမ်ခြံမြေလုပ်ငန်းရှင်များထံမှ သိရသည်။

ပြီးခဲ့သည့် ၂၀၁၂ ခုနှစ်မှစတင်၍ ၂၀၁၄ ခုနှစ်အထိ အိမ်ခြံမြေအရောင်း၊အဝယ်၊အငှားဈေးကွက် စတင်ဦးမော့ခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ် နှစ်လယ်ပိုင်းမှ၂၀၁၆ ခုနှစ်ကုန်ပိုင်းအထိ အိမ်ခြံမြေအရောင်း၊အဝယ်၊ အငှားဈေးကွက် အေးစက်ခဲ့ပြီး၂၀၁၇ ခုနှစ် နှစ်ဆန်းပိုင်းမှမေလအထိအိမ်ခြံမြေ အရောင်း၊အဝယ်၊အငှားဈေးကွက် အေးစက်ခဲ့ကာ လက်ရှိ ဇွန်လပိုင်းမှ စတင်၍ အိမ်ခြံမြေ အရောင်း၊အဝယ် ဈေးကွက်အနည်းငယ် မြိုင်ဆိုင်လာခဲ့ကြောင်းသိရသည်။

ယင်းသို့ အရောင်းအဝယ် အနည်းငယ် မြိုင်ဆိုင်လာခဲ့ခြင်းမှာလည်း အခွန် ရာဖြတ်နှုန်းလျှော့လိုက်မှု၊ နိုင်ငံတော် အစိုးရမှ လျှော့ပေါ့စွာ ဆောင်ရွက်ထားသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု နည်းဥပဒေသစ် ထွက်ပေါ်လာပြီး လက်ရှိကျင့်သုံးလျက်ရှိနေသောကြောင့် မြန်မာနိုင်ငံအတွင်း နိုင်ငံခြားသား ဝင်ရောက်မှုပိုမိုမြင့်တက်လာခဲ့ခြင်း၊ နိုင်ငံခြားမှလာရောက် ရင်းနှီးမြှုပ်နှံမှုများပါ ရှိလာပါက အိမ်ခြံမြေဈေးကွက်ကောင်းမွန်လာနိုင်ဖွယ်ရှိခြင်း၊ နိုင်ငံတော်အစိုးရမှ ၂၀၁၇ ခုနှစ်အတွင်း နိုင်ငံစီးပွားရေး တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်နေသောကြောင့် စီးပွားရေးကောင်းမွန်လာလျှင် အိမ် ခြံမြေဈေးကွက် ကောင်းမွန်လာနိုင်စရာအကြောင်း ရှိကြောင်းနှင့် ပြည် တွင်း အခွန်နှုန်းထားဆောင်ရမည့်ရာခိုင်နှုန်းများပါ လျှော့ပေါ့မည်ဟု ကြားသိရခြင်းတို့ကြောင့် အိမ်ခြံမြေဈေးကွက်ပုံမှန်အရောင်း၊အဝယ်ဖြင့် လည်ပတ်လာနိုင်စရာ အကြောင်းရှိကြောင်း ဝါရင့်အိမ်ခြံမြေလုပ်ငန်းရှင်များက ဆိုထားကြသည်။



ရန်ကုန်မြို့ရှိ အထပ်မြင့်အဆောက်အအုံများအားတွေ့ရစဉ်။

ရန်ကုန်တိုင်းဒေသကြီး အိမ်ခြံမြေလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးစိုင်းခွန်နောင်က "လောလောဆယ်အနေအထားအရ ငွေကျပ်နေတော့ အိမ်ခြံမြေ အရောင်းတွေကများနေပါတယ်။ အငှားဈေးကွက်ကတော့ ပုံမှန်လည်ပတ်နေတာပေါ့။ အငှားဈေးကွက်ကတော့ ပိုပြီးကောင်းဖို့ပဲရှိတယ်။ အိမ်ခြံမြေရောင်းချင်တဲ့သူတွေလည်း ငွေလည်ပတ်လာပြီး အခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍတွေမှာလည်း ငွေဝင်လာပြီဆိုရင်တော့ အိမ်ခြံမြေအရောင်း၊ အဝယ်၊ အငှားဈေးကွက်ကတစ်နည်းတစ်ဖုံ ပြန်လည်လည်ပတ်လာမှာပါ။ အခုဆိုအိမ်အငှားဈေးကွက်မှာ နိုင်ငံခြားသားအိမ်ငှားရမ်းမှုတွေ ပိုမိုများပြားလာပါတယ်။ မကြာခင်ကာလမှာ အိမ်ခြံမြေအရောင်း၊အဝယ်၊ အငှားဈေးကွက် ပုံမှန်ပြန်လည်ပတ်လာမယ်လို့ ယုံကြည်မျှော်လင့်ပါတယ်"ဟု ပြောသည်။

မြန်မာနိုင်ငံအတွင်း ဝင်ရောက်လာကြသော နိုင်ငံခြားသားအများစုမှာ ၎င်းတို့အလုပ်လုပ်ကိုင်ရာလုပ်ငန်းခွင်များအနီး ငှားရမ်းနေထိုင်တတ်ကြကြောင်း၊ လာရောက်ရင်းနှီးမြှုပ်နှံသည့် နေရာဒေသအပေါ်မူတည်၍ နေထိုင်သည့်ဒေသကွဲပြားကြောင်း၊ နေရာဒေသအလိုက် ပျံ့နှံ့နေထိုင်လျက်ရှိကြကြောင်း၊ အိမ်ခန်းငှားရမ်းကြသူများမှ နိုင်ငံသားများကို ကာကွယ်သည့်အနေဖြင့် အဆိုပါနေထိုင်ကြသော နိုင်ငံခြားသားများကို အိမ်အငှား စာချုပ်ချုပ်ဆိုရာတွင် မြန်မာနိုင်ငံတည်ဆဲဥပဒေနှင့် ငြိစွန်းပါက အိမ်အငှားစာချုပ်အလိုလိုရုပ်ဆိုင်းရမည်ဟု စာချုပ်ချုပ်ဆိုကြကြောင်း အိမ်ခြံမြေလုပ်ငန်းရှင်များထံမှ သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ပွင့်သစ္စာ**

■

## ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး စတုတ္ထအကြိမ်မြောက် ပညာရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ အစည်းအဝေးတက်ရောက်

**နေပြည်တော် ဇူလိုင် ၁**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးသည် ယနေ့ နံနက် ၁၀ နာရီတွင် ပညာရေးဝန်ကြီးဌာန နေပြည်တော် ရုံးအမှတ် (၂၁) အစည်းအဝေးခန်းမ၌ကျင်းပသော စတုတ္ထအကြိမ်မြောက် ပညာရေးကဏ္ဍပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ အစည်းအဝေးကိုတက်ရောက် အဖွင့်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက သင်ယူမှုအခွင့်အလမ်းများပိုမိုကောင်းမွန်စေရေးအတွက် ကျောင်းပေါင်း ၅၀၉၉ ကျောင်းကို အဆင့်တိုးမြှင့်ခဲ့ပြီး ပညာရေးပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ရာတွင် စွမ်းဆောင်ရည်မြှင့်တင်ရေးကဏ္ဍကို အလေးထားဆောင်ရွက်နေကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး ဝန်ကြီးက အဆင့်တိုးမြှင့်ပြီး ကျောင်းများအတွက် ကျောင်းစာသင်ခန်း၊ ဆရာဆရာမများ၊ စာကြည့်တိုက်၊ သင်ထောက်ကူပစ္စည်းများ ပံ့ပိုးပေးနိုင်ရေးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာ ရေးနှစ်တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနအသီးသီး၏ စွမ်းဆောင်ရည်မြင့်မားအောင် ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ တက္ကသိုလ်များရှိ နေ့သင်တန်းများနှင့် အဝေးသင်ပညာရေးစနစ်ဖြင့်သင်ယူမှုအရည်အသွေးများ ပိုမိုကောင်းမွန်အောင် မြှင့်တင်နိုင်ရေးစီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်အတွင်း ခရိုင်သုံးခုနှင့် မြို့နယ် ၁၁ မြို့နယ်တွင် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ အခြေခံပညာကို မည်သည့်ခွဲခြားမှုမှမရှိဘဲ သင်ယူနိုင်ရေးဆောင်ရွက်နေကြောင်း၊ ၂၀၁၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူ ၂၄၂၇၃၆ ဦးရှိပြီး မျက်မမြင် ကျောင်းသားကျောင်းသူ ၂၄ ဦးအောင်မြင်ခဲ့ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ဖွံ့ဖြိုးမှုမိတ်ဖက်များမှ ဒုတိယဥက္ကဋ္ဌ Ms.MitsueUemura က အမှာစကားပြောကြားခဲ့ပြီး ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်မြဲက ရှင်းလင်းတင်ပြပြီးနောက် လုပ်ငန်းအဖွဲ့ခွဲဥက္ကဋ္ဌများက လုပ်ငန်းအဖွဲ့အလိုက် ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြကြရာ တက်ရောက်လာသူများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက် တင်ပြဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ထိုင်းနိုင်ငံအစိုးရမှ ရွှေ့ပြောင်းအလုပ်သမားများနှင့် လုပ်ငန်းရှင်များအတွက် ဥပဒေသစ်အား ခေတ္တရပ်နား

**ဗန်ကောက် ဇူလိုင် ၁**

ထိုင်းနိုင်ငံရောက် ရွှေ့ပြောင်းအလုပ်သမားများနှင့် လုပ်ငန်းရှင်များအတွက် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ပရာယုဒ် ချန်အိုချာမှ ဇွန် ၂၀ ရက်က ထပ်မံပြဋ္ဌာန်းလိုက်သည့် ဥပဒေသစ်အား ထိုင်းနိုင်ငံအတွင်း လက်ရှိဖမ်းဆီးမှုများဖြစ်ပေါ်နေသော အခြေအနေများကြောင့် ဥပဒေသစ်အား ခေတ္တရပ်နားထားကြောင်း ထိုင်းနိုင်ငံအလုပ်သမားဝန်ကြီးဌာန မှ ဇွန် ၂၉ ရက် ဒေသစံတော်ချိန် ညနေ ၃ နာရီ ၄၃ မိနစ်က ရုပ်/သံသတင်းဌာနများနှင့် အခြားသတင်းဌာနများတွင် သတင်းထုတ်ပြန်လိုက်ကြောင်း ထိုင်းနိုင်ငံရှိ အလုပ်သမားအရေး ဆောင်ရွက်သည့်အဖွဲ့အစည်းထံမှသိရသည်။

အဆိုပါ ထပ်မံပြဋ္ဌာန်းလိုက်သည့် ဥပဒေသစ်အား ခေတ္တရပ်နားရန်အတွက် ထိုင်းနိုင်ငံ ဝန်ကြီးချုပ်၊ အလုပ်သမားဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးများမှ အစည်းအဝေးပြုလုပ်ခဲ့ကြခြင်း ဖြစ်သည်။ ထိုင်းနိုင်ငံအတွင်းရှိ ပန်းရောင်ဘတ် (သက်သေခံအထောက်အထားကတ်ပြား) ကိုင်ဆောင်ထားကြသော အလုပ်ရှင်မတူသည့် ရွှေ့ပြောင်းအလုပ်သမားများကို ဖမ်းဆီးမည်မဟုတ်ဘဲ မိမိ လက်ရှိလုပ်ကိုင်နေသည့် အလုပ်ရှင်အောက်သို့ အမြန်ဆုံး ပြောင်းရွှေ့ကြရန်နှင့် ယာယီနိုင်ငံကူး လက်မှတ် (အနီရောင်) သို့မဟုတ် MOU နိုင်ငံကူးလက်မှတ် (ခရမ်းရောင်) ကိုင်ဆောင်ထားပြီး အလုပ်လုပ်ကိုင်ခွင့် (Work Permit) မရှိသောအလုပ်လုပ်ကိုင်နေကြသည့် ရွှေ့ပြောင်းအလုပ်သမားများကိုလည်း ဖမ်းဆီးဦးမည်မဟုတ်ဘဲ သတ်မှတ်ကာလတစ်ခုအတွင်း အမြန်ဆုံး မိမိအလုပ်ရှင်၊ လုပ်ငန်းအမျိုးအစားတူ အလုပ်လုပ်ကိုင်ခွင့် လက်မှတ်ပြု လုပ်ကြရန်အတွက် ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးမှ ကြေညာချက်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံသံရုံးမှ အမှုလိုက်ရှေ့နေကြီး ဦးအောင်မျိုးသန့်က "အဓိကကတော့ ဒီဥပဒေသစ် ခေတ္တရပ်နားဖို့ကို ထိုင်းနိုင်ငံက စီးပွားရေးကော်မတီတွေ၊အလုပ်ရှင်တွေနဲ့ အန်ဂျီအိုအဖွဲ့အစည်းတွေရဲ့ တောင်းဆိုမှုက ပိုထိရောက်စေခဲ့တာပါ။ ကျွန်တော်တို့အနေနဲ့လည်း မြန်မာနိုင်ငံမှာ ဇွန် ၃၀ ရက်မှာကျင်းပမယ့် နှစ်နိုင်ငံ အလုပ်သမားအစည်းအဝေးမှာလည်း တင်ပြပေးဖို့ ဇွန် ၂၅ ရက်ကရေးသားခဲ့ကြပါတယ်။ ဇွန် ၂၉ ရက်နှင့် ၃၀ ရက်က ထိုင်းနိုင်ငံ အထူးစုံစမ်းစစ်ဆေးရေးဌာန (DSI)ရုံးချုပ်အနီး Centra Hotel မှာ DSI က ကြီးမှူးကျင်းပခဲ့တဲ့ နိုင်ငံ ၇၀ အစည်းအဝေးမှာလည်း ကျွန်တော်တို့အနေနဲ့တင်ပြနိုင်ခဲ့ပါတယ်။ အလုပ်သမားတွေအတွက်လည်း ဘိုင်ကြင်းအော့(ယခင်အလုပ်ရှင်ထံမှ အလုပ်ထွက်စာ)ကလည်း ယခင်ကလုပ်ဖို့လိုပေမယ့် အခုတော့ လုပ်ဖို့မလိုတော့ပါဘူး။ ယခင်အလုပ်ရှင်ထံမှာ အလုပ်မလုပ်လိုလို့ထွက်လာပြီးဖြစ်လို့ ယခင်အလုပ်ရှင်က နောက်အလုပ်ရှင်နဲ့အလုပ်လုပ်ဖို့ကို ခွင့်ပြုပေးရပါမယ်။ နောက်အလုပ်ရှင်နဲ့ ဝပ်ပါမစ်လုပ်ရပါမယ်။ အခု ဥပဒေသစ်အရဆောင်ရွက်ခြင်းကို ရက် ၁၂၀ ရပ်နားပေးထားတဲ့အချိန်မှာ မြန်မာအလုပ်သမားတွေက အထောက်အထားအားလုံးကို ပြည့်စုံအောင်လုပ်ကြရမှာပါ" ဟုပြောသည်။

ထိုင်းနိုင်ငံရှိ အလုပ်သမားအရေး ဆောင်ရွက်သည့် ဦးစောမောင်က "ပြီးခဲ့တဲ့ ရက်ပိုင်းက နေရပ်ပြန်မြန်မာအလုပ်သမားတွေထောင်ချီရှိခဲ့ပါတယ်။ ဒီလိုဥပဒေသစ်ခေတ္တ



ထိုင်းနိုင်ငံမှ နေရပ်ပြန်မြန်မာအလုပ်သမားများအားတွေ့ရစဉ်။

ရပ်နားလိုက်တော့ လက်ရှိဖမ်းဆီးတာရပ်တန့်သွားနိုင်ပါတယ်။ ဒါပေမယ့် အထောက်အထားမရှိသူတွေကတော့ပြန်သင့်ပြီး MOU စာအုပ်နဲ့ပြန်လည်ဝင်ရောက်သင့်ပါတယ်။ ဒီဥပဒေသစ်ရပ်နားတယ်ဆိုတာကလည်းဒီဥပဒေက သင့်တော်မှုမရှိဘူးဖြစ်နေတယ်။ ဒါနဲ့ပတ်သက်ပြီး ထိုင်းကနိုင်ငံရေးနဲ့ စီးပွားရေး ပညာရှင်တွေကပါ ဝေဖန်လာကြပါတယ်။ အဓိက အရေးအကြီးဆုံးအချက်ကတော့ အထောက်အထားရှိတဲ့သူရော၊ မရှိတဲ့သူရော တော်တော်များများ မြန်မာနိုင်ငံကိုပြန်နေကြပြီဆိုတော့ သူတို့နိုင်ငံရဲ့ လုပ်ငန်းတွေထိခိုက်ပြီး နှောင့်နှေးမှုတွေဖြစ်လာလို့ အခုလိုထိုင်းနိုင်ငံအစိုးရက ကြေညာချက်အမြန်ထုတ်ပြန်တာလို့ထင်ပါတယ်"ဟု သုံးသပ်ပြောသည်။

ထိုင်းနိုင်ငံ၌ ပြီးခဲ့သည့် ဇွန် ၂၀ ရက်က ထပ်မံပြဋ္ဌာန်းလိုက်သည့်ဥပဒေသစ်အရ အထောက်အထားမရှိသည့် အလုပ်သမားများကို ခိုင်းစေသည့် အလုပ်ရှင်အပါအဝင် အလုပ်သမားများကို ဖမ်းဆီးရမိပါက ဒဏ်ငွေအဖြစ် ထိုင်းဘတ်ငွေ လေးသိန်းမှ ရှစ်သိန်းအထိ ချမှတ်နိုင်ကြောင်း၊ အလုပ်လုပ်ခွင့်မရှိဘဲ အလုပ်လုပ်ကိုင်ခြင်း (သို့မဟုတ်) နိုင်ငံခြားသားအလုပ်သမားများကို တားမြစ်ထားသည့် အလုပ်များကို လုပ်ကိုင်သည့် အလုပ်သမားအား ထောင်ဒဏ်ငါးနှစ်ထက်မပိုသည့် ပြစ်ဒဏ် (သို့မဟုတ်) ထိုင်းဘတ်ငွေနှစ်ထောင်မှ တစ်သိန်းအထိရှိသည့် ဒဏ်ကြေးငွေကို ချမှတ်ခွင့်ရှိပြီး ပြစ်ဒဏ်နှစ်မျိုးစလုံးကို ချမှတ်နိုင်သည်ဟု ပြဋ္ဌာန်းထားကြောင်း ထိုင်းနိုင်ငံရှိ အလုပ်သမားအရေးဆောင်ရွက်သည့်အဖွဲ့အစည်းများမှ သိရသည်။

**စိုးဝင်း(MLA)**

❑

# အပြည်ပြည်ဆိုင်ရာ ကျောင်းသား ကျောင်းသူများ ပူးပေါင်းဖလှယ်ရေးအစီအစဉ် တက်ရောက်ရန် ကျောင်းသားကျောင်းသူနှစ်ဦး တရုတ်နိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဇူလိုင် ၁**

အပြည်ပြည်ဆိုင်ရာ ကျောင်းသား ကျောင်းသူများ ပူးပေါင်းဖလှယ်ရေး နွေရာသီစခန်း (International Student Exchange Summer Camp) သို့ တက်ရောက်ရန် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်မှ ကျောင်းသား ကျောင်းသူနှစ်ဦးသည် ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် တရုတ်နိုင်ငံသို့ ထွက်ခွာသွားသည်။

အဆိုပါ အစီအစဉ်ကို ဇူလိုင် ၂ ရက်မှ ၁၄ ရက်အထိ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ချန်ဒူးပြည်နယ်ရှိ ဇီချွမ်တက္ကသိုလ် West China School of Stomatology ၌ ကျင်းပမည်ဖြစ်ရာ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (ရန်ကုန်)မှ နောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူများဖြစ်ကြသည့် မောင်ပြည့်ဖြိုးဝင်းနှင့် မချစ်စုတို့ပါဝင် တက်ရောက်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(ကြေးမုံ)**

# အောင်မြေသာကားဂိတ်ရှိ သုံးဘီးဆိုင်ကယ်များကြောင့် ဆိုင်ကယ်ကယ်ရီသမားများ အခက်အခဲဖြစ်

**ပဲခူး ဇူလိုင် ၁**

ပဲခူးမြို့နယ် စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ အောင်မြေသာ ကားဂိတ်အတွင်း သုံးဘီးဆိုင်ကယ်များ စည်းကမ်းမဲ့ ခရီးသည်တင်ဆောင်မှုကြောင့် ဆိုင်ကယ်ကယ်ရီသမားများ အခက်ကြုံနေရကြောင်း ဆိုင်ကယ်ကယ်ရီဂိတ်မှူး ဦးဝင်းမြင့်က ပြောသည်။

မြို့တွင်းဝင်၊ထွက်သွားလာနေသော သုံးဘီးဆိုင်ကယ်များသည် အဝေးပြေးကားများဝင်ရောက်ချိန်တွင် ကားအဆင်း၊အတက်တံခါးဝ၌ပိတ်ရပ်၍ ယာဉ်ကြောပိတ်ဆို့သဖြင့် မလိုလားအပ်သော ပြဿနာဖြစ်လာမည်ကိုစိုးရိမ်ကြောင်း ၎င်းကပြောသည်။

အောင်မြေသာဂိတ်သည် ပဲခူးမြို့နယ် စည်ပင်သာယာနယ်နိမိတ်တွင် ပါဝင်သော်လည်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အသိအမှတ်ပြုထားခြင်းမရှိသောဂိတ်တစ်ခုဖြစ်ကြောင်း သိရသည်။ သို့သော် အောင်မြေသာဂိတ်အနေဖြင့် ခရီးသည်များ အဆင်ပြေသွားလာနိုင်ရန်အတွက် အလှည့်ကျစနစ်ဖြင့် လည်ပတ်နေသော်လည်း သုံးဘီးဆိုင်ကယ်များ စည်းကမ်းမဲ့ ဝင်၊ထွက်သွားလာမှုက ခရီးသည်များကို အနှောင့်အယှက်ဖြစ်စေသလို ဆိုင်ကယ်ကယ်ရီသမားများ၏ ဝင်ငွေကိုပါ ထိခိုက်စေခဲ့သည်။

သုံးဘီးဆိုင်ကယ်များကို မြို့တွင်းမှဖယ်ရှားနိုင်ရန် တင်ပြပြီးဖြစ်သော်လည်း လတ်တလောအချိန်အထိ ဖယ်ရှားနိုင်ခြင်းမရှိသေးပေ။ အဝေးပြေးကားများ ဝင်ရောက်ချိန်တွင်သုံးဘီးဆိုင်ကယ်များ ကားအတက်၊အဆင်းတံခါးပေါက်ပိတ်ရပ်ကာ ခရီးသည်တင်ဆောင်မှုကို တားမြစ်သော်လည်း လိုက်နာမှု မရှိကြကြောင်း အောင်မြေသာ(မထသ) ဂိတ်မှူး ဦးခင်မောင်ညွန့်က ပြောသည်။

**(ကျောက်ကြီး)**

# တာပွန်အထက်တန်းကျောင်းအား အချိန်မီပြုပြင်ပေးရန် လိုအပ်နေ

**နတ်တလင်း ဇူလိုင် ၁**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် တာပွန်မြို့ အခြေခံပညာအထက်တန်းကျောင်းများ ကြံ့ခိုင်မှုအားနည်းသဖြင့် ယခုပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ မဖြေဆိုမီ အချိန်မီပြုပြင်ရန် လိုအပ်နေပြီဖြစ်သည်။

တာပွန်အထက်တန်းကျောင်း၌ ကျောင်းသားဦးရေ ၁၂၃၁ ဦးရှိပြီး ၂၀၁၇-၂၀၁၈ တက္ကသိုလ်ဝင်စာမေးပွဲစာစစ်ဌာနရှိသည့်အတွက် စာဖြေခန်း ၁၄ ခန်းထားရခြင်းဖြစ်ရာ ယခုပညာသင်နှစ် တက္ကသိုလ်ဝင်တန်းဖြေဆိုချိန်မတိုင်မီ အမြန်ဆုံးပြုပြင်ရန် လိုအပ်နေခြင်းဖြစ်သည်။

နန်းလုံးကြိုင်ဆောင်ရှိ ပဉ္စမတန်း သုံးခန်းနှင့်ဆဋ္ဌမတန်းနှစ်ခန်းတို့မှာ အချိန်အခါမရွေး အန္တရာယ်ကျရောက်နိုင်သည့်အတွက် ပိတ်ထားရပြီးဖြစ်သည်။ နန်းလုံးကြိုင်ဆောင်ကို ၁၉၇၅ခုနှစ် ကတည်းက တည်ဆောက်ထားခြင်းဖြစ်ပြီး နှစ် ၄၀ ကျော်ကြာမြင့်နေပြီဖြစ်သည်။ နန်းလုံးကြိုင်ဆောင်၊နှင်းဆီဆောင်၊ စကားဝါဆောင်တို့ကိုဖျက်သိမ်းပြီး ပေ ၂၀၀×၃၀ နှစ်ထပ်ဆောင်ရရှိရေး တင်ပြထားပြီးဖြစ်သည်။ အခြားစံပယ်ဆောင်ရှိ အခန်းပြတင်းပေါက်များမှာလည်း ပျက်စီးနေပြီး လုံခြုံမှုမရှိတော့သဖြင့် အကြီးစား ပြုပြင်ပေးရန် လိုအပ်နေသည်။ နန်းလုံးကြိုင်ဆောင်ရှိ စာသင်ခန်းများကို ပိတ်ထားရသဖြင့် ရွှေရတုခန်းမကို စာသင်ခန်းအဖြစ် ပြောင်းလဲအသုံးပြုခဲ့ရပြီး စံပယ်ဆောင်ကိုသာ ပြန်လည်တည်ဆောက်ခွင့်ရမည်ဆိုပါက ရွှေသာလျောင်း ဘုရားကြီးဝင်းအတွင်း ရွှေ့ပြောင်းရန် ကျောင်းအကျိုးတော်ဆောင်အဖွဲ့က ကြိုတင်စီမံထားပြီးဖြစ်သည်။ တာပွန်ကျောင်းကို အထက်တန်းကျောင်းအဖြစ် ၁၉၅၄ခုနှစ် ဇူလိုင် ၁ ရက်တွင် တိုးမြှင့်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(ဝ၇၁)**



# တောင်ညိုတမံကန်ရေပြည့်အမှတ် ကျော်လွန်သော်လည်းစိုးရိမ်ဖွယ်မရှိ



**နတ်တလင်း ဇူလိုင် ၁**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် တောင်ညိုတမံသည် ဇူလိုင် ၁ ရက် နံနက်ပိုင်းတွင် မိုးရွာသွန်းမှုများသောကြောင့် တောင်ညိုတမံရေကန်ပြည့်အမှတ်ကိုကျော်လွန်ပြီး ရေပိုလွှဲမှစတင်ရေကျော် နေပြီးဖြစ်သော်လည်း စိုးရိမ်ဖွယ်ရာ မရှိဟု ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှူး ဦးစဝ်ခွန်ထွန်ဦး၏ ပြောကြားချက်အရ သိရသည်။ ယခင်နှစ်ဇွန်လ၌ မိုးရွာသွန်းသည့်မိုးရေချိန် ၁၂လက်မထက် အနည်းငယ်ပိုသော်လည်းစီးဝင် ရေမှာနှစ်ဆခန့်ပိုမိုပြီးပုံမှန်ကန်ရေပြည့်ရောက်ချိန်ထက် နှစ်လစောကာ ရေပိုလွှဲမှ ရေစတင်ကျော်နေပြီဖြစ်သည်။ သို့သော် မိုးရာသီဖြစ်သဖြင့် ယခုအချိန်အထိ စိုးရိမ်စရာမရှိသေးဘဲ အန္တရာယ်ဖြစ်ပေါ်မည့်အခြေအနေပေါ်ပေါက်မည်ဆိုပါက အချိန်နှင့်တစ်ပြေးညီကြိုတင်အသိပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ဝ၇၁)**

# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နှစ်ရက်အတွင်း ကြိုးတံတားနှစ်စင်းပျက်စီး

**ပူတာအို ဇူလိုင် ၁**

ပူတာအိုခရိုင်အတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် နောင်မွန်မြို့နှင့် မချမ်းဘောမြို့နယ်အတွင်းရှိ လူကူးကြိုးတံတားနှစ်စင်း ရေတိုက်စားကာ ပျက်စီးခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဇွန် ၂၈ ရက် ညပိုင်းတွင် နောင်မွန်မြို့၌ မိုးသည်းထန်စွာရွာသွန်းခဲ့ရာ နောင်မွန်မြို့ ရပ်ကွက် (၅) ရှိ သံမဏိကြိုးအကူဖြင့် တည်ဆောက်ထားသော အရှည်ပေ ၄၅၀၊ အကျယ် သုံးပေရှိ ကဆန်ချောင်းဝါးခင်းကြိုးတံတားမှာ ချောင်းရေတိုက်စားကာ ပြိုကျပျက်စီးသွားခဲ့ကြောင်း သိရသည်။ အဆိုပါ ကြိုးတံတားမှာ ဒေသခံပြည်သူများ ကဆန်ချောင်းတစ်ဘက်ကမ်းရှိ လယ်များသို့ သွားရောက်ရန်အတွက် ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ၂၀၀၈ ခုနှစ်တွင် ဆောက်လုပ်ထားခြင်းဖြစ်ပြီး ဆောက်လုပ်ရာတွင် လပြည့်ဝန်းကုမ္ပဏီက တာဝန်ယူဆောက်လုပ်ပေးခဲ့ခြင်းဖြစ်သည်။

ယခုအကြိမ်ပျက်စီးမှုမှာ ဒုတိယအကြိမ် ပျက်စီးခြင်းဖြစ်ပြီး ၂၀၁၆ ခုနှစ် စက်တင်ဘာ ၅ ရက်ကလည်း ရေတိုက်စားမှုကြောင့် တစ်ကြိမ်ပျက်စီးခဲ့ရာ ၂၀၁၆ -၂၀၁၇ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေ ငွေကျပ်သိန်း ၄၀ အသုံးပြု၍ ပြန်လည်ပြုပြင်ထားခြင်းဖြစ်သည်။

ထို့ပြင် ဇွန် ၂၉ ရက်ကလည်း မချမ်းဘောမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့ရာ လခက်ချောင်းရေကြီးမှုဖြစ်ပေါ်ခဲ့ပြီး ယင်းရေကြီးမှုကြောင့် မန်ဒိုကျေးရွာနှင့် ပန်ဆပ်ကျေးရွာကို ဆက်သွယ်ပေးထားသော အရှည်ပေ ၃၀၀၊ အကျယ် ရှစ်ပေရှိ လူကူးကြိုးတံတားမှာ ရေစီးနှင့်အတူ မျောပါသွားခဲ့သည်။

အဆိုပါကြိုးတံတားကို ၂၀၁၄ -၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး တံတားများပျက်စီးမှုကြောင့် လူ၊ တိရစ္ဆာန် ထိခိုက်ပျက်စီးမှု တစ်စုံတစ်ရာမရှိခဲ့ကြောင်း ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

**(မင်းမင်းဦး)**

## ကြေးမုံ သတင်းတိုများ

### အောင်ချက်အကောင်းဆုံး ကျောင်းများအား ဂုဏ်ပြုဆုချီးမြှင့်

**ဖြူး ဇူလိုင် ၁**

မန်းအောင်ငြိမ်းဖောင်ဒေးရှင်းမှဦးဆောင်၍ ဇူလိုင် ၁ ရက် နံနက် ၉ နာရီတွင် ဖြူးမြို့နယ်ခန်းမ၌ ဖြူးမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများမှ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသည့် ကျောင်းသား ကျောင်းသူများနှင့် အောင်ချက်အကောင်းဆုံး ကျောင်းများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပသည်။ အောင်ချက်အကောင်းဆုံးဆုကို ညောင်ပင်သာအထက်တန်းကျောင်းက ရရှိခဲ့ပြီး ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင်ဖြူးမြို့အတွင်းမှ ငါးဘာသာဂုဏ်ထူးရှင် လေးဦး၊ လေးဘာသာ ၁၄ ဦး၊ သုံးဘာသာ ၁၉ ဦး၊ နှစ်ဘာသာ ၃၅ ဦး၊ တစ်ဘာသာ၁၆၂ ဦး ရရှိကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

### ယခင်နှစ်ကထက် ငရုတ်အထွက်နှုန်း ကျဆင်း

**စလင်း ဇူလိုင် ၁**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်တွင် မိုးနည်းသောကြောင့် ကျောက်စိမ်းငရုတ်စိုက်ခင်းများ ယမန်နှစ်ကလောက် အောင်မြင်ဖြစ်ထွန်းမှုမရှိကြောင်း သိရသည်။ ကျောက်စိမ်းငရုတ်မှာ အညာရာသီဥတုနှင့်ကိုက်ညီ၍ မိုးမျှော်စိုက်ပျိုးရခြင်း ဖြစ်သည်။ ပြီးခဲ့သည့်နှစ်က မိုးဦးကာလ မိုးကောင်းခဲ့၍ ငရုတ်စိုက်တောင်သူများ ဇွန်လအတွင်းမှာပင် သီးနှံဆွတ်ပြီး ရောင်းချနိုင်ခဲ့သော်လည်း ယခုနှစ်တွင် မေလအတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့သည့်အတွက် ဇွန်လတစ်လလုံး မိုးရွာသွန်းမှုနည်းပါးခဲ့ရာ အထွက်နှုန်းကျဆင်းခဲ့ရခြင်း ဖြစ်သည်။ ယခုနှစ်မှာ အထွက်နှုန်းကျဆင်းသလို ဈေးရရှိမှုအပိုင်းတွင်လည်း တစ်ပိဿာ ငွေကျပ် ၉၀၀ မှ ၁၀၀၀ခန့်သာ ရှိကြောင်း သိရသည်။

**(ဖိုးပြည့်)**

### တူးချောင်းကျေးရွာကျောင်းကို အလယ်တန်းကျောင်းအဆင့် တိုးမြှင့်

**ညောင်တုန်း ဇူလိုင် ၁**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်ရှိ တူးချောင်းအခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ကို အလယ်တန်းကျောင်းအဖြစ် တိုးမြှင့်ခြင်းကို ဇွန် ၂၈ရက်က ကျင်းပခဲ့သည်။ ယင်းနောက် အဋ္ဌမတန်းနှင့် စတုတ္ထတန်းမှ (A)အဆင့်ဖြင့် အောင်မြင်သည့် ကျောင်းသား ကျောင်းသူများ၊ မြို့နယ်အဆင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ဆုရရှိသူများကို ဆုများချီးမြှင့်ပေးအပ်ခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**

### မော်တာတပ်လက်တွန်းလှည်း မသန်စွမ်းသူများအတွက် အဆင်ပြေ

**မန္တလေး ဇူလိုင် ၁**

အလင်းသစ်ကိုယ့်အားကိုယ်ကိုး မသန်စွမ်းသူများအသင်းကပြုလုပ်သည့် မော်တာတပ်တွန်းလှည်းများမှာ မသန်စွမ်းသူများ ဈေးရောင်းချရာတွင် အဆင်ပြေစေရန် များစွာထောက်ပံ့ပေးနိုင်ကြောင်း သိရသည်။ လက်တွန်းလှည်းတွန်းနိုင်ရန် ခက်ခဲသည့် မသန်စွမ်းသူများအတွက် မော်တာ တပ်တွန်းလှည်းများကို စီးပွားဖြစ်အတွက်မဟုတ်ဘဲ မသန်စွမ်းသူများ အဆင်ပြေစေရန်အတွက် သီးသန့်ရည်ရွယ်ထုတ်လုပ်ခြင်းဖြစ်ပြီး မော်တာတပ် တွန်းလှည်းတစ်စီးကို ငွေကျပ်ငါးသိန်းနီးပါး တန်ဖိုးရှိကြောင်း သိရသည်။

**(တိမ်တမန်)**

### ရေကြည်ပေါက် လျှပ်စစ်မြစ်ရေတင်ဖြင့် လယ်ယာမြေများ အထွက်နှုန်းကောင်း

**မန္တလေး ဇူလိုင် ၁**

ရေကြည်ပေါက် လျှပ်စစ်မြစ်ရေတင်စနစ်ဖြင့် စိုက်ပျိုးသော လယ်မြေများ အထွက်နှုန်းကောင်းမွန်ပြီး တစ်ဧကလျှင် စပါးတင်း ၁၂၀ ကျော်အထိ ထွက်ရှိကြောင်း သိရသည်။ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ရေကြည်ပေါက်ရွာရှိ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်) ရေကြည်ပေါက် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းမှ နွေစပါးနှင့် နှမ်းစိုက်ဧက စုစုပေါင်း ဧက ၃၂၀ လျာထားကာ ရေပေးဝေခဲ့ခြင်းဖြစ်သည်။ စိုက်ပျိုးရေကို ဒုဋ္ဌဝတီမြစ်အတွင်းမှ လျှပ်စစ်စွမ်းအားဖြင့် ရေတင်ခြင်းဖြစ်သည်။

**နွေနဒီ(မြစ်ငယ်)**

# ပရိသတ်အနည်းဆုံးဖြစ်ခဲ့တဲ့ ရိုးရာလက်ဝှေ့ပွဲ

## ဇင်လင်းထွန်း(မနုဖြူ)

ယခုရက်ပိုင်းအတွင်း ပြောစရာသတင်းအနေအထားကို လေ့လာကြည့်သည့်အခါ ထားဝယ်မုန့်ကဲ့သို့ပင်လား၊ ဆင်းဒဝစ်ချ်ခေါ် အသားညှပ်ပေါင်မုန့်ကဲ့သို့ပင်လားဟု စဉ်းစားနေမိသည်။ အဘယ်ကြောင့်ဆိုသော် မြန်မာ့ရိုးရာလက်ဝှေ့သတင်းနှစ်ခုအကြားတွင် မြန်မာနိုင်ငံ ကချင်ပြည်နယ်သား အောင်လအန်ဆန် MMA မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဖြစ်သွားသော သတင်းရှိနေ၍ဖြစ်သည်။

တကယ်တော့ အောင်လအန်ဆန်နှင့် MMA ကမ္ဘာ့မစ်ဒယ်ဝိတ်တန်း လက်ရှိချန်ပီယံ ရုရှားနိုင်ငံသား ဗစ်တာလီဗစ်ဒက်ရှ်တို့ ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏတွင် ဇွန် ၃၀ ရက် ညနေ ၆ နာရီအချိန်စတင်မည့် One Championship ပြိုင်ပွဲ၏ အဓိကပွဲကြီး (ကမ္ဘာ့ချန်ပီယံခါးပတ်လုပွဲကြီး) အဖြစ် ယှဉ်ပြိုင်ကြမည်ဆိုသော သတင်းက ကြိုတင်ပျံ့နှံ့မှု အားကောင်းခဲ့သည်။ ထိုပွဲ၏ ရှေ့တွင် အနီးစပ်ဆုံး ရိုးရာလက်ဝှေ့ပွဲသတင်းဟူ၍ ဇွန် ၂၅ ရက်က သိမ်ဖြူ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲရုံတွင် ကျင်းပသွားခဲ့သော Lethwei Nation Fight မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲသာရှိသည်။ ထိုသတင်းဆိုလျှင် ရက်ချင်းကွာသွားပြီဖြစ်၍ ဟပ်ဖို့မဖြစ်နိုင်သလောက်ပင်။ သို့ရာတွင် မမျှော်လင့်ထားသော မြန်မာ့ရိုးရာလက်ဝှေ့ပွဲတစ်ပွဲက ဇွန် ၃၀ ရက် မွန်းလွဲ ၂ နာရီအချိန်မှာပင် သိမ်ဖြူ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲရုံ၌ ကျင်းပလာသည့်အခါ MMA ပွဲ သတင်းထက်စောသွားလေသည်။

ထိုပွဲကို စီစဉ်ပေးသည့် Myanmar Media Group က တနင်္ဂနွေနေ့မှ ကျင်းပလိုသော်လည်း ပွဲခေါင်းစဉ်က "အိုလံပစ်နေ့အထိမ်းအမှတ် မြန်မာ့ရိုးရာလက်ဝှေ့ပွဲ"ဟုဆိုသည့် အဆိုပါ အထိမ်းအမှတ်ပွဲများကို ဇွန်လအတွင်း၌ပင် ကျင်းပရမည်ဖြစ်ပြီး ဇူလိုင်လအတွင်းသို့ မကူးစေရဆိုသော ကန့်သတ်ချက်ကြောင့် ဇွန် ၃၀ ရက်နေ့မှာပင် ကျင်းပရခြင်းဖြစ်ကြောင်း ရုံဝင်ကြေး အခမဲ့ဖြင့် စီစဉ်ပေးသူ ဦးဝဏ္ဏ (ခ) ဆရာမာဂျေက ပြောသည်။ ထိုကဲ့သို့ ရုတ်တရက် ထ၍စီစဉ်ရခြင်း၊ တွဲဆိုင်းများကလည်း မျိုးဆက်သစ်များဖြစ်နေခြင်း၊ ပွဲချိန်မတိုင်မီ မိုးသည်းထန်စွာရွာသွန်းခြင်း၊ သုဝဏ္ဏဘောလုံးကွင်းတွင် မြန်မာယူ-၂၂ အသင်းနှင့် ဟောင်ကောင်ယူ-၂၂ အသင်းတို့ ညနေပိုင်းကစားရန်ရှိနေခြင်း၊ အဆိုပါကွင်း၏ လမ်းတစ်ဖက်ခြမ်းရုံထဲတွင် မြန်မာ့အသည်းကျော် အောင်လအန်ဆန်ပါဝင်သော MMA ပြိုင်ပွဲရှိနေခြင်းတို့ ပေါင်းဆုံသွား၍ ထင်သည်။ သိမ်ဖြူရုံတွင် ပရိသတ်အနည်းဆုံးပွဲတစ်ပွဲဖြစ်ခဲ့သည်။ မည်သို့ပင်ဖြစ်စေ ၂၀၁၇ အိုလံပစ်နေ့ အထိမ်းအမှတ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲတွဲဆိုင်းများ၏ အနေအထားတွင် အနာဂတ်ရိုးရာလက်ဝှေ့အတွက် အားတက်စဖွယ်တွေ့ရသည်ဟု ဆိုနိုင်ပါသည်။

သုံးချီပွဲများ၏ ပထမဆုံးတွဲဆိုင်းဖြစ်သည့် ချမ်းကိုကို (၁၈၈၆ -မန္တလေး)နှင့် စောဘခက်(ရွှေဖူး) တို့သရေပွဲဖြစ်သွားပုံက အကြိတ်အနယ်ရှိလှသည်။ ထို့နောက် လူသစ်တန်းပွဲ အတွေ့အကြုံအတန်အသင့်ရှိထားသော်လည်း ကိုယ်အလေးချိန် သုံးကီလိုခန့်နည်းသည့် ကြယ်စင်ထွန်း (အဖြူရောင်သွေးသစ်)ကို ဇွတ်မိုက်(ကျားဘုရင်)က ခေါင်းဆက်တိုက်ချက်များဖြင့် ဒုတိယအချီ ၅၅ စက္ကန့်တွင် အမှတ်စဉ်အရေခံစေပြီး တတိယအချီ ၁ မိနစ် ၈ စက္ကန့်တွင် ဒိုင်ပွဲရပ်ဖြင့် အနိုင်ယူလိုက်သောပွဲက ကျားဘုရင်ကလပ်နည်းပြဆရာ ခွန်ကျော်ဆွေအတွက် လက်မထောင်စရာဖြစ်သွားသည်။ စည်သူထွန်း (ဟံသာဝတီသား) ကို ဂျိုကာ(အဖြူရောင်သွေးသစ်)က ပထမအချီမှာပင် အလဲထိုးသောပွဲ၊ ကျော်ကျော်သားငယ် (အဖြူရောင်သွေးသစ်)နှင့် ကရင်သွေး(ရိုးရာအားမာန်) တို့သရေပွဲ၊ ဖြိုးလင်းဇော် (STL)နှင့် အားထက်မင်း(ကျားဘုရင်) တို့သရေပွဲများက ပရိသတ်ကို ရိုးရာလက်ဝှေ့ပွဲ ရသပေးနိုင်စွမ်းရှိပါသည်။ စောင့်ကြည့်ရမည့် မျိုးဆက်သစ်တစ်ယောက်ကို သုံးချီနောက်ဆုံးပွဲ (ပွဲစဉ်အမှတ် ၆) တွင် တွေ့လိုက်ရသည်။ ကောင်းကောင်း (ဟံသာဝတီသား) ကို ဒုတိယအချီ ၁ မိနစ် ၅၂ စက္ကန့်တွင် အလဲထိုးလိုက်သော စောဖိုးထွန်း (သတ္တိရိုးရာလက်ဝှေ့ကလပ်) ဖြစ်သည်။ ခန္ဓာကိုယ်အချိုးအဆက်ကလည်း လက်ဝှေ့သမားကောင်းတစ်ယောက်အတွက် လုံလောက်သော အနေအထားဖြစ်သည်။ သတ္တိကလပ်နည်းပြချုပ် ဆရာ ဦးဝင်းဇင်ဦး၏ အပြောအရ ယခုပွဲသည် စောဖိုးထွန်း၏ ပထမဆုံးကြိုးဝိုင်းအတွေ့အကြုံဖြစ်ကြောင်း သိရသည်။ ပြိုင်ဘက်ဖြစ်သူ ကောင်းကောင်းက မည့်လှသော်လည်း စောဖိုးထွန်း၏ ပြင်းထန်တိကျသော ဘယ်ဝိုက်လက်သီး အထိခံရသည့်အခါ နှစ်မိနစ်အနားတောင်း၍ပင် အဆင်မပြေတော့ဘဲ ရှုံးပွဲကြုံသွားရလေသည်။ တစ်ပွဲတည်းသော လေးချီပွဲတွင် ဒေါင်းသည်းနီ(ဒေါင်းမြန်မာ)ကို ဒုတိယအချီ ၂ မိနစ် ၃၆ စက္ကန့်တွင် အနားတောင်းစေပြီး တတိယအချီ ၁ မိနစ် ၅၃ စက္ကန့်၌ အလဲထိုးလိုက်သော ဖိုးသွေး (အဖြူရောင်သွေးသစ်) ကလည်း စောင့်ကြည့်ရမည့် ကစားသမားဟု ဆိုရပေမည်။

သိမ်ဖြူမြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲရုံမှ အိုလံပစ်နေ့အထိမ်းအမှတ်ပွဲများ သတင်းနောက်တွင် အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌လည်း မြန်မာ့ရိုးရာလက်ဝှေ့ပွဲသတင်းရှိနေပြန်သည်။ သို့ရာတွင် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲပုံစံဖြင့်တော့ မဟုတ်ဘဲ MMA သံဆန်ခါဝိုင်းထဲတွင် အမှတ်ပေးစနစ်ဖြင့်ယှဉ်ပြိုင်ရသော သွေးသစ်ဝင်းလှိုင် (Adventure)နှင့် စိုးထက်ဦး (STL) တို့ပွဲဖြစ်သည်။ အဆိုပါတစ်ပွဲတည်းသော မြန်မာ့ရိုးရာလက်ဝှေ့ပွဲသည် ပွဲမတိုင်မီကပင် အမှတ်ပေးစနစ်ဖြင့်ဆိုပါက သွေးသစ်ဝင်းလှိုင်ပင်အနိုင်ရလိမ့်မည်ဟု ဝါရင့်ပရိသတ်များက ကြိုတင်ခန့်မှန်းထားကြသည့်အတိုင်း ဖြစ်လာခဲ့သည်။ ဘွဲ့ရရိုးရာလက်ဝှေ့သမား တစ်ယောက်ဖြစ်ပြီး စိုးထက်ဦးထက် ငယ်ဂုဏ်လည်းသာသော သွေးသစ်ဝင်းလှိုင်က ပါးပါးနပ်နပ်ပင်အမှတ်များစွာယူ၍ အပင်ပမ်းခံ အလဲမထိုးတော့ဘဲ နိုင်ပွဲကိုသေချာစေခဲ့သည်။ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲစီစဉ်သူများအနေဖြင့်ဆိုလျှင် တွဲဆိုင်းမကပ်လောက်ဟု ဆိုရမည်ဖြစ်သော သပြေညိုနှင့် ထက်အောင်ဦးတို့၏ MMA ပွဲကတော့ ကြမ်းပြင်ပေါ်တွင် လုံးလားထွေးလားအဆင့်သို့မရောက်ခဲ့၊ ပထမအချီမှာပင် ထက်အောင်ဦး၏ ညာပင့်လက်သီးက မှန်းရာမရောက်ဘဲ လေထဲသို့မြောက်အတက် သပြေညို၏ ညာဝိုက်လက်သီးချက်က ထက်အောင်ဦးကို အရုပ်ကြိုးပြတ်ပြုတ်ကျသွားစေခဲ့သောကြောင့်ဖြစ်သည်။ မြန်မာ့ရိုးရာလက်ဝှေ့သမားချင်း MMA ပြိုင်ပွဲစည်းမျဉ်းဖြင့်ယှဉ်ကြသောပွဲများဖြစ်စေ၊ ပြည်ပနိုင်ငံသားချင်းယှဉ်ကြသောပွဲဖြစ်စေ ပရိသတ်များက အထူးတလည် အာရုံကျလှသည်ဟု မဆိုသာပေ။

အဘယ်ကြောင့်ဆိုသော် ပရိသတ်အားလုံး စိတ်စောလျက်ရှိသည်က MMA ကမ္ဘာ့ချန်ပီယံ(မစ်ဒယ်ဝိတ်တန်း) ခါးပတ်လုပွဲကြီးဖြစ်နေသောကြောင့်ပင်။ အဆိုပါပွဲတွင် အောင်လအန်ဆန်က ပွဲမတိုင်မီ သူကြိုတင်ကြိမ်းဝါးထားသကဲ့သို့ပင် ချန်ပီယံဘွဲ့ခံယူကာ ခါးပတ်ကိုပိုင်ဆိုင်သွားခဲ့သည်။ အချို့သောပရိသတ်များ၏ ပွဲပြီးသုံးသပ်ချက်တွင် အိမ်ရှင် အောင်လအန်ဆန်အတွက် အမှတ်ပေးဒိုင်များ ဘက်လိုက်သယောင်သဘောမျိုးပါဝင်လာခဲ့ရာ ဖေ့ဘုတ်ပေါ်တွင် အချေအတင်စကားတို့ ပလူပျံသွားခဲ့သည်။ ကမ္ဘာ့နိုင်ငံအတော်များများတွင် လှည့်လည်ကျင်းပလျက်ရှိပြီး ပြိုင်ပွဲ၏ အမှတ်တံဆိပ်နှင့် ဂုဏ်သတင်းကို တည်ဆောက်နေသောအဖွဲ့အစည်းတစ်ရပ်အနေဖြင့် အချို့ဝေဖန်သုံးသပ်သကဲ့သို့ အမှတ်ပေးဒိုင်များကို ဘက်လိုက်စေခြင်းမျိုးလုပ်ပါမည်လားဆိုသောအချက်က စဉ်းစားစရာဖြစ်ပါသည်။ ဖြစ်စဉ်တွင်လည်း ပထမနှင့် ဒုတိယအချီများ၌ အောင်လသာလျှင် အမှတ်သဲ့ယူနေသည်ဟု ဆိုနိုင်သော အနေအထားကို ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းနားမလည်သူများပင် ထင်သာမြင်သာရှိနေသည်။ Stand Fight အနေအထားတွင် အမှတ်များစွာပေးလိုက်ရပြီကိုသိသော လက်ရှိချန်ပီယံက Ground Fight အဖြစ် တိုက်ပွဲကို အသွင်ပြောင်းကာ ပွဲသိမ်းရန် သို့မဟုတ် အမှတ်ယူရန် ကြိုးစားသည့်အခါတွင်လည်း အောင်လအန်ဆန်က Game Plan သာလွန်နေသည်ဟု ဆိုရမည်ထင်သည်။ ဗစ်ဒက်ရှ်၏ ချုပ်ညှစ်မှုများကို ပျော့ခံထားကာ ပြိုင်ဘက်ကို အားကုန်စေပြီး မိမိ၏ခွန်အားနှင့် သက်လုံကိုထိန်းထားသည်။ ထို့ကြောင့်ပင် ဗစ်ဒက်ရှ်သည် အပေါ်စီးမှဖိကာ အောင်လ၏မျက်နှာကို ထိုးနှက်၍ အမှတ်ယူရန်ကြိုးစားသည့်အခါ အောင်လက ဗစ်ဒက်ရှ်၏လက်များကို ထိန်းချုပ်ထားနိုင်ပြီး ဗစ်ဒက်ရှ်ကတော့ တဖြည်းဖြည်း လက်ပမ်းကျလာပုံရသည်။ ကြမ်းပြင်ပေါ်မှ ပြန်ထသည့်အချိန်တွင် အောင်လအန်ဆန်က ခပ်ဆတ်ဆတ်ထနိုင်သော်လည်း ဗစ်ဒက်ရှ်ကတော့ နွေးကွေးလေးလံလွန်းလှသည်။ ကြမ်းပြင်ပေါ်တိုက်ပွဲတွင် အပေါ်မှစီးရလျှင် အမှတ်များစွာသာလွန်၏။ သို့တည်းမဟုတ် အချုပ်ခံရသော်လည်း ပြန်လည်ရှောင်လွှဲထိန်းချုပ်တတ်သူက အမှတ်သာ၏ ဆိုသည်တို့ကို သေချာမသိဘဲ လုပ်ပွဲဟူ၍ ပစ်စလက်ခတ်မှတ်ချက်မပြုသင့်ဟု ဆိုရပါမည်။



ပြည်နယ်နှင့် တိုင်းဒေသကြီး ရိုးရာလက်ဝှေ့ပြိုင်ပွဲဝင်မည့် မွန်ပြည်နယ်အသင်းကို တွေ့ရစဉ်။

သို့ရာတွင် မိမိတို့အမြင်ကို ပေါ်တင်ထုတ်ပြောကြသူများကိုလည်း လွတ်လပ်စွာ သဘောထားကွဲလွဲခွင့်အရ အပြစ်မဆိုပါ။ အလဲထိုးဖြင့် ပြတ်ပြတ်သားသားအဖြေမပေါ်ဘဲ သွေးသစ်ဝင်းလှိုင်နှင့် စိုးထက်ဦးတို့ပွဲကဲ့သို့ ထင်သာမြင်သာမရှိဘဲ အမှတ်ဖြင့် အနိုင်အရှုံးဆုံးဖြတ်ရသောပွဲတိုင်းတွင် ဤသို့သောပွဲပြီးဂယက်က ကပ်၍ ပါလာတတ်စမြဲ။ မည်သို့ဖြစ်စေ အောင်လအန်ဆန် MMA မစ်ဒယ်ဝိတ်တန်း MMA ချန်ပီယံဖြစ်သွားသောကြောင့် မြန်မာနိုင်ငံတစ်လွှား ပျော်ရွှင်ကြသည့် ဂယက်အောက်တွင် အားပျော့ပျက်ပြယ်သွားလိမ့်မည်ထင်ပါသည်။

MMA ပြိုင်ပွဲ၏ နောက်တွင် မြန်မာ့ရိုးရာလက်ဝှေ့သတင်းတစ်ရပ် ကပ်၍နေပြန်သည်။ လာမည့် ဇူလိုင် ၃ ရက်မှ ၁၂ ရက်အထိ ၁၀ ရက်တိုင် နေ့စဉ် မွန်းလွဲ ၂ နာရီအချိန်တိုင်း သိမ်ဖြူရုံ၌ စတင်ကျင်းပမည့် Non-stop ပွဲကြီးဖြစ်သည်။ မြန်မာ့ရိုးရာလက်ဝှေ့လောကအတွက် မျိုးဆက်သစ် ရိုးရာလက်ဝှေ့သမားဖော်ထုတ်ရေး အလေးထားကျင်းပသည့်ပွဲများတွင် နိုင်ငံတော်အဆင့် ပွဲကြီးဖြစ်သော ပြည်နယ်နှင့် တိုင်းဒေသကြီး မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲဖြစ်သည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ယူကျင်းပခြင်းဖြစ်ပြီး မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးကြပ်ပေးသည့် အစိုးရသစ်တာဝန်ယူပြီးနောက် ဒုတိယအကြိမ်မြောက် ကျင်းပခြင်းဖြစ်သော်လည်း ပြိုင်ပွဲကျင်းပမှုသက်တမ်း(၁၅) ကြိမ်မြောက်ရှိလာမည်ဖြစ်သည်။ ယခုပြိုင်ပွဲသည် ယခင်နှစ်ကပွဲထက် ပြိုင်ပွဲဝင်အရေအတွက်ပိုများပြီး ပိုမိုသိုက်မြိုက်စည်ကားမည်ဟု ရိုးရာလက်ဝှေ့အဖွဲ့ချုပ် အတွင်းရေးမှူး ဦးစန်းမြင့်က ပြောသည်။

ပြိုင်ပွဲသို့ ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၄ ခုမှ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ကရင်ပြည်နယ်က ကျား၊ မ ပြိုင်ပွဲဝင် ၄၀ ဖြင့် အများဆုံးဖြစ်ကာ ချင်းပြည် နယ်က လေးဦးဖြင့် အနည်းဆုံးဖြစ်သည်။ ဆေးစစ် ဝိတ်ချိန် မပြုလုပ်ရသေးမီ စာရင်းအရ စုစုပေါင်းပြိုင်ပွဲဝင် ၂၆၀ ကျော်ရှိသည်။ ပြိုင်ပွဲကို လူသစ်တန်းနှင့် (ဂ) အဆင့်ပြိုင်ပွဲအပြင် (ခ) အဆင့်၊ (က) အဆင့်နှင့် အမျိုးသမီးပြိုင်ပွဲဟူ၍ ငါးမျိုးဖြင့် ကျင်းပမည်ဖြစ်ပြီး အမျိုးအစားတစ်ခုတွင် ကိုယ်အလေးချိန် (ဝိတ်)တန်း ၄၈ ကီလို(လိုက်ဖလိုင်း)မှ ၈၁ ကီလို(လိုက်ဟဲဗီးဝိတ်)တန်းအထိ ၁၀ တန်းသတ်မှတ်ထားရာ ပထမတန်းမျိုးဆက်သစ် ပေါ်ထွက်လာမည့်အလားအလာကို မျှော်လင့်ရပေသည်။ ကွာတားဖိုင်နယ်မှ ဗိုလ်လုပွဲအထိ နေ့စဉ် ၁၀ ရက်တိုင် ကျင်းပမည့်ပြိုင်ပွဲကြီးကို ရိုးရာလက်ဝှေ့ဝါသနာရှင်များအနေဖြင့် သိမ်ဖြူရုံတွင် ရုံဝင်ကြေးအခမဲ့ဖြင့် ကြည့်ရှုအားပေးခွင့်ရမည်ဖြစ်ပေသည်။

## ပရိသတ်၏ မေတ္တာကို ထပ်ပိုးရရှိခဲ့တဲ့ ကမ္ဘာ့ချန်ပီယံ အောင်လအန်ဆန်

ပူပူနွေးနွေး မစ်ဒယ်ဝိတ်တန်းကမ္ဘာ့ချန်ပီယံ အောင်လအန်ဆန်က သူ၏ ယှဉ်ပြိုင်ထိုးသတ်မှုများကို ရုပ်မြင်သံကြားမှ တစ်ဆင့်ကြည့်ရှုရင်း စိတ်လှုပ်ရှားလွန်းသဖြင့် သေဆုံးသွားခဲ့သည့် အမျိုးသားတစ်ဦး၏ နာရေးကို ကိုယ်တိုင်သွားရောက် သတင်းမေးခဲ့သည်။ ယင်းအတွက်ကြောင့် ကမ္ဘာ့ချန်ပီယံဖြစ်သည့် အောင်လအန်ဆန်ကို နဂိုကပင် ဂုဏ်ယူပြီး ချစ်ခင်သည့် မြန်မာပရိသတ်များ ပို၍ပင် မေတ္တာသက်ဝင်လာရပြီဖြစ်ကြောင်းကို လူမှုကွန်ရက် စာမျက်နှာများတွင် ရေးသားကြသည့် မှတ်ချက်များကို ကြည့်ရှု၍ အဖြေထုတ်နိုင်မည်ဖြစ်သည်။

သေဆုံးသွားသူ အသက်(၆၄) နှစ်အရွယ် အမျိုးသားကြီးမှာ ရန်ကင်းမြို့နယ်(၁၂)ရက်ကွက် ကံဘဲ့ဘူတာရုံလမ်းရှိ လက်ဖက်ရည်ဆိုင်တွင် အောင်လအန်ဆန်နှင့် ရုရှားနိုင်ငံသား ဗစ်တာလီဗစ်ဒက်ရှ်တို့၏ မစ်ဒယ်ဝိတ်တန်း ရွှေခါးပတ်ချန်ပီယံလုပွဲ ပထမအချီ ထိုးသတ်ပုံများကို ကြည့်ရှုရင်း စိတ်လှုပ်ရှားလွန်းသဖြင့် ရုတ်တရက် သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

အောင်လအန်ဆန် သတင်းသွားမေးသည့်အကြောင်းကို 7 Days မီဒီယာက အွန်လိုင်းသတင်းအဖြစ် ဦးဦးဖျားဖျားတင်ဆက်ခဲ့ရာ တစ်နာရီ မပြည့်မီမှာပင် Like ပေးသူ ၅၂၀၀၀ ကျော်အထိ ရရှိခဲ့သလို ရေးသားခဲ့ကြသည့်မှတ်ချက်များတွင် အောင်လအန်ဆန်၏ စိတ်ထားအပေါ် အထူးချီးကျူးရေးသားမှုများကိုသာ တွေ့ရသည်။ ဇွန် ၃၀ ရက် ညဉ့်နက်ချိန်ရောက်မှ ပြီးဆုံးသွားခဲ့သည့် အဆိုပါပွဲကို ပရိသတ်မြောက်မြားစွာတို့က ကိုယ်တိုင်၊ ရုပ်မြင်သံကြား၊ အွန်လိုင်းတို့မှတစ်ဆင့် စိတ်ဝင်တစားကြည့်ရှုခဲ့ကြပြီး ပွဲစဉ်မတိုင်မီ ရက်ပိုင်းမှစ၍ ယခု အချိန်အထိ အောင်လအန်ဆန်၏ အကြောင်းများကသာ အဓိကနေရာ ယူထားဆဲဖြစ်သည်။ အောင်လအန်ဆန်၏ ပွဲအပြီးပြောကြားခဲ့သည့် မြန်မာနိုင်ငံအတွက် အလေးထားပြောကြားမှုများသည်လည်း ပရိသတ်များအတွက် ဂုဏ်ယူဖွယ်ရာ မမေ့နိုင်ဖွယ်ရာ ဖြစ်စေခဲ့သလို မျိုးချစ်စိတ်ဓာတ် တက်ကြွလာအောင်လည်း တွန်းအားပေးနိုင်ခဲ့သည်။ အောင်လအန်ဆန်မှာ ပြီးခဲ့သည့် မေ ၂၁ ရက်တွင် အသက်(၃၂)နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်သည်။

**မေလှဲ့သင်း**

## ပြည်တွင်းရေးရာ

# ပူတာအိုခရိုင်၌မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နှစ်ရက်အတွင်းကြိုးတံတားနှစ်စင်းပျက်စီး

**ပူတာအို ဇူလိုင် ၁**

ပူတာအိုခရိုင်အတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် နောင်မွန်မြို့နှင့် မချမ်းဘောမြို့နယ်အတွင်းရှိ လူကူးကြိုးတံတားနှစ်စင်း ရေတိုက်စားကာ ပျက်စီးခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဇွန် ၂၈ ရက် ည ၈ နာရီကျော်ခန့်က နောင်မွန်မြို့တွင် မိုးသည်းထန်စွာရွာသွန်းခဲ့ရာ နောင်မွန်မြို့ ရပ်ကွက် (၅) ရှိ သံမဏိကြိုးအကူဖြင့်တည်ဆောက်ထားသော အရှည်ပေ ၄၅၀၊ အကျယ် ၃ ပေရှိသော ကဆန်ချောင်း ဝါးခင်းကြိုးတံတားမှာ ချောင်းရေတိုက်စားကာ ပြိုကျပျက်စီးသွားခဲ့ကြောင်း သိရသည်။

အဆိုပါ ကြိုးတံတားမှာ ဒေသခံပြည်သူများ ကဆန်ချောင်းတစ်ဖက်ကမ်းရှိ လယ်များသို့ သွားရောက်ရန်အတွက် ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ၂၀၀၈ ခုနှစ်တွင် ဆောက်လုပ်ထားခြင်းဖြစ်ကြောင်းသိရပြီး ဆောက်လုပ်ရာတွင် လပြည့်ဝန်းကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုအကြိမ်ပျက်စီးမှုမှာ ဒုတိယအကြိမ်ပျက်စီးခြင်းဖြစ်ပြီး ၂၀၁၆ ခုနှစ် စက်တင်ဘာ ၅ ရက်နေ့ ကလည်း ရေတိုက်စားမှုကြောင့် တစ်ကြိမ်ပျက်စီးခဲ့ရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေ ကျပ်သိန်း ၄၀ အသုံးပြု၍ ပြန်လည်ပြုပြင်ထားခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဇွန် ၂၉ ရက်ကလည်း မချမ်းဘောမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့ရာ လခက်ချောင်းရေကြီးမှုဖြစ်ပေါ်ခဲ့ပြီး ယင်းရေကြီးမှုကြောင့် မန်ဒိုကျေးရွာနှင့် ပန်ဆပ်ကျေးရွာကိုဆက်သွယ်ပေးထားသော အရှည်ပေ ၃၀၀၊ အကျယ် ၈ ပေရှိ လူကူးကြိုးတံတားမှာ ရေစီးနှင့်အတူ မျောပါသွားခဲ့သည်။ အဆိုပါ ကြိုးတံတားကို ၂၀၁၄ -၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးရန်ပုံငွေဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ **မင်းမင်းဦး**

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ထန်ပါခွေမြို့နယ်ခွဲအတွင်းရှိ ကျေးရွာအချို့ရှိကလေးငယ်များဖျားနာမှုဖြစ်ပွား

**ထန်ပါခွေ ဇူလိုင် ၁**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ထန်ပါခွေမြို့နယ်ခွဲအတွင်းရှိ လန်းနောက်ကျေးရွာတွင် ကလေးငယ် ၁၇၀ ခန့် ဖျားနာမှုများဖြစ်ပွားလျက်ရှိသဖြင့် ထန်ပါခွေမြို့နယ်ခွဲ ဆေးရုံမှ ခေတ္တတာဝန်ခံ ဆေးမှူးဒေါက်တာဗိုလ်ကြီးညီညီအေးသိန်းမှ အနီးကပ်သွားရောက်ကုသစောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

လန်းနောက်ကျေးရွာသည် အိမ်ခြေ (၆၇) အိမ်၊ အိမ်ထောင်စု(၇၈)စု လူဦးရေ (၅၄၇) ဦးရှိပြီး အဆိုပါကျေးရွာရှိ ကလေးငယ် ၁၇၀ ခန့်မှာ ဖျားနာရောဂါဖြစ်ပွားလျက်ရှိကြောင်း ကျေးရွာအခြေခံပညာမူလတန်းလွန်ကျောင်းမှ ဆရာမဒေါ်ဟေမာဝင်းမှ ဇွန် ၂၉ ရက်တွင် ထန်ပါခွေမြို့နယ်ခွဲရှိ တိုက်နယ်ဆေးရုံသို့ အကြောင်းကြားရာမှ ဖျားနာရောဂါဖြစ်ပွားလျက်ရှိသည်ကို စတင်သိရှိရခြင်းဖြစ်ကြောင်း သိရသည်။

"စတင်ဖြစ်တာ ဇွန်၂၃ ရက်လောက်ကတည်းကကျောင်းကို ကလေးတွေ တစ်နေ့ထက်တစ်နေ့ အလာနည်းလာတဲ့အတွက် ရွာထဲကိုသွားပြီး ကြည့်တဲ့အခါမှာ ကလေးတွေဖျားနေတာကို တွေ့ရတယ်။ တစ်နေ့ထက်တစ်နေ့ ဖျားနာမှုများလာတဲ့အတွက် ထန်ပါခွေတိုက်နယ်ဆေးရုံကို လှမ်းပြီးအကြောင်းကြားလိုက်တယ်၊ အဲဒီက ဆေးမှူးဗိုလ်ကြီးက အခုလာပြီးကုသပေးနေတာပါ" ဟု ကျေးရွာတွင် ဖျားနာရောဂါဖြစ်နေကြောင်းကိုအကြောင်းကြားပေးသူ ဆရာမဒေါ်ဟေမာဝင်း၏ ပြောကြားချက်အရ သိရသည်။

အဆိုပါကျေးရွာတွင် ဖြစ်ပွားလျက်ရှိသော ဖျားနာရောဂါ နောက်အခြေအနေမှာ ဆေးမှူးဗိုလ်ကြီးညီညီအေးသိန်းထံတွင် ကလေးငယ် ၁၇၀ ကုသမှုခံယူလျက်ရှိရာ အဆိုပါအထဲမှ စိုးရိမ်ရကလေးငယ်နှစ်ဦးကို ထန်ပါခွေ မြို့နယ်ခွဲတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ကုသလျက်ရှိပြီး ကျန်ရှိ ဖျားနာ ကလေးငယ်များထဲမှ လေးဦးတွင် သွေးလွန်တုပ်ကွေးရောဂါ လက္ခဏာတွေ့သဖြင့် စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ဒေသမှာ အခုနှစ်မိုးရာသီတွင် မိုးများတဲ့အတွက် ဖျားနာရောဂါဖြစ်ပွားတဲ့အခြေအနေပါ၊ ထန်ပါခွေမှ ဆေးမှူးကလာပြီး ကုသပေးနေပါတယ်။ အခုလည်းမိုးတွေရွာတဲ့အတွက် တစ်ရွာနဲ့ တစ်ရွာသွားလာဖို့ဆိုတာ အတော်ကို ခက်ခဲပါတယ်။ ဆိုင်ကယ်လမ်းတွေပဲရှိတယ်။

တာမောင်နဲ့ မခွာလယ်ကျေးရွာ တွေကို သွားဖို့အတွက် အတော့်ကို ကြိုးစားနေရ တယ်" ဟု လန်းနောက်ကျေးရွာသားတစ်ဦးက ပြောသည်။

ထို့အပြင် လန်းနောက်ကျေးရွာအနီးတစ်ဝိုက်ရှိ မခွာလယ်ကျေးရွာနှင့် တာမောင်ကျေးရွာတို့ရှိ ကလေးငယ်အချို့တွင်လည်း ဖျားနာရောဂါများ စတင်ဖြစ်ပွားလျက်ရှိသဖြင့် အဆိုပါကျေးရွာများသို့ နာဂဦးစီးအဖွဲ့နှင့် တာဝန်ရှိသူများက သွားရောက်နိုင်ရေး စီစဉ်လျက်ရှိကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# အိမ်တွင်းမှုစက်ချုပ်(အဆင့်မြင့်မွမ်းမံ)သင်တန်းဆင်း

**မြစ်ကြီးနား ဇူလိုင် ၁**

နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန၏ ထောက်ပံ့မှုဖြင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကာ မြစ်ကြီးနားမြို့ ရှမ်းစုမြောက်ရပ်ကွက် အိမ်တွင်းမှု သက်မွေးပညာသင်ကျောင်းတွင် ဖွင့်လှစ်ထားသော အိမ်တွင်းမှု စက်ချုပ် (အဆင့်မြင့် မွမ်းမံ) သင်တန်းအမှတ်စဉ် (၄/၂၀၁၇)ဆင်းပွဲကို ဇွန် ၃၀ ရက် မွန်းလွဲ ၁ နာရီက အဆိုပါကျောင်းအစည်းအဝေးခန်းမ၌ကျင်းပရာ ကချင်ပြည်နယ် လူမှုရေးဝန်ကြီးဒေါက်တာသင်းလွင်က သင်တန်းဆင်းအမှာစကား ပြောကြားခဲ့သည်။

ထို့နောက် ကချင်ပြည်နယ် ဝန်ကြီးချုပ်၏ ဇနီး ဒေါက်တာဂျေကော့ဘူက သင်တန်းတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည် သင်တန်းသူသုံးဦးအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ပြီး လွှတ်တော်ဥက္ကဋ္ဌ၏ဇနီးနှင့် ဝန်ကြီးများ၏ဇနီးများ၊ တာဝန်ရှိသူများက သင်တန်းသူ ၄၈ ဦးအား ကျောင်းတက်မှန်ဆုနှင့် အပ်ချုပ်စက်တစ်လုံးစီအား ပေးအပ်ကာ လူမှုရေးဝန်ကြီးမှ အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းအုပ်ကြီးထံသို့ စက်ချုပ်သင်တန်းအထောက်အကူပြု ပိတ်စများ ထောက်ပံ့ပေးအပ်ခဲ့ပြီး ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနမှူး ဦးအောင်စိုးက သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ ဝန်ကြီးချုပ်၏ ဇနီး ဒေါက်တာဂျေကော့ဘူနှင့် ဝန်ကြီးများ၏ ဇနီးများက သင်တန်းသူများ၏ အဝတ်အထည်ချုပ်လုပ်မှု ပြခန်းအား လှည့်လည်ကြည့်ရှုသည်။

သင်တန်းအား ဇွန် ၂ ရက်မှ ဇွန် ၃၀ ရက်အထိ ဖွင့်လှစ်ပေးခဲ့ပြီး သင်တန်း နည်းပြဆရာမများက (အဆင့်မြင့် )စက်ချုပ်ပညာဘာသာရပ်များအား စာတွေ့ လက်တွေ့ သင်ကြားပေးခဲ့သည်။ သင်တန်းသို့ နေရပ်စွန့်ခွာ ပြောင်းရွှေ့စခန်းမှ သင်တန်းသူ (၄၈)ဦး တက်ရောက်ပြီး သင်တန်းအား နေရပ်စွန့်ခွာ ပြောင်းရွှေ့ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ ပြည်တွင်းငြိမ်းချမ်းမှုရရှိရေးနှင့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား အရှိန်အဟုန်မြှင့် အကောင့်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရည်ရွယ်ဖွင့်လှစ် သင်ကြားပေးခြင်းဖြစ်ကာ စက်ချုပ်သင်တန်း အပတ်စဉ် (၁ မှ ၄)အထိ သင်တန်းသူ (၁၅၂) ဦးအား သင်ကြားပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ဦးသူရိန်စိုး (ကချင်မြေ)**



&eftbkawmifjyfc½dk&wyfzUefvifrdU, f&wyfzUS½kboifwefcefrü Ze30 &ufeHuf7em&Du trpppft &m&Svkfefci(rrfr)Hboifweftr Sf0(3^2017) qifyuifyk&m &eftbkawmifjyfc½dk&wyfzUS(, m , D'wd &rSuDxefazu oifwefqift rSpum;ajymlum;onf oifwefqifyoMefukawmifjyfc½dk wyfzUwd c½dk&wyfzUSc½dkt wif&SdU, fwyfzUSrm;? wm0ef&Sdr m;ESifh oifwefom;rm;wuf&mufchumifonf owif;ESifhwyfk689

# ရန်ကုန်မြို့ဦးဝိစာရလမ်းတပ်မတော်ခန်းမ၌ မိနစ် (၂၀) ထမင်းချိုင့်အမြန်ထည့်စိန်ခေါ်ပွဲကြီး စည်ကားစွာကျင်းပမည်



၂၀၁၆ ခုနှစ်ကကျင်းပခဲ့သောမိနစ် (၂၀) ထမင်းချိုင့် အမြန်ထည့်စိန်ခေါ်ပွဲကြီးအားတွေ့ရစဉ်။

**ရန်ကုန် ဇူလိုင် ၁**

နိုင်ငံအတွင်းရှိလုပ်ငန်းခွင် ဝင်ရောက်နေကြသော ဝန်ထမ်းများ၊ ကာယဉာဏ လုပ်သားများအတွက် နေ့လယ်စာထမင်းချိုင့်ကို အိမ်မှပြင်ဆင်သယ်ဆောင်လွယ်ကူစေရန် ရည်ရွယ်၍ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဩဂုတ် ၁၇ ရက်မှ ၁၉ ရက်ထိကို သုံးရက်တိုင်တိုင်ကျင်းပမည့် Myanmar Food Bev 2017 ကုန်စည်ပြပွဲကြီး၌ "Super Flash Lunch Box Competition" မိနစ် (၂၀) ထမင်းချိုင့်အမြန်ထည့် စိန်ခေါ်ပွဲကြီးအား စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း (MRA )မှ သိရသည်။

အဆိုပါ မိနစ် (၂၀) ထမင်းချိုင့် အမြန်ထည့်စိန်ခေါ်ပွဲကြီးအား မြန်မာနိုင်ငံ စားသောက်ဆိုင် လုပ်ငန်းရှင်များအသင်း (MRA) မှ တာဝန်ယူကျင်းပခြင်းဖြစ်ပြီး နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးအခြေအနေများ၊ မြို့ပြလူနေမှုအဆင့်အတန်းများ တိုးတက်ပြောင်းလဲလာသော်လည်း နေ့စဉ်နှင့်အမျှ လုပ်ငန်းဝင်နေရသော ဝန်ထမ်းများ၊ ကာယဉာဏ လုပ်သားများ၏ နေ့လယ်စာထမင်းချိုင့်ကို အိမ်မှ ပြင်ဆင်သယ်ဆောင်ရသည့် အလေ့အထမှာမူ ဆက်လက်တည်တံ့လျက် ရှိနေသောကြောင့် အိမ်မှမထွက်မီ ထမင်းချိုင့် ပြင်ဆင်ထုပ်ပိုးရခြင်းသည်လည်း တာဝန်ကြီးတစ်ရပ်ဖြစ်နေသည့်အတွက် ဝန်ထုပ်ဝန်ပိုး တစ်ခုပမာဖြစ်နေသော ထမင်းချိုင့်ပြင်ဆင်ထုပ်ပိုးခြင်းကို လွယ်ကူလျင်မြန်သော ပုံစံဖြင့်ပြောင်းလဲပြင်ဆင်ထုပ်ပိုးနိုင်စေရန် ရည်ရွယ်၍ ပြိုင်ပွဲအား ကျင်းပရခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှဥက္ကဋ္ဌ ဦးနေလင်းက ပြောကြားခဲ့သည်။

ပြိုင်ပွဲစည်းကမ်းအရ ပြိုင်ပွဲဝင်များသည် ဟိုတယ်၊ စားသောက်ဆိုင်၊ ချိုင့်ဆွဲ ပို့ဆောင်ရေးလုပ်ငန်းများနှင့် အစားအသောက်ဝန်ဆောင်မှုလုပ်ငန်းများတွင် ချက်ပြုတ်တာဝန်ထမ်းဆောင်နေသူ မဖြစ်ရကြောင်း သိရပြီး ပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ကြသော ပြိုင်ပွဲဝင်များနှင့် လာရောက်အားပေးကြသည့် ပရိသတ်များအနေဖြင့် သန့်ရှင်းလတ်ဆတ်၍ အာဟာရပြည့်ဝသော ထမင်းချိုင့်ကိုအချိန်တိုအတွင်း ပြင်ဆင်လာနိုင်ခြင်းဖြင့် တစ်နေ့တာအတွက် ကျန်းမာပျော်ရွှင်၍ တန်ဖိုးရှိသောလူမှုဘဝအချိန်များကို ရရှိပိုင်ဆိုင်နိုင်စေမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲ၌ ယခင်နှစ်ပြိုင်ပွဲ ကျင်းပသကဲ့သို့ ပြိုင်ပွဲဝင် စုစုပေါင်း ၁၆ ဦး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ၁၆ ဦးအဆင့်၊ Quartar Final၊ Semi Final၊ Final ဟူ၍ အဆင့်လေးဆင့်ခွဲ၍ ယှဉ်ပြိုင်မည်ဖြစ်ကာ ပြိုင်ပွဲကို ပြိုင်ပွဲဝင်နှစ်ဦး ထိပ်တိုက်တွေ့ဆုံ ယှဉ်ပြိုင်စေပြီး ၎င်းတို့ နှစ်ဦးအနက်မှ တစ်ဦးကို နောက်တစ်ဆင့် ယှဉ်ပြိုင်ပွဲသို့ တက်ရောက်စေမည်ဖြစ်သည်။

ပြိုင်ပွဲ၌ ပထမဆုဆွတ်ခူးရရှိသူအား ဆုငွေကျပ် ငါးသိန်းနှင့် ဂုဏ်ပြုဆုတံဆိပ်၊ ဒုတိယဆုရရှိသူအား ဆုငွေကျပ်သုံးသိန်းနှင့် ဂုဏ်ပြုဆုတံဆိပ်များ ချီးမြှင့်သွားမည်ဖြစ်သောကြောင့် အဆိုပါ ကျင်းပပြုလုပ်မည့် မိနစ် ၂၀ ထမင်းချိုင့် အမြန်ထည့် စိန်ခေါ်ပွဲကြီးအား စိတ်ပါဝင်စား၍ ယှဉ်ပြိုင်လိုသူများအနေဖြင့် မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းရုံးသို့သော်လည်းကောင်း၊ လူမှုကွန်ရက်စာမျက်နှာမှသော်လည်းကောင်း လျှောက်လွှာများယူ၍ လျှောက်ထားနိုင်ကြကြောင်း၊ ထို့အပြင် ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်က ပထမအကြိမ်မြောက် ကျင်းပပြုလုပ်ခဲ့သော "Super Flash Lunch Box Competition" မိနစ် (၂၀) ထမင်းချိုင့် အမြန်ထည့်စိန်ခေါ်ပွဲကြီးအား ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ဩဂုတ် ၁၈ ရက်မှ ၂၀ ရက်ထိ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်း မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း (MRA ) မှသိရသည်။ **စိုးဝင်း** (MLA)















# တစ်ပြည်ထောင် နှစ်စနစ် ခေတ်သစ် ဟောင်ကောင်

ကိုရင်ညြ

ဓာတ်ပုံ- HK Express

ဟောင်ကောင် အထူးအုပ်ချုပ်ခွင့်ရဒေသ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ ကိုယ်စိတ်နှစ်ဖြာ အေးချမ်းသာယာရေးတို့အတွက် ထာဝရ အားပေးထောက်ခံနေမည်သာဖြစ်ကြောင်း သန္နိဋ္ဌာန်ပြုပြောကြားလိုက်သူက သမ္မတရှီကျင့်ဖျင်ဖြစ်သည်။ ရှီသည် သုံးရက်ကြာ ခရီးစဉ်အဖြစ် ဟောင်ကောင်နိုင်ငံတကာ လေဆိပ်သို့ ဆိုက်ရောက်လာစဉ် ဟောင်ကောင်ပြည်သူတို့ကို နှုတ်ခွန်းဆက် ပြောကြားခဲ့လေသည်။

ဟောင်ကောင်ကျွန်းအား တရုတ်ပြည်မကြီးသို့ ပြန်လည်လွှဲပြောင်းပေးအပ်မှု နှစ် ၂၀ မြောက် နှစ်ပတ်လည်အောင်ပွဲသဘင် အခမ်းအနားသို့ တက်ရောက်ရန်လည်းကောင်း၊ ဟောင်ကောင်၏ ပဉ္စမမြောက် သက်တမ်းအတွက် အစိုးရအဖွဲ့စတင်တာဝန်ယူမှု အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ရန်လည်းကောင်း ဟောင်ကောင်သို့ တရုတ်နိုင်ငံခေါင်းဆောင်ရောက်ရှိလာခြင်းဖြစ်သည်။

ဟောင်ကောင်ပြည်သူတို့အတွက် ဆုမွန်ကောင်းများချွေလိုပြီး ဗဟိုအစိုးရအဖွဲ့က ဟောင်ကောင်ဒေသအား ထောက်ခံအားပေးမှုကို မိမိဖော်ထုတ်ပြသလိုကြောင်း၊ ဟောင်ကောင်ပြည်သူများ၏ အနာဂတ်ဘဝ သာယာစိုပြည်ရေးအတွက် ဗဟိုအစိုးရအဖွဲ့က ကူညီသွားမည်ဖြစ်ကြောင်း သမ္မတရှီက ပြောကြားသည်။

အထူးအုပ်ချုပ်ခွင့်ရဒေသ ပေါ်ထွန်းလာခဲ့ပြီးနောက် လွန်ခဲ့သည့် နှစ်ပေါင်း ၂၀ ကြာကာလပတ်လုံး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခြင်းအတွက် မိမိဂုဏ်ယူဝမ်းမြောက်ကြောင်း ရှီက ဆက်လက်ပြောကြားသည်။

ဟောင်ကောင်၏ ထူးခြားသော နှစ် ၂၀ ကြာ ခရီးလမ်းကို ပြန်လည်သုံးသပ်နိုင်ရန် ဟောင်ကောင်ရှိ အလွှာအသီးသီးမှ ပြည်သူများနှင့် ထိတွေ့ဆက်ဆံသွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဟောင်ကောင်၏ အတွေ့အကြုံကို အခြေခံကာ အနာဂတ်အစီအစဉ်ရေးဆွဲပြီး "တစ်နိုင်ငံ စနစ်နှစ်မျိုး" မူဝါဒကို ကာလရှည်အောင်မြင်စွာ ကျင့်သုံးနိုင်ရန် ဦးတည်ဆောင်ရွက်မည်ဖြစ်ကြောင်း သမ္မတရှီက ပြောကြားသည်။

ထိုစဉ်အတွင်း ဟောင်ကောင်၌ ဒီမိုကရေစီလှုပ်ရှားသူများက ဆန္ဒပြခဲ့ကြသည်။



ဓာတ်ပုံ- HK Express

## ဟောင်ကောင် သမိုင်းကြောင်း တစ်စေ့တစ်စောင်း

ဟောင်ကောင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နှစ် ၅၀ အတွင်း မပြောင်းမလဲ တည်ရှိနေမည့် 'တစ်ပြည်ထောင် စနစ်နှစ်မျိုး' နိုင်ငံရေးမူအရ အထူးအုပ်ချုပ်ခွင့်ရ အစိုးရအဖွဲ့ကို ဖွဲ့စည်းထားသည်။ ဟောင်ကောင်သည် နိုင်ငံတကာအဆင့်မီ မြို့ပြကြီးဖြစ်ကာ အရင်းရှင်စီးပွားရေးစနစ် ထွန်းကားလျက်ရှိပြီး အပြည်ပြည်ဆိုင်ရာ ငွေရေးကြေးရေးလုပ်ငန်းများ၏ အချက်အချာဖြစ်သည်။

ပထမ ဘိန်းစစ်ပွဲပြီးနောက် ၁၈၄၂ ခုနှစ်တွင် ဟောင်ကောင်ကျွန်းသည် ဗြိတိသျှအင်ပါယာ၏ ကိုလိုနီနယ်ဖြစ်လာသည်။ ၁၉၈၃ ခုနှစ်တွင် ဗြိတိသျှ၏ ပင်လယ်ရပ်ခြား နယ်မြေတစ်ခုအဖြစ် ပြန်လည်သတ်မှတ်ခဲ့သည်။ နန်ကျင်းစာချုပ်အရ ဗြိတိန်က ၁၉၉၇ ခုနှစ် ဇူလိုင် ၁ ရက်တွင် ဟောင်ကောင်၏ အချုပ်အခြာအာဏာကို တရုတ်ဗဟိုအစိုးရအဖွဲ့ထံ ပြန်လည် လွှဲပြောင်းအပ်နှင်းခဲ့သည်။ ထို့နောက်တွင် ဟောင်ကောင်အထူး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် ပေါ်ထွန်းလာသည်။

ဟောင်ကောင်လူဦးရေ၏ ၉၃ ဒသမ ၆ ရာခိုင်နှုန်းမှာ တရုတ်လူမျိုးများဖြစ်ကြပြီး ငါးရာခိုင်နှုန်းမှာ အခြားမျိုးနွယ်များဖြစ်ကြသည်။ စတုရန်းမိုင် ၄၀၇ မိုင်မျှသာ ကျယ်ဝန်းသည့် ဟောင်ကောင်တွင် လူဦးရေစုစုပေါင်း ၇ ဒသမ ၄ သန်းနေထိုင်လျက်ရှိရာ ကမ္ဘာပေါ်တွင် လူဦးရေ အထူထပ်ဆုံးဒေသတစ်ခုဖြစ်သည်။

အင်္ဂလိပ်ဘာသာ "Hong Kong" ဆိုသည်မှာ ကွမ်တုန်အသံထွက်မှ ဆင်းသက်လာသည်။ အမွှေးနံ့သာသင်းသော ဆိပ်ကမ်းဟု အဓိပ္ပာယ်ရသည်။ တရုတ်ရိုးသုံးဘာသာစကားအရ 'ရှန်းကန်' (Xiang Gan) ဟုခေါ်တွင်သည်။

ဟောင်ကောင်ဟူသော ဝေါဟာရကို ပထမဦးဆုံးအကြိမ် တွေ့ရှိရသည်မှာ ၁၈၄၂ ခုနှစ် တရုတ်နှင့် ဗြိတိန်တို့ ရေးထိုးခဲ့သည့် နန်ကျင်းစာချုပ်တွင်ဖြစ်သည်။

၁၈၃၉ ခုနှစ်တွင် မန်ချူးအစိုးရက ဘိန်းတင်သွင်းမှုကို ပိတ်ပင်ခဲ့သဖြင့် တရုတ်နှင့် အင်္ဂလိပ်အကြား ပထမဘိန်းစစ်ပွဲဖြစ်ပွားခဲ့ပြီး ၁၈၄၁ ခုနှစ်တွင် ဗြိတိသျှတို့ ဟောင်ကောင်ကို ဝင်သိမ်းခဲ့သည်။

ဘိန်းစစ်ပွဲအပြီး တရုတ်တို့ စစ်ရှုံးသဖြင့် နန်ကျင်းစာချုပ်အရ ဟောင်ကောင်အား ဗြိတိသျှလက်ထဲသို့ လွှဲပြောင်းပေးအပ်ရသည်။ နောက်တစ်နှစ်တွင် ဗြိတိသျှတို့က ဝိတိုရိယမြို့ကို တည်ထောင်ခဲ့သည်။ ၁၈၆၀ ခုနှစ် ဒုတိယ ဘိန်းစစ်ပွဲတွင် တရုတ်တို့ စစ်ရှုံးပြန်ရာ နန်ကျင်းစာချုပ်အရ ကျိုလုံကျွန်းဆွယ်ကို ဗြိတိသျှလက်ထဲ ထပ်မံထိုးပေးရပြန်သည်။

၁၈၉၈ ခုနှစ်တွင် သဘောတူညီချက်များကို တိုးချဲ့ရေးထိုးခဲ့ပြီး ဟောင်ကောင်အား ဗြိတိသျှတို့ကို ၉၉ နှစ်ကြာ ငှားရမ်းပေးခဲ့ရသည်။ ထိုအခါမှစ၍ ဟောင်ကောင်နယ်နိမိတ်သည် ယနေ့တိုင် ပြောင်းလဲခြင်းမရှိခဲ့ချေ။

တောင်တရုတ်ပင်လယ်ကို မေးတင်နေသော ဟောင်ကောင်ပင်လယ်ဆိပ်ကမ်းသည် အရှေ့ဖျားကုန်သွယ်ရေးလမ်းကြောင်းများနှင့် ချိတ်ဆက်ထားသဖြင့် မဟာဗျူဟာမြောက် ပင်လယ်ဆိပ်ကမ်းတစ်ခုဖြစ်သည်။ ပထဝီဝင်အရ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်နေသော အာရှ-ပစိဖိတ်ချိုင့်ဝှမ်းဒေသ၏ ဗဟိုချက်တွင်တည်ရှိသဖြင့် ကမ္ဘာ့ထိပ်တန်းပင်လယ်ဆိပ်ကမ်းများစာရင်းတွင် ပါဝင်သည်။

## သမိုင်းဝင် အခါသမယ

ဇူလိုင် ၁ ရက်သည် ဟောင်ကောင်အတွက် သမိုင်းဝင်နေ့ထူးနေ့မြတ်တစ်ရက်ဖြစ်သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အချုပ်အခြာအာဏာအောက်သို့ ပြန်လည်ရောက်ရှိခဲ့မှု နှစ် ၂၀ ပြည့် အခါသမယတွင် ဟောင်ကောင်၏ သမိုင်းမှတ်တိုင်များကို ပြန်လည်ငဲ့စောင်းကြည့်လိုပေသည်။

တရုတ်နိုင်ငံတည်းဟူသော အမိရင်ခွင်သို့ ဟောင်ကောင်ပြန်လည် ခိုလှုံနိုင်ခြင်းမှာ အမျိုးသားရေးဂုဏ်ဒြပ်အရ ကြီးမြတ်ဝင့်ထည်ခဲ့သည်။ အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဟောင်ကောင်၏ ပထမဆုံးသော အမှုဆောင်အရာရှိချုပ် တုန်ချီဟွာ၏ ဦးဆောင်မှုဖြင့် အသွင်ကူးပြောင်းမှုကို ချောချောမွေ့မွေ့ ဖြစ်စေခဲ့သည်။

သို့ရာတွင် မကြာမတင်ကာလမှာပင် အရှေ့အာရှဘဏ္ဍာရေးပြဿနာကို ဟောင်ကောင်တွေ့ကြုံခံစားခဲ့ရသည်။ အရှေ့အာရှတစ်ခွင် ငွေတန်ဖိုးကျခြင်းနှင့် စီးပွားရေးကျဆင်းခြင်းတို့ ဖြစ်ပေါ်ခဲ့ပြီးနောက် ၂၀၀၃ ခုနှစ် SARS (ခေါ်) ဆားစ်ရောဂါ (အသက်ရှူလမ်းကြောင်းရောဂါ) ကိုလည်းကောင်း၊ ၂၀၀၈ ခုနှစ်တွင် ဘဏ္ဍာရေးပြဿနာကိုလည်းကောင်း၊ ၂၀၀၉ ခုနှစ်နှစ်ကုန်တွင် စတင်ခဲ့သော ယူရိုဇုန်အဖွဲ့ဝင်နိုင်ငံများ၏ ဘဏ္ဍာရေးပြဿနာကိုလည်းကောင်း ဟောင်ကောင်တွေ့ကြုံခံစားခဲ့ရပြီး စီးပွားရေးအရ ထိခိုက်မှုများဖြစ်ပေါ်ခဲ့ရလေသည်။

ဒေသဆိုင်ရာ စီးပွားရေး ဝဲဩဃများကို လွန်မြောက်လေသော် ဟောင်ကောင်စီးပွားရေး ပြန်လည်ဦးမော့လာခဲ့ပြန်သည်။ ယနေ့ကာလတွင် ဟောင်ကောင်သည် တစ်ဦးကျ ဂျီဒီပီတန်ဖိုးအရ တောင်ကိုရီးယားနှင့် တရုတ်တိုင်ပေတို့ထက် အသာရရှိနေပြီဖြစ်သည်။

လွန်ခဲ့သည့် ဆယ်စုနှစ် နှစ်စုတာကာလပတ်လုံး ဒေသအလိုက် စီးပွားရေးအောင်မြင်မှုများကို ဟောင်ကောင်က ထုတ်ဖော်ပြသနိုင်လင့်ကစား ပြည်သူတို့အတွင်း လူမှုရေးအရ အချိုးမညီမှုပြဿနာက ထင်ရှားလှသည်။ ဟောင်ကောင်ပြည်သူတို့အတွင်း ဝင်ငွေညီမျှမှုမရှိသည့် ပြဿနာ၊ နေရေးစရိတ်ကြီးမြင့်သည့် ပြဿနာတို့မှာ အကျယ်အကျယ် မငြိမ်းဖွယ်ဖြစ်နေဆဲပင်။

## တစ်နိုင်ငံ စနစ်နှစ်မျိုး

နိုင်ငံရေးအရ 'တစ်နိုင်ငံ စနစ်နှစ်မျိုး' မူဝါဒကို ဖော်မြူလာထုတ်ပေးခဲ့သူမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ခေါင်းဆောင်ကြီး တိန့်ရှောင်ဖိန်ဖြစ်လေသည်။ လက်ရှိ ဟောင်ကောင်နှင့် မကာအိုတို့၌ ကျင့်သုံးနေသည့် တစ်နိုင်ငံ စနစ်နှစ်မျိုး မူဝါဒ သည် ၂၀ ရာစုနှောင်းပိုင်းတွင် တရုတ်နိုင်ငံအပေါ်သာမက ကမ္ဘာ့စီးပွားရေးနှင့် နိုင်ငံရေးတို့အပေါ် အတိုင်းအတာတစ်ခုအထိ အကျိုးသက်ရောက်စေခဲ့သည်ကား အမှန်ပင်။

တရုတ်နိုင်ငံ၏ အချုပ်အခြာအာဏာအောက်ရှိ ဟောင်ကောင်နှင့် မကာအိုတို့ကို အရင်းရှင်စနစ် စီးပွားရေးပုံစံနှင့် နိုင်ငံရေးပုံစံတို့တွင် နေမြဲအတိုင်း ဆက်လက်ရှိနေရန် ခေါင်းဆောင်ကြီးတိန့်က ခွင့်ပြုပေးခဲ့သည်။

အဆိုပါမူအရ ဟောင်ကောင်သည် နဂိုမူလရှိရင်းစွဲ နိုင်ငံရေးစနစ်၊ တရားဥပဒေ၊ စီးပွားရေးစနစ်တို့ကို ဆက်လက်ကျင့်သုံးခွင့် ရရှိခဲ့လေသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ဇွန် ၂၉ ရက်တွင် ဟောင်ကောင်အုပ်ချုပ်ရေးမှူး လျန်ကျိန့်ရင်းနှင့်လည်းကောင်း၊ အုပ်ချုပ်ရေး၊ တရားဥပဒေပြုရေးနှင့် တရားစီရင်ရေးဆိုင်ရာ တာဝန်ရှိသူများနှင့်လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့ရာတွင် 'တစ်နိုင်ငံ စနစ်နှစ်မျိုး' မူဝါဒအား အကောင်အထည်ဖော်နိုင်မှုကို ထုတ်ဖော်ချီးကျူးခဲ့လေသည်။

ဟောင်ကောင်သည် မိခင်နိုင်ငံ၏ အုပ်ချုပ်မှုအောက်သို့ ပြန်လည်ရောက်ရှိမှု နှစ် ၂၀ ပြည့် အထိမ်းအမှတ် အခမ်းအနားနှင့် ဟောင်ကောင်အထူးဒေသ၏ ပဉ္စမမြောက် အစိုးရအဖွဲ့အား တာဝန်ပေးခန့်အပ်ခြင်း အခမ်းအနားသို့ တက်ရောက်လာသည့် တရုတ်သမ္မတအား လျန်ကျိန့်ရင်းက ကျေးဇူးတင်စကားဆိုခဲ့လေသည်။

ဟောင်ကောင်စီးပွားရေးမှာ ဖွံ့ဖြိုးတိုးတက်နေပြီး လူမှုဘဝ တည်ငြိမ်အေးချမ်းမှုရှိနေခြင်းမှာ ဗဟိုအစိုးရ၏ အလေးထားမှုနှင့် ထောက်ခံမှုတို့ကြောင့်ဖြစ်ကြောင်း၊ ဟောင်ကောင်အထူးဒေသသည် နိုင်ငံတော်၏ ၁၃ ကြိမ်မြောက် ငါးနှစ်စီမံကိန်း၊ 'ခေတ်သစ်ပိုးလမ်းမကြီး' ဖော်ဆောင်မှုနှင့် ကွမ်တုန်း-ဟောင်ကောင်-မကာအိုဒေသ မြို့ပြအသိုက်အဝန်း တည်ဆောက်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဟောင်ကောင်အထူးဒေသ၏ အားသာမှုကို ထုတ်ဖော်ပြီး ပြည်မကြီးနှင့် အပြန်အလှန် ဖြည့်စွက်ပေးကာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း လျန်က ပြောကြားခဲ့လေသည်။

ဟောင်ကောင်နှင့် နိုင်ငံတော်အတွက် ဆောင်ရွက်သည့် စိတ်ဓာတ်ကို ဆက်လက်ထိန်းသိမ်းရန် သမ္မတရှီက တိုက်တွန်းခဲ့ပြီး ဟောင်ကောင်နှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်မည်ဟုဆိုသည်။ အထူးဒေသအုပ်ချုပ်မှုအတွက် အစိုးရအဖွဲ့ကို ဆက်လက်ထောက် ခံအားပေးကာ ဟောင်ကောင်နှင့် ပြည်မကြီးအကြား ပူးပေါင်းဖလှယ်မှုကို တွန်းအားပေး ဆောင်ရွက်မည်ဖြစ်ကြောင်း၊ လူငယ်များနှင့်အတူ နိုင်ငံတော်ချစ်စိတ်၊ ဟောင်ကောင်ချစ်စိတ်တို့ကို ထိန်းသိမ်းကာ ဟောင်ကောင် ပိုမိုအင်အားရှိလာအောင် တည်ဆောက်သွားမည်ဖြစ်ကြောင်း သမ္မတရှီ မြွက်ကြားခဲ့သည်ကို တွေးတောမိရင်း **"တစ်ပြည်ထောင် နှစ်စနစ် ခေတ်သစ် ဟောင်ကောင်"** ဟူ၍ ကျွန်ုပ် ကျူးရင့်မိပါသတည်း။ ။

*Ref: 20 years prove success of "one country, two systems" (SCMP)*

# သာသနာတော်သန့်ရှင်းရေးနှင့် မြန်မာနိုင်ငံ၏ အနာဂတ်သာသနာခရီး

ဇာနည် (စီးပွားရေး)

သာသနာတော်သန့်ရှင်းရေးအကြောင်းအရာကို မတင်ပြမီ သာသနာတော်ပေါ်ထွန်းလာမှုကို ဦးစွာ တင်ပြသွားမည်ဖြစ်ပါသည်။ သာသနာနှစ်မတိုင်မီ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် (ဘီစီ-၅၈၈) တွင် ဉာဘဒ္ဒကမ္ဘာ၏ လေးဆူမြောက် ဂေါတမဗုဒ္ဓမြတ်စွာဘုရားရှင် ပွင့်ထွန်းတော်မူခဲ့ပြီး ၄၅ ဝါပတ်လုံး သတ္တဝါဝေနေယျတို့အား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးချေချွတ်တော်မူပြီးနောက် မဟာသက္ကရာဇ် ၁၄၈ ခု (ဘီစီ-၅၄၃) တွင် မဟာပရိနိဗ္ဗာန်ဝင်စံတော်မူခဲ့ပါသည်။

ထေရဝါဒဗုဒ္ဓသာသနာဆိုသည်မှာ မြတ်စွာဘုရားရှင် ဟောကြားတော်မူသော ပိဋကအားဖြင့် သုံးသွယ်၊ နိကာယ်အားဖြင့် ငါးရပ်၊ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင် တရားတော်များကို မူလအတိုင်း သင်ယူကျင့်ပွားလိုက်နာရသော အသိအကျင့် ဒွန်တွဲထားသည့် သာသနာဖြစ်ပါသည်။ မြန်မာ နိုင်ငံ၌ လူအများ ကိုးကွယ်ယုံကြည်မှုကြောင့် ထေရဝါဒဗုဒ္ဓသာသနာတော်ကို ဂုဏ်ထူးဝိသေသနှင့်ပြည့်စုံသော ဘာသာ သာသနာအဖြစ် အသိအမှတ်ပြုထားခြင်းဖြစ်ပါသည်။

### ထိန်းသိမ်းစောင့်ရှောက်

မြတ်စွာဘုရားရှင်သည် အနန္တသတ္တဝါများအား လောကသံသရာမှလွတ်မြောက်အောင် တရားဓမ္မများကို လိုက်နာကျင့်သုံးနိုင်ရေးအတွက် ပြည့်စုံစွာ ညွှန်ပြဟောကြားထားတော်မူခဲ့ပြီးဖြစ်ပါသည်။ ထိုညွှန်ပြထားခဲ့သောလမ်းကြောင်းကို အတိမ်းအစောင်းခံ၍ မရနိုင်သကဲ့သို့ တရားတော်များ၏ မူရင်း အနှစ်သာရ မပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန်မှာလည်း အရေးကြီးလှပေသည်။

ဂေါတမဗုဒ္ဓမြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံပြီးစ အချိန်တွင် ရာဇဂြိုဟ်ပြည်၌ သုဘဒ္ဒရဟန်းကြီးကဲ့သို့ ရဟန်းဆိုးများ ပေါ်ပေါက်လာသဖြင့် အရှင်မဟာကဿပ အမှူးပြုသည့် မထေရ်မြတ်ကြီးများ အဆက်ဆက်တို့က ပထမသံဂါယနာမှ ဆဋ္ဌသံဂါယနာတိုင်အောင် သံဂါယနာ ၆ တန်တင်၍ သာသနာတော် သန့်ရှင်းစင်ကြယ်အောင် အဆက်ဆက်သော အစိုးရများ၏ အကူအညီဖြင့် ဆောင်ရွက်နိုင်ခဲ့ပါသည်။

### တည်တံ့ခိုင်မြဲ

မြန်မာသက္ကရာဇ် ၄၁၉ တွင် အနော်ရထာမင်းသည် သထုံမှ ကြွလာသော ရှင်အရဟံ ဟောကြားသည့် တရားစကားကို နာကြားရ၍ ကြည်ညိုစိတ်ဖြစ်ကာ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဟူသော ပစ္စည်း လေးပါးဖြင့် ထောက်ပံ့သည့်အပြင် ရှင်အရဟံ၏ လမ်းညွှန်မှုဖြင့် သထုံမှ ပိဋကတ်တော်များကိုပင့်ကာ မိမိရောတိုင်းသူပြည်သားများပါ တရားတော်အတိုင်း လိုက်နာကျင့်သုံးခြင်းဟူသော ဓမ္မပူဇာဖြင့် ပူဇော်သောကြောင့် ဗုဒ္ဓသာသနာတော်သည် ယနေ့တိုင်အောင် မြန်မာနိုင်ငံ၌ တည်တံ့ခိုင်မြဲ၍ ထွန်းကား ကျယ်ပြန့်ခဲ့ပါသည်။

၁၉၈၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံရှိ ဂိုဏ်းပေါင်းစုံ သံဃမထေရ်ကြီးများနှင့် နိုင်ငံတော်အစိုးရတို့၏ ဆရာဒကာညီညွတ်မှုကြောင့် သာသနာဝင်သမိုင်းလိုအပ်ချက်အရ ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့ကြီး ပေါ်ပေါက်အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ 'သုခါ သံဃဿ သာမဂ္ဂီ သမဂ္ဂါနံ တပေါ သုခေါ' သံဃာ ညီညွတ်မှုကို အကြောင်းပြု၍ ထေရဝါဒဗုဒ္ဓသာသနာ ခိုင်မြဲစေရန် ပေါ်ပေါက်ခဲ့ခြင်းဖြစ်ပါသည်။

### ဆရာဒကာ ညီညွတ်စွာ

ဤသို့လျှင် ဗုဒ္ဓဘာသာကို ဆည်းကပ်ကိုးကွယ်သော ပြည်သူလူထုနှင့် အုပ်ချုပ်သူ အဆက်ဆက်တို့က ဆရာတော်သံဃာတော် အရှင်မြတ်တို့နှင့် လက်တွဲ၍ ဆရာဒကာ ညီညွတ်စွာ ထေရဝါဒဗုဒ္ဓ သာသနာတော်မြတ်ကြီးအား ချီးမြှင့်ထောက်ပံ့ခဲ့သည်မှာ ယနေ့အချိန်အထိပင်ဖြစ်ပါသည်။

ထေရဝါဒဗုဒ္ဓသာသနာတော် ညှိုးမှိန်စေရာသော ကိစ္စရပ်များ ပေါ်ပေါက်လာသည့်အခါတိုင်း သံဃအဖွဲ့အစည်းကြီး၏ ဓမ္မစက်အရှိန်အဝါကြီးမားအောင် ဖြည့်ဆည်းပံ့ပိုးဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ဓမ္မစက်ကို ဝန်းရံထောက်ကူပေးသော အာဏာစက် အကူအညီဆိုသည်မှာ ယနေ့ခေတ်တွင် ပြဋ္ဌာန်းထားသည့် သံဃာ့အဖွဲ့အစည်းဆိုင်ရာ တည်ဆဲဥပဒေများဖြစ်၍ သံဃာ့ကိစ္စ သံဃာဆောင်ရွက်ရန် လျော်ကန်ညီညွတ်သော တရားဥပဒေများဖြစ်ကြပါသည်။

ဓမ္မဝါဒနှင့်အညီ ဆုံးဖြတ်နိုင်ရန်မှာ ဥပဒေ၏ အထောက်အပံ့၊ ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဆောင်ရွက်နိုင်မှသာ သံဃာ့အဖွဲ့အစည်းကြီးကို ပံ့ပိုးကူညီရာ ရောက်မည်ဖြစ်ပြီး ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီးကို ထိန်းသိမ်းရာ ရောက်မည်ဖြစ်ပါသည်။

### အဆင့်ဆင့်ဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံဃအဖွဲ့အစည်းအဆင့်ဆင့်တွင် ပရိယတ္တိပညာအရည်အချင်း ဓမ္မာစရိယအဆင့်ရှိ ကျမ်းဂန်တတ် ဝိနည်းဓိုရ်ဆရာတော်များ ပါဝင်ကြပါသည်။ ဝိနည်းဓိုရ် အဖွဲ့သည် မြို့နယ်အဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်နှင့် နိုင်ငံတော်အဆင့်ဟူ၍ အဆင့်ဆင့်ရှိပါသည်။

အဆင့်ဆင့်သော ဝိနည်းဓိုရ်အဖွဲ့များက အငြင်းပွားမှု (ဝိဝါဒါဓိကရုဏ်းမှု) စွပ်စွဲခံရမှု (အနုဝါဒါ ဓိကရုဏ်းမှု)များကို အဆင့်အလိုက် အသီးသီးဆုံးဖြတ်ကြပြီး သာသနာတစ်ရပ်လုံးနှင့် သက်ဆိုင်သော ဓမ္မ၊ အဓမ္မ အထူးကိစ္စများကို နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ကနိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ကို ဖွဲ့စည်း၍ တာဝန်ပေးအပ်ပါသည်။ ဝိနည်းဓိုရ်ဆရာတော်များက ထေရဝါဒပိဋကတ်ကျမ်းစာများနှင့်အညီ ဓမ္မ၊ အဓမ္မ ဆုံးဖြတ်ချက်များ ချမှတ်ပေးလျက်ရှိပါသည်။

၁၉၈၀ ပြည့်နှစ် ဝန်းကျင်ကာလများ၌ ဂိုဏ်းပေါင်းစုံ သံဃအဖွဲ့အစည်းအဆင့်ဆင့်သည် သာသနာတော် အရေးသုံးပါးဖြစ်သော သာသနာတော်သန့်ရှင်းရေး၊ တည်တံ့ရေးနှင့် ပြန့်ပွားရေး အစရှိသည့် ဦးတည်ချက်များကို ဓမ္မစက် အာဏာစက် နှစ်ရပ်ကို ဟန်ချက်ညီစွာ ဆောင်ရွက်နိုင်သည်ကို တွေ့မြင်ရမည်ဖြစ်ပါသည်။

ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ပေါ်ပေါက်ခဲ့ပြီးနောက် သာသနာတော်သန့်ရှင်းရေးကို ဆောင်ရွက်ရာတွင် ပုဂ္ဂိုလ်သန့်ရှင်းရေးနှင့် ဓမ္မသန့်ရှင်းရေး နှစ်မျိုးစလုံးကို တစ်ဆင့်ပြီးတစ်ဆင့် အဆင့်ဆင့် ဆောင်ရွက်ခဲ့ပါသည်။

> ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီး အရှည် တည်တံ့ခိုင်မြဲစေရန်နှင့် သာသနာတော်သန့်ရှင်းရေးအတွက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၊ နိုင်ငံတော်အစိုးရ၊ ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းအဆင့်ဆင့်၊ ပြည်သူလူထုတစ်ရပ်လုံးက ဆရာဒကာညီညွတ်စွာ ပူးပေါင်း၍ ဒုဗ္ဗဇအလဇ္ဇီရဟန်းများ ပပျောက်ရေး . . .

### သာသနာတော်သန့်ရှင်းရေး

ဥပမာအားဖြင့် ပုပ္ပါးဦးပရမဝဏ္ဏသိဒ္ဓိ၊ သိမ်ဖြူဆေးသိပ္ပံဘုန်းကြီး၊ မုတ်ကျွန်းခေတ်ဘုန်းကြီး၊ တောင်တွင်းကြီး ခေတ်ဘုန်းကြီး၊ ရတနာပုံဓမ္မကထိက၊ နေရင်းဓမ္မကထိက စသဖြင့် ရန်ကုန်-မန္တလေးနှင့် အနယ်နယ်အရပ်ရပ်မှ ဝိနည်းတော်အရ ရဟန်းအဖြစ်မထိုက်လျော်တော့သည့် ပုဂ္ဂိုလ် ၂၀၀ ကျော်တို့အား သာသနာတော်သန့်ရှင်းရေးအတွက် အရေးယူဆောင်ရွက်ခဲ့ပါသည်။

ကျောင်းပိုင်ကျောင်းထိုင် အဆက်ပြတ်သွားသော ဘုန်းတော်ကြီးကျောင်းပေါင်း ၁၅၀ ကျော်မှာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ကြီးကြပ်မှုအောက်၌ ထားရှိခဲ့ပါသည်။ ဘုရားကျောင်းကန် ပရိဝုဏ်များအတွင်း အမြင်မတင့်တယ်ဖြစ်နေသော အမြဲနေလူပုဂ္ဂိုလ် အိမ်ထောင်စုများကိုလည်း မြို့သစ်များ၌ နေရာပေး၍ ပြောင်းရွှေ့ရှင်းလင်းနိုင်ခဲ့ပါသည်။

ယနေ့မျက်မှောက်ခေတ်ကာလတွင် သာမဏသာရုပ္ပမဖြစ်သည့်ကိစ္စရပ်များဖြစ်သော ရဟန်းများ ဆိုင်ကယ်မောင်းနှင်ခြင်း၊ စီးနင်းခြင်း၊ မော်တော်ယာဉ်များ ကိုယ်တိုင်မောင်းနှင်ခြင်း၊ နေ့လွဲညစာ စားသုံးခြင်း၊ အရက်သေစာသောက်စားမူးယစ်ခြင်း၊ လောင်းကစားပြုလုပ်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ အယောင်ဆောင် အလှူခံခြင်း၊ လိုင်စင်မဲ့ယာဉ်များ လက်ခံထိန်းသိမ်းခြင်း၊ မာတုကာမများနှင့် ရောထွေးနေထိုင်ပြီး အိမ်ရာထူထောင်ခြင်း၊ မူးယစ်ဆေးဝါးများ လက်ခံထိန်းသိမ်းခြင်း၊ လောင်းကစားဒိုင်များ ဖွင့်လှစ်ခြင်း အစရှိသည့် အကြောင်းအရာများသည် မြန်မာနိုင်ငံ၏ အနာဂတ်သာသနာတော် သန့်ရှင်းစင်ကြယ်ရေးအတွက် ရှင်းလင်းသုတ်သင်ရမည့်ကိစ္စရပ်များပင်ဖြစ်ပါသည်။

### ဓမ္မနှင့်အညီ ဆုံးမ

ဓမ္မသန့်ရှင်းရေးကား ပုဂ္ဂိုလ်သန့်ရှင်းရေးထက် ပိုမိုအဓိပ္ပာယ်လေးနက်ပါသည်။ ၁၉၈၁ ခုနှစ်က နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ် (၁) ဖြင့် ဆုံးဖြတ်ခဲ့သော ကျောက်သဘော်ဝါဒမှ အစပြု၍ ၂၀၁၄ ခုနှစ် နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ် (၁၈/၂၀၁၄)ဖြင့် ဆုံးဖြတ်သော ၃၁ ဘုံ ထွက်လမ်း အဓမ္မဝါဒအထိ ဝန်ခံကတိပြုပဋိညာဉ် လက်မှတ်ရေးထိုးရသော အဓမ္မဝါဒပေါင်း (၁၈) ခုနှင့် ဓမ္မ၊ အဓမ္မ ဝိနိစ္ဆယအထိမရောက်ဘဲ ဓမ္မနှင့်အညီ ဆုံးမ၍ ဝန်ခံကတိလက်မှတ်ထိုး၍ လိုက်နာစေမှု သုံးခုထိ ရှိခဲ့ပါသည်။

အဓမ္မဝါဒ အဆုံးအဖြတ်ခံရသော အငြင်းပွားမှုများ အားလုံးကို ခြုံငုံ၍ သုံးသပ်ကြည့်သောအခါ အဓိက နှစ်မျိုး တွေ့ရပါသည်။ ပထမတစ်မျိုးမှာ ထေရဝါဒ ပိဋကတ်တော် ကျမ်းကျင်နှံ့စပ်မှုမရှိဘဲ မိမိ ဆရာဝါဒကို ချဲ့ထွင်ရာမှ လမ်းချော်နေသော အဓမ္မဝါဒဖြစ်ပါသည်။ ဒုတိယတစ်မျိုးမှာ မည်သည့် ဘာသာကိုမျှ လက်ခံလိုခြင်းမရှိသူများက ဘာသာရေးအယူအဆများကို ကမောက်ကမဖြစ်အောင် ဝေဖန်ပုတ်ခတ်ပြုမူသော အဓမ္မဝါဒများပင်ဖြစ်ပါသည်။

ဥပမာအားဖြင့် ကျောက်သဘော်ဝါဒ၊ ကြောင်ပန်းတောရဝါဒ၊ ကျောက်ပုံတောရဝါဒ၊ အောင်ဆန်းတောရဝါဒ၊ တွံတေး ဦးပုညာစာရနှင့် မော်လမြိုင် ရွှေဝါမြိုင်ကျောင်း ဓမ္မ၊ အဓမ္မ အငြင်းပွားမှုများမှာ ဝိနိစ္ဆယဆုံးဖြတ်ချက်ဖြင့် ထေရဝါဒအဆုံးအမများနှင့် ညီညွတ်အောင် တည့်မတ်ပေးခဲ့ရသည့် ဓမ္မ၊ အဓမ္မ ဆုံးဖြတ်မှုများဖြစ်ပါသည်။

ထို့အပြင် လူသေလူဖြစ်ဝါဒ၊ ရွှေအဘိဓမ္မာဝါဒ၊ ရေတာရှည် ဦးမာလာဝရ၊ ပစ္စုပ္ပန်ကမ္မဝါဒ တို့သည် ဗုဒ္ဓဓမ္မတရားတော်များကို ထေရဝါဒပိဋကတ်တော်နှင့် ဆန့်ကျင်၍ ကာယကံနှင့်ဝစီကံမြောက် ဖျက်ဆီးသော အဓမ္မဝါဒများပင်ဖြစ်ပါသည်။

ယခုအခါ အချို့သော ထုတ်ဝေသူများက မိမိတို့၏ စီးပွားရေး တစ်ခုတည်းကိုကြည့်၍ စာအုပ် စာပေ လွတ်လပ်စွာ ထုတ်ဝေခွင့်မူဝါဒများကို လက်ကိုင်ပြုလျက် အဓမ္မဝါဒများကို ခွင့်ပြုချက်မဲ့ ထုတ်ဝေဖြန့်ချိမှုပြုလျက်ရှိကြပါသည်။ ထိုသူတို့သည် ထေရဝါဒပိဋကတ်တော်များကို ဖျက်ဆီးသော အဓမ္မဝါဒီ စီးပွားရေးလုပ်ငန်းရှင်များပင်ဖြစ်ပါသည်။

### ဒေဝဒတ်ကိုဆရာတင်

ဘုရားရှင်လက်ထက်က ဒေဝဒတ်ရဟန်းသည် မြတ်စွာဘုရား၏ နည်းလမ်းညွှန်ပြမှုဖြင့် တရားအားထုတ်ရာ စျာန်အဘိညာဏ်တန်ခိုးများ ရရှိလာပြီး အသိဉာဏ်ပညာနည်းပါးသော ရဟန်းများကို သူ့ဘက်ပါအောင် သွေးဆောင်ခဲ့လေသည်။ အဇာတသတ်မင်းသားလည်း ဒေဝဒတ်၏ တန်ခိုးကို အထင်ကြီး၍ ပစ္စည်းလေးပါးဖြင့် ထောက်ပံ့ပူဇော်ရာ အဆိပ်ပင် ရေလောင်းသကဲ့သို့ဖြစ်ခဲ့ပါသည်။ သို့ဖြစ်၍ ဆရာဒေဝဒတ်၏ နည်းပေးညွှန်ပြမှုကြောင့် ခမည်းတော် ဗိမ္ဗိသာရမင်းကြီးကို သတ်မိပြီး ပိတုဃာတက ကံကြီးထိုက်ကာ ငရဲကျခဲ့ရပေသည်။

ယနေ့မျက်မှောက်ခေတ်တွင် ဘာသာရေး၊ လူမျိုးရေးကို အကြောင်းပြုပြီး နိုင်ငံမတည်မငြိမ်ဖြစ်အောင် သွေးထိုးလှုံ့ဆော်သပ်လျှိုနေသည့် နောက်ကွယ်မှ ကြိုးကိုင်လှုပ်ရှားလျက်ရှိသော နိုင်ငံရေးအဖွဲ့အစည်းများ၊ အသင်းအဖွဲ့များရှိနေပါသည်။ ထိုကဲ့သို့ ဘာသာရေး၊ လူမျိုးရေးကို သွေးခွဲ၍ ဘာသာရေးကို နိုင်ငံရေးဒိုင်းသဖွယ် အသုံးပြုလာခြင်းသည် အနာဂတ်မြန်မာနိုင်ငံသာသနာတော်အတွက် လွန်စွာ စိုးရိမ်ရသည့် အခြေအနေသို့ ရောက်ရှိနေသည့်ကာလဖြစ်ပါသည်။

### ဆရာတင်မှား

ဒေဝဒတ်ရဟန်းကို ဆရာတင်မိသော အဇာတသတ်မင်းကဲ့သို့ ခမည်းတော်ကို ပြန်သတ်ဝံ့သည့် ဖြစ်စဉ်မှာ ဂေါတမဗုဒ္ဓမြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိစဉ်က ဖြစ်ခဲ့သည့် ဖြစ်စဉ်တစ်ခု ဖြစ်ပါသည်။ ယနေ့မျက်မှောက်ခေတ်တွင်လည်း ဒေဝဒတ်ရဟန်းကဲ့သို့ ဒုဗ္ဗဇအလဇ္ဇီရဟန်းများကို ဆရာတင်မှားပါက ဘာသာရေးကို နိုင်ငံရေးအဖြစ် အသုံးချခံရဖွယ်ရှိပြီး လူမှုအသိုင်းအဝိုင်းနှင့် လူ့အဖွဲ့အစည်းတစ်ရပ်လုံး ဘေးဒုက္ခများကျရောက်မည့်အပြင် နိုင်ငံတစ်ခုလုံး၏ တည်ငြိမ်အေးချမ်းရေးကို ထိခိုက်လာနိုင်ဖွယ်ရှိပါသည်။ ထို့အပြင် မြင့်မြတ်သောသာသနာတော်၏ ဂုဏ်ကျက်သရေများ ကျဆင်းပြီး ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ညှိုးနွမ်းဖွယ်အတိ ဖြစ်လာနိုင်ပါသည်။

သို့ဖြစ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီး အရှည် တည်တံ့ခိုင်မြဲစေရန်နှင့် သာသနာတော်သန့်ရှင်းရေးအတွက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၊ နိုင်ငံတော်အစိုးရ၊ ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းအဆင့်ဆင့်၊ ပြည်သူလူထုတစ်ရပ်လုံးက ဆရာဒကာညီညွတ်စွာ ပူးပေါင်း၍ ဒုဗ္ဗဇအလဇ္ဇီရဟန်းများ ပပျောက်ရေးအတွက် စီမံချက်ချကာ အလေးအနက်ထားဆောင်ရွက်သွားရန် လိုအပ်ပါသည်။ တစ်ဖက်မှလည်း အဓမ္မဝါဒ ရေးသားထုတ်ဝေမှုများ၊ ဟောပြောချက်များကို ထိရောက်စွာ ဖော်ထုတ်အရေးယူဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း မြန်မာနိုင်ငံ၏အနာဂတ် သာသနာတော်အကျိုး ရည်မျှော်ကိုးလျက် တိုက်တွန်းရေးသားအပ်ပါသည်။


နိုင်ငံတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုထောက်ခံသောအားဖြင့်
ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူး၍
MRTV , FOREVER GROUP နှင့် ရွှေသံလွင်မီဒီယာ SKY NET တို့မှ ဂုဏ်ယူစွာတင်ဆက်သည့်
PEACE MUSIC FESTIVAL
ငြိမ်းချမ်းရေး ဂီတပွဲတော် ၂၀၁၇
Peace Music Festival 2017
Level-1
TAUNGGYI
@peacemusicfestival
Level -1 ပဏာမအသံစစ်ဆေးခြင်းကျင်းပမည့်မြို့များ
တောင်ကြီးမြို့ မြစ်ကြီးနားမြို့ ဟော်လမြိုင်မြို့ လားရှိုးမြို့ ဗုသိမ်မြို့ ကလေးမြို့ ရန်ကုန်မြို့ စစ်ကွေမြို့ နေပြည်တော် မန္တလေးမြို့
တောင်ကြီးမြို့ ပဏာမအသံစစ်ဆေးခြင်း
ကျင်းပမည့်နေရာ » တောင်ကြီးမြို့မြို့တော်ခန်းမ
အသံစစ်ဆေးမည့်ရက် » ၅.၇.၂၀၁၇ (ဗုဒ္ဓဟူးနေ့) နှင့် ၆.၇.၂၀၁၇ (ကြာသပတေးနေ့)
Stage Rehearsal » ၈.၇.၂၀၁၇ (စနေနေ့)
Level 1 Live ယှဉ်ပြိုင်ခြင်း » ၉.၇.၂၀၁၇ (တနင်္ဂနွေနေ့)
LIVE on MRTV
Diamond Sponsor
PREMIER COFFEE
Media Partners
mitv
MRTV-4
mntv
Channel7
Supporting Partners
SHWE SIN SET KYAR EXPRESS
မိတ်ကပ်

# အစဉ်အလာကောင်းများကို ထိန်းသိမ်းလျက်
# BPI ဆေးအစွမ်းထက်

BPI Since 1957




6th BPI 1957 - 2017 Anniversary

BPI အမှတ်တံဆိပ် ဆေးဝါးမျိုးစုံအား မည်သူမဆို လွတ်လပ်စွာ ဝယ်ယူနိုင်ပါပြီ။







## နေပြည်တော်

- ပ-၈၆၊ပွဲရုံတန်း၊မြို့မဈေး၊ဇမ္ဗူသီရိမြို့နယ်။ ၀၉-၇၉၇၉၂၉၃၃၇
- ဝေဠုဝန်လမ်း၊မင်းသီဟလက်ဖက်ရည်ဆိုင်အနီး၊ဥတ္တရသီရိမြို့နယ်။ ၀၉-၂၅၀၀၂၄၁၁၅
- အဆောင်(၄၅)၊အခန်း(၁)၊စည်ပင်ညှိရိပ်သာ(၂)၊ဇမ္ဗူသီရိမြို့နယ်။ ၀၉-၂၅၀၀၉၁၅၄၄

## ရန်ကုန်

- အမှတ်(၅၅/၅၇)၊ဗိုလ်ဆွန်ပက်အောက်လမ်း၊ကျောက်တံတားမြို့နယ်။ ၀၉-၇၀၉၇၂၀၆၅
- အမှတ်(၅၆/၅၈/၆၀)၊ပန်းဆိုးတန်းအောက်လမ်း၊ကျောက်တံတားမြို့နယ်။ ၀၉-၅၁၅၇၃၇၈
- အမှတ်(၁၁၄၃/၁၁၄၆)၊သုမင်္ဂလာလမ်း၊တောင်ဥက္ကလာပမြို့နယ်။ ၀၉-၄၇၂၀၀၂၀၂
- အနောက်ကြို့ကုန်း၊ BPI စက်ရုံရှေ့၊ အင်းစိန်မြို့နယ်။ ၀၉-၄၂၀၁၅၃၉၄၀
- ဝေဠုဝန်အိမ်ရာ၊တိုက်(၁၉)၊အခန်း(၄)၊ဗဟိုလမ်း၊စမ်းချောင်းမြို့နယ်။ ၀၉-၇၉၃၀၈၇၇၈

## မန္တလေး

- ၂၂လမ်း၊လမ်း၈၀×၈၁လမ်းကြား၊အောင်မြေသာစံမြို့နယ်။ ၀၉-၄၀၂၆၄၅၀၂၈

## စက်မှုကြီးကြပ်ရုံးများရှိ BPI ဆိုင်ခွဲများ

- မြစ်ကြီးနား
- မန္တလေး
- ပြည်
- ဟားခါး
- မုံရွာ
- ဘားအံ
- တောင်ကြီး
- အောင်လံ

## အမြို့မြို့အနယ်နယ်ရှိ Super Market အရောင်းစင်တာများ

- City Mart များ၏ ဆေးအရောင်းကောင်တာများ။ (၄၀)
- Orange Center များ၏ ဆေးအရောင်းကောင်တာများ။ (၁၂)

ပြည်သူ့ဆေးရုံကြီးများ / တပ်မတော်ဆေးရုံကြီးများ / အရောင်းစင်တာကြီးများ / လူမှုရေးအသင်းအဖွဲ့များ

သက်ဆိုင်ရာ ဆေးရုံအုပ်ကြီးများ၏ ထောက်ခံချက်နှင့်အတူ စက်မှုဝန်ကြီးဌာန / BPI သို့ တိုက်ရိုက် လျှောက်ထားဝယ်ယူ နိုင်ကြပါပြီ ။

YGN - Hot Line : 01 646271 , NPT - Hot Line : 067 408149

BPI ရန်ကုန်၊
ဆေးဝါးစက်ရုံလမ်း၊ အင်းစိန်။
ဖုန်း-၀၁ ၆၄၆၂၇၁ ဖက်စ်-၀၁ ၆၄၆၂၈၅
email- aungzaw.dr@gmail.com

စက်မှုဝန်ကြီးဌာန၊မြန်မာ့ဆေးဝါးလုပ်ငန်း
ရုံးအမှတ်(၃၇)၊ဝေဠုဝန်လမ်း၊နေပြည်တော်။
ဖုန်း-၀၆၇ ၄၀၈၁၄၉ ဖက်စ်-၀၆၇ ၄၀၈၃၈၁
email - mpimarketing37@gmail.com

ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေထီဆုဌာနခွဲ

(၄) ကြိမ်မြောက် ထီပေါက်စဉ် ၂၀၁၇ ခုနှစ်၊ ဇူလိုင် လ (၁) ရက်နေ့

အခမဲ့ထုတ်ဝေသည်

## အထူးဆုကြီး ကျပ်သိန်း (၁၀၀၀၀) ဆု

န - ၁၇၅၆၉၆

## အထူးဆုကြီးတစ်ဆုစီ ကျပ်သိန်း(၅၀၀၀)ဆုများ

မ - ၄၁၈၁၉၆ ဌ - ၉၉၂၉၂၃

## အထူးဆုကြီးတစ်ဆုစီ ကျပ်သိန်း(၃၀၀၀)ဆုများ

ဂ - ၁၁၃၄၂၈ ကဖ - ၈၀၇၀၇၂
န - ၃၁၀၆၆၄

## အထူးဆုကြီးတစ်ဆုစီ ကျပ်သိန်း(၁၀၀၀)ဆုများ

| | | | | | |
|---|---|---|---|---|---|
| ကဏ | - ၁၆၃၁၂၇ | ကဏ | - ၇၂၄၁၃၁ | က | - ၉၁၄၂၅၅ |
| ကထ | - ၆၇၉၁၅၅ | ဈ | - ၈၈၇၇၂၃ | ဇ | - ၉၂၈၅၆၃ |

## ဆုတစ်ဆုစီ ကျပ်သိန်း(၅၀၀)ဆုများ

| | |
|---|---|
| ကန | - ၂၈၂၇၁၅ |
| ဌ | - ၂၈၉၇၆၁ |
| ကဈ | - ၃၁၀၂၇၃ |
| ကမ | - ၃၉၈၂၇၅ |
| ဖ | - ၄၃၄၀၇၁ |
| ကမ | - ၅၂၂၁၄၅ |
| ကဗ | - ၆၆၈၈၉၁ |
| ဋ | - ၈၆၉၇၃၇ |

## ဆုတစ်ဆုစီ ကျပ်သိန်း(၃၀၀)ဆုများ

| | |
|---|---|
| မ | - ၂၆၉၃၈၄ |
| တ | - ၃၅၆၈၇၁ |
| ကဖ | - ၄၇၂၆၃၉ |
| ကဗ | - ၅၃၉၀၂၅ |
| မ | - ၅၉၃၁၁၈ |
| ကဖ | - ၆၇၁၄၈၃ |
| ပ | - ၇၉၇၃၄၁ |
| ကန | - ၉၀၃၆၅၆ |
| ပ | - ၉၂၃၀၅၂ |

## ဆုတစ်ဆုစီ ကျပ်သိန်း(၁၀၀)ဆုများ

| | |
|---|---|
| ကတ | - ၁၅၂၇၄၃ |
| ည | - ၃၀၂၁၆၅ |
| ကဏ | - ၃၃၀၉၂၃ |
| င | - ၃၆၂၄၀၀ |
| ကဒ | - ၄၇၃၅၅၀ |
| င | - ၅၂၃၄၂၂ |
| ကဌ | - ၅၂၇၆၁၉ |
| ဒ | - ၅၉၆၇၆၈ |
| ကဖ | - ၇၇၄၈၄၁ |

## ဆုတစ်ဆုစီကျပ်(၅၀)သိန်းဆုများ

| | | | |
|---|---|---|---|
| ကဍ | - ၁၂၉၈၄၅ | ကင | - ၅၂၄၉၁၇ |
| ဖ | - ၂၄၆၉၂၈ | င | - ၆၀၅၁၈၄ |
| ကဈ | - ၂၈၈၃၈၉ | ကတ | - ၆၄၅၈၀၅ |
| ကဇ | - ၃၁၃၀၈၅ | ဃ | - ၆၉၈၇၃၀ |
| ကမ | - ၃၈၂၁၅၃ | ခ | - ၇၃၉၀၈၃ |
| ဇ | - ၃၈၉၆၆၈ | ကခ | - ၈၇၂၂၈၄ |

## ဆုတစ်ဆုစီကျပ်(၃၀)သိန်းဆုများ

| | | | |
|---|---|---|---|
| ကဗ | - ၁၈၉၃၃၄ | ကဋ | - ၅၇၇၄၇၉ |
| ကဌ | - ၁၉၂၉၆၂ | ကဋ | - ၆၃၆၈၃၃ |
| ဃ | - ၃၂၃၃၆၇ | ကန | - ၆၄၅၅၀၄ |
| ကဗ | - ၃၅၄၁၃၀ | ဌ | - ၆၇၅၀၃၈ |
| ကဒ | - ၃၆၂၆၃၈ | ခ | - ၇၅၇၈၄၂ |
| ကဇ | - ၃၆၄၆၂၆ | ကခ | - ၈၁၂၄၅၃ |

## ဆုတစ်ဆုချင်းဆုမဲစနစ်ကျပ်(၁၀)သိန်းဆုများ

| | | |
|---|---|---|
| ဒ - ၂၂၀၁၃၂ | ကရ - ၅၀၀၂၃၀ | ကရ - ၇၅၄၅၉၆ |
| ဇ - ၂၉၆၄၇၃ | ကဇ - ၅၉၂၉၄၂ | ကက - ၈၂၃၉၀၃ |
| ကက - ၃၃၇၅၀၂ | ဍ - ၆၆၁၇၀၁ | န - ၉၂၅၇၆၉ |
| ကင - ၃၄၁၂၃၄ | ကဗ - ၆၆၈၁၁၈ | ကဂ - ၉၇၈၂၁၅ |
| ကည - ၄၉၀၄၄၀ | | |

## ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်

### ဝေဝေဆာဆာပဒေသာ(၃)သိန်းဆုများ

| | |
|---|---|
| ဗ - ၁၁၂၅၈ | ည - ၅၀၀၉၄ |
| ကဗ - ၁၇၄၈၇ | ကန - ၆၀၆၉၆ |
| ကဌ - ၁၈၅၈၇ | ကစ - ၆၈၁၄၂ |
| ဗ - ၃၆၄၀၈ | ကတ - ၈၈၁၈၇ |
| ထ - ၄၇၉၇၉ | ကဒ - ၉၁၂၈၂ |

အက္ခရာနှင့် ဂဏန်း(၅)လုံး အစဉ်လိုက်တူ – ကျပ်(၃)သိန်း

### ဝေဝေဆာဆာပဒေသာ(၂)သိန်းဆုများ

| | |
|---|---|
| ကက - ၁၆၈၅ | ကဃ - ၆၂၁၀ |
| ကဆ - ၂၁၈၅ | ကဏ - ၆၃၀၃ |
| ဂ - ၃၇၂၂ | န - ၇၀၉၃ |
| ကဗ - ၅၄၆၀ | က - ၇၅၉၁ |
| ဆ - ၅၄၈၅ | ကဖ - ၇၆၃၈ |

အက္ခရာနှင့် ဂဏန်း(၄)လုံး အစဉ်လိုက်တူ – ကျပ်(၂)သိန်း

### ဝေဝေဆာဆာပဒေသာ(၁)သိန်းဆုများ

| | |
|---|---|
| ကစ - ၁၁၆ | ဒ - ၇၂၈ |
| ကဍ - ၁၇၅ | ပ - ၇၈၅ |
| ကဇ - ၂၈၆ | ဓ - ၈၄၈ |
| ဗ - ၃၄၈ | ကဗ - ၈၅၈ |
| ရ - ၅၉၈ | ကစ - ၈၆၁ |
| ကဍ - ၆၂၈ | ပ - ၈၈၃ |

အက္ခရာနှင့် ဂဏန်း(၃)လုံး အစဉ်လိုက်တူ – ကျပ်(၁)သိန်း

### ဝေဝေဆာဆာပဒေသာ(၅)သောင်းဆုများ

| | |
|---|---|
| ကခ - ၁၈ | ကရ - ၆၉ |
| ဇ - ၁၈ | ဏ - ၇၅ |
| ဈ - ၂၁ | ကင - ၇၉ |
| စ - ၃၀ | ကင - ၉၄ |
| င - ၄၀ | ကဈ - ၉၉ |

အက္ခရာနှင့် ဂဏန်း(၂)လုံး အစဉ်လိုက်တူ – ကျပ်(၅)သောင်း

၁။ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ (၁) ရက်နေ့တွင်ကျင်းပသည့် (၄) ကြိမ်မြောက်အောင်ဘာလေထီ ဆုဖွင့်ပွဲတွင် ဆုမဲပေါင်း (၁၁၃၁၇၅)ဆု ဖွင့်လှစ်ပေးခဲ့ပါသည်။

၂။ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၁) ရက်နေ့တွင် ကျင်းပမည့် (၅) ကြိမ်မြောက် ကျပ်(၅၀၀) တန်ထီ အောင်ဘာလေထီလက်မှတ်များကို (က)အက္ခရာမှ (ကထ)အက္ခရာထိ အက္ခရာအလုံး(၅၀)လုံး ခွဲဝေရောင်းချပေးသွားပြီး ဖြစ်ပါသည်။

၃။ ထပ်မံဝယ်ယူလိုသူများရှိပါက ကျပ် (၅၀၀)တန် ထီလက်မှတ်စာအုပ်များကို အနည်းဆုံးအုပ်ရေ (၁၀၀) နှင့်အထက်ဝယ်ယူလိုသူများသည် ဘဏ်ငွေသွင်းလွှာ (**TF-1**)ဖြင့် အောင်ဘာလေထီဆိုင်ရာဌာနခွဲ တည်ရှိရာ အမှတ်(၃၈၄) မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်း ထောင့်၊ ကျောက်တံတားမြို့နယ်တွင် (၃. ၇. ၂၀၁၇) ရက်နေ့မှ ( ၂၄. ၇ . ၂၀၁၇) ရက်နေ့ထိ ရောင်းချပေးသွားမည် ဖြစ်ပါသည်။

ဆုငွေစတင်ထုတ်ပေးမည့်ရက် ( ၁၃ . ၇ . ၂၀၁၇)

ယခုအကြိမ်နှင့် အကြိမ်ဟောင်းများမှ ဆုရလက်မှတ်များကို နေ့စဉ် လက်ခံဆောင်ရွက်ပေးလျက် ရှိပြီး၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊ (၆)လအတွင်း ရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ (၃)ပုံ တင်ပြရန်လိုအပ်ပါသည်။

အောင်ဘာလေထီဆိုင်ရာဌာနခွဲ

**အောင်ဘာလေထီပေါက်စဉ်အား www.irdmyanmar.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။**

# Congratulations and Happy Birthday

ဝဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)လမ်းနေ ဦးသန်းဌေးအောင်(ခ)ဦးကိုဌေး+ဒေါ်ရည်ရည်မွန်(ရွှေကျင်စိန်ရွှေရတနာဆိုင်)မှ သမီးကြီး မထက်ဝန်းနေခြည်ကိုဌေး အထက(၁)ဒဂုံရဲ့ ၂၀၁၇ တက္ကသိုလ်ဝင်စာမေးပွဲမှာ (၄)ဘာသာဂုဏ်ထူး ရရှိပြီး ရမှတ်ပေါင်း (၅၀၈)မှတ်ဖြင့် ထူးချွန်စွာအောင်မြင်မှုအတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် **1st July** မှာ ကျရောက်တဲ့ (၁၆)နှစ်မြောက်မွေးနေ့အတွက် ကျန်းမာပျော်ရွှင်ပါစေကြောင်း။ အများကောင်းကျိုး သာသနာ့ကောင်းကျိုး သယ်ပိုးရွက်ဆောင်နိုင်သော သမီးကောင်းရတနာလေးဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးမောင်ချို+ဒေါ်ယုယု
ကိုရဲမျိုးကျော်+မဖြူဖြူစံ
ကြီးကြီး ကြီးကြီးလတ်၊ တီမွန်
ဦးမောင်၊ တီငယ်၊ တီပေါက်၊ တီကဲ

ဦးမျိုးလွင်+ဒေါ်အေးအေးနိုင်
သမီး- မရွှန်းလဲ့ရတနာလွင်[ဒဂုံ(၁) Grade-VI (c)]
သား- ဟိန်းခန့်ညား[ဒဂုံ(၁) Grade-IV (A)]
ရွှေကျင်စိန်ရွှေရတနာဆိုင်မိသားစု

## Win & Hla Manufacturing Co.,Ltd

ရေ ပမာဏ များစွာ သိုလှောင် အသုံးပြုနိုင်ပြီး စက်ရုံ ၊ အလုပ်ရုံ၊ ကွန်ဒို များအတွက်
ကျန်းမာရေး နှင့် ညီညွတ်သော ISO 9001 : 2008 လက်မှတ်ရ
FRP Water Tank များ ဝယ်ယူ အသုံးပြု နိုင်ပြီဖြစ်ကြောင်း
သတင်းကောင်းပါးအပ်ပါသည်။



Fiber Glass Reinforced Polyester Water Tank

Address:No.(271), 6th Street, Yangon Industrial Zone, Mingalar Garden City,Yangon.
Email : winandhlamanufacturing@gmail.com/www.facebook.com/winandhlamanufacturing.com
Hotline - 09-424325556,09-424325558,09-450550386 (Yangon Office)
Hotline - 09-424325557 (Mandalay Office)

PUN HLAING SILOAM HOSPITALS

## ပန်းလှိုင်စီလုံဆေးရုံ နှလုံးကုသဌာန အထူးအစီအစဉ်

"နိုင်ငံခြားသို့သွားရောက်ကုသရန် မလိုတော့ပါ"

နှလုံးသွေးကြောကျဉ်းရောဂါရာဇဝင်ကုသခြင်းပေါင်းများစွာတို့ကိုအောင်မြင်စွာပြုလုပ်ပေးနိုင်ခဲ့သော
နိုင်ငံတကာအတွေ့အကြုံရှိမြန်မာနိုင်ငံမှနှလုံးအထူးကုဆရာဝန်ကြီးများနှင့်
စင်ကာပူနိုင်ငံမှဆရာဝန်ကြီးတို့ပူးပေါင်း၍ကုသပေးနေပြီ...

- နှလုံးသွေးကြောပုံရိပ်ဖော်ခြင်း
- နှလုံးသွေးကြောထောက်ကိရိယာ (Stent) ထည့်သွင်းကုသခြင်း



ဇူလိုင်လ (၇) ရက်နေ့မှ (၉) ရက်နေ့အထိ

facebook Pun Hlaing Siloam Hospitals

ဆက်သွယ်ရန် – ရန်ကုန် (၀၁) ၆၈၄၃၂၃၊၆၈၄၃၂၅၊၆၈၄၃၃၆၊ (၀၉) ၄၂၁၀၄၂၆၇၉၊ (၀၉) ၂၅၄၉၅၀၈၀၇ / မန္တလေး (၀၉) ၄၃၂၀၇၇၈၀ www.punhlaingsiloamhospitals.com



## Dip in Business Studies | Dip in Professional Accounting & Finance

othm UK (level-3) | City of Oxford College UK

- တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ
- အထေးသင် တက္ကသိုလ်တက်ရောက်နေသူများ
- လုပ်ငန်းခွင် အခွင့်အလမ်းကောင်းများ ရရှိလိုသူများ
- ဘွဲ့ကြို ၊ ဘွဲ့ရပြီး လုပ်ငန်းခွင်ဝင်လိုသူများအတွက်

SAT & SUN 12:30~06:30 | 36 Hrs Free Business English Course

## Dip in Business Management othm UK (level-5)

- MBA/MSC တက်ရောက်လိုသူများ
- စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းခွင် အခွင့်အလမ်းကောင်းရလိုသူများ
- နိုင်ငံခြားစီးပွားရေး လုပ်ငန်းကြီးများတွင် ဝင်ရောက်လုပ်ကိုင်လိုသူများ

SAT & SUN 12:30~06:30 | 36Hrs Free Business English Course

## လုပ်ငန်းခွင်ကျွမ်းကျင် စာရင်းကိုင်သင်တန်း ( အမှတ်စဉ် – ၁၂)

- အခြေခံဘောက်ချာတွဲခြင်းမှစ၍ Final Report ထွက်သည်အထိ စနစ်တကျ ဆွဲတတ်လိုသူများ
- LCCI (II,III), D.A, B.Com, B.Act, ACCA, CPA တက်ရောက်နေသူများ / တက်ရောက်ပြီးသူများ

80,000 MMK

(SEC - 1) 16 JULY SUNDAY ONLY 9:00AM 4:00PM

(SEC - 2) 15 JULY SATURDAY ONLY 2:00 PM 6:00 PM

Institute of International Professionalism

အမှတ်(၇/က)၊ သီရိမင်္ဂလာလမ်း(ယခင် – အာတီးယားလမ်း) လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။

09 450 407 041
09 450 407 042

## ရန်ကုန်မြို့ ဗဟန်း - ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက် ဝါဆိုသင်္ကန်းကပ်နှင့်စာအောင်သံဃာဂုဏ်ပြုပူဇော်ပွဲ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်၌ ပုရိမဝါဆို ဝါကပ်တော်မူကြမည့် စာချ စာသင်သံဃာတော်များနှင့် ပင့်သံဃာတော်အရှင်မြတ်အပါး(၃၀၀) ကျော်တို့အား ပရိယတ္တိသာသနာ့ပါလအသင်းကြီးမှ ကြီးမှူးကာ "(၃၆)ကြိမ်မြောက် ဝါဆို သင်္ကန်းဆက်ကပ်လှူဒါန်းပူဇော်ပွဲနှင့် အစိုးရတိပိဋကစာမေးပွဲဝိနည်းရှေ့ပိုင်းအောင် ဘဒ္ဒန္တပညာဝံသာလင်္ကာရ(ဥဘတောဝိဘင်္ဂရေ)၊ (၂၀၁၇)ခုနှစ်၊ အစိုးရစာအောင်သံဃာ ဂုဏ်ပြုပွဲ"ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်၍ ကြွရောက်ကြည်ညို ကုသိုလ် ယူနိုင်ရန် လေးမြတ်စွာဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်အစီအစဉ်**

**နေ့ရက်** - (၁၃၇၉ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁ရက်)
၉-၇-၂၀၁၇ရက် (တနင်္ဂနွေနေ့)
**အချိန်** - နံနက်(၉း၀၀)နာရီ
**နေရာ** - အဘိဓဇဆွမ်းစားကျောင်းတော်ကြီး၊ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ရေတာရှည်လမ်းဟောင်း၊ ဗဟန်း၊ ရန်ကုန်။
**ဖုန်း** - ၀၉-၄၂၀၁၉၂၅၂၅၊ ၀၉-၂၆၁၃၃၂၂၁၁

**အမှုဆောင်အဖွဲ့**
**ပရိယတ္တိသာသနာ့ပါလအသင်း**
**ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်**
**ဗဟန်း-ရန်ကုန်**

ရွှေလမ်းညွှန်
38000Ks
July 7

### တစ်ဦးတည်းဖြစ်ကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ မောင်ရမ်းကျေးရွာအုပ်စု၊ ဘုရားကုန်းကျေးရွာနေ(ဘ)ဦးငှက်ရိုး၏ သမီး ဒေါ်သန်းသန်းထွေး ၉/ဝမန(နိုင်)၀၇၀၃၇၇နှင့် ဒေါ်မာထွေးမှာ တစ်ဦးတစ်ယောက်တည်းဖြစ်ကြောင်း။

### အမည်ပြောင်း

### ပျောက်ဆုံးကြောင်း

Puma Energy Asia Sun co.,Ltd ၏ Ro, IL, Invoice, Packing List, BL နှင့် အခြား TT လွှဲရန် စာရွက်စာတမ်းများမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဗိဒ္ဓာယတြာဆရာမိုး
ကလေးအမည်ပေး
09 4210 89208

## နှစ်(၄၀)ပြည့်ပတ္တမြားရတု မင်္ဂလာဆုမွန်လွှာ

ကျေးဇူးရှင် ချစ်ဖေဖေ ဦးစိုးဝေ (Adviser, Mingtex Co.,Ltd)နှင့် ချစ်မေမေ ဒေါ်ခင်လှဲ့မူ (ရုံးအုပ်-ငြိမ်း၊ စက်မှုယန္တရား၊ DHPI)တို့၏ ၂-၇-၂၀၁၇ရက်တွင် ကျရောက်သော နှစ်(၄၀)ပြည့် ပတ္တမြားရတုမှသည် ရတုများ အဆက်ဆက်တိုင် သစ္စာခိုင်မြဲရွှေလက်တွဲ၍ လောကီ လောကုတ္တရာ နှစ်ဖြာအကျိုး ရွှက်သယ်ပိုးရင်း ချစ်သမီး၊ ချစ်သား၊ ချစ်မြေးများနှင့်အတူ ကျန်းမာပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ကြပါစေကြောင်း-

ချစ်သမီးကြီး - ကိုသန်းရွှေ-မသီရိယုဝေ
ချစ်မြေးများ - မောင်ပိုင်မင်းခန့်၊ မနှင်းဝင်းလှဲ့ဖြူ
ချစ်သားကြီး - ကိုအောင်ငြိမ်းချမ်းဝေ-မဥမ္မာရီ
ချစ်မြေးများ -မောင်ဇေယံအောင်၊ မဝင်းလှဲ့ရွှေရည်အောင်
ချစ်သားလတ် - ကိုနောင်စိုးမိုးဝေ-မခိုင်မေသက်
ချစ်မြေး - မောင်ဝေဘုန်းပြည့်
ချစ်သားငယ် - ကိုပြည့်စုံဖြိုးဝေ-မရွှေလွှာမိုးပွင့်

### အမည်ပြောင်း

ဦးရဲမြင့်ဦး၊ ၁၁/မပန(နိုင်)၀၀၃၂၀၀၊၏ သမီးဖြစ်သူ အထက(၁) လမ်းမတော် အဋ္ဌမတန်း(က)တွင် ပညာသင်ကြားနေသော မမိုးမြင့်တုံအား မသဲထက်ထက်စံဟု ပြောင်းလဲခေါ်ပါရန်။

### ဖခင်အမည်မှန်

### ဖခင်အမည်မှန်


### ဖခင်တစ်ဦးတည်းဖြစ်ပါကြောင်း

ရေနံချောင်းမြို့နယ်၊ အုတ်ရှစ်ကုန်းကျေးရွာအုပ်စု၊ နတ်ကံဦး၊ သစ်ဖြူပင်ကျေးရွာမှ မအေးဇင်မာထွန်း ၈/ရနခ(နိုင်)၁၂၅၇၅၀၊၏ဖခင်အမည် ဦးသောင်းထွန်းဦး(ခ)ဦးအောင်သန်းလင်း ၈/ရနခ(နိုင်)၀၆၀၃၆၅၊သည် တစ်ဦးတည်းဖြစ်ပါကြောင်း ကြေညာခြင်းဖြစ်ပါသည်။

ကားဘီး ဘာကိုမှ (၁၀)ပေ ကွန်တိန်နာ အောက်ပါကားတစ်စီး
Ph- 09 457083648

သတိုးအောင်ဖေယျ ကွန်ပျူတာ
Laptop
Facebook
computer
Online Ph No
09-766903430,421065637, 444466681~82~83/ 445843633

21st Century Systems, Curriculum and Pedagogy that Empower 21st Century Students
Pre-School
Wise Classes (Sat-Sun)
ကြည့်မြင်တိုင်တွင် ဖွင့်လှစ်ထားပါပြီ။



"Fit Brains Gain More"
BRAINWORKS Pre-School
An ISO 9001:2008 and 14001:2004 Certified Institution
Tamwe | 41st Street | Kyi Myin Daing | Bayint Naung | Aung Zeya | Thingangyun | Taunggyi | Kamayut | North Dagon
01 401592 - 4 | 01 378016, 378022 | 01 2300 715 - 6 | 09 731 43390 | 09 262334441-2 | 01 8551380 - 3 | 081 206841-4 | 09 31714586 | 09796206884
17 U Lu Ni Street, Kyi Myin Daing Tsp, Yangon. Tel.: (951) 230 0715 - 6

ကျန်းမာရေးအတတ်ပညာ ကျွမ်းကျင်သင်တန်း
Basic Engineering Course
ပြည်တွင်း / ပြည်ပ – အလုပ်အကိုင်ရှာဖွေသူများ နှင့် ဝန်ထမ်းကောင်းများရှာဖွေသည့် အလုပ်ရှင်များ
ဝန်ကြီးဌာန၏ တရားဝင်ခွင့်ပြုလိုင်စင်များရှိထားသော
သုခစံ ကုမ္ပဏီ သို့ ဆက်သွယ်ပါ။
Ph : (01)377343 ,377344 ,www.tkss.com.mm, FB- thukhasusan111

ပထမဦးဆုံး
T.V (ရန်ကုန်)
ကားမောင်း-စက်ပြင်သင်တန်း
09-421150033, 09-73044311
09-5041550, 09-440051114, 09-779144498
09-260111942, 09420066955
09-440051112, 09-44051113

HANGUK ကိုရီးယားဘာသာစကားသင်တန်း
EPS
facebook page : HANGUK Korean Language Center
09-784899914,09-784899915

ရွှေမှုန်မြေ
အကြောပြေ မျက်စိကြည်ဆေး
TMR-007525(0614)




မြန်မာနိုင်ငံနှင့်စင်ကာပူနိုင်ငံမှဆရာဝန်ကြီးများပူးပေါင်းကုသမှု
"နိုင်ငံခြားသို့သွားရောက်ကုသရန် မလိုတော့ပါ"
PUN HLAING SILOAM HOSPITALS
facebook
Pun Hlaing Siloam Hospitals
အရိုးရောဂါဆိုင်ရာစစ်ဆေးကုသမှုအမျိုးမျိုးတို့ကို
Arthroscopy
Ilizarov
ဇူလိုင်လ (၅) ရက်နေ့မှ (၉) ရက်နေ့အထိ
www.punhlaingsiloamhospitals.com

## နေမင်းကို အောင်မြင်မှုအတွက်ချီးကျူးဂုဏ်ပြုလွှာ

ဘိုးဘိုးဘွားဘွားတို့၏ဂုဏ်ယူထိုက်သောမြေး၊ ဖေဖေမေမေတို့၏အားကိုးထိုက်သောသားကြီး၊ ညီအစ်ကိုမောင်နှမများ၏အားကျထိုက်သော အစ်ကို/မောင်၊ ဘာသာရေးကိုဦးထိပ်ပန်ဆင်၊ ပညာရေးကိုဦးစားပေး၊ လူသားကောင်းကျိုးအမြဲတွေး အေးအေးနေတတ်၊ လိုချင်တာကို မဆုတ်မနစ်ကြိုးစားရယူတတ်သော **မောင်နေမင်းကို** (ဆကရ ၉.T.T.C-ကမာရွတ်)သည် ၂၀၁၇-ခုနှစ်တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ **(၅-ဘာသာဂုဏ်ထူး၊ရမှတ်ပေါင်း-၅၁၀)**ဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ပါသောကြောင့် ဘာသာသာသနာအကျိုးနှင့် လောကကောင်းကျိုးကို သယ်ပိုးထမ်းရွက်နိုင်သော၊ မိဘဆရာကျေးဇူးဆပ်နိုင်သော၊ တတ်သိလိမ္မာထူးချွန်ထက်မြက်သော ပညာရှင်လူရည်မွန်သားကောင်းရတနာ ဖြစ်ပါစေကြောင်း ဂုဏ်ယူဝမ်းသာပီတိဖြစ်စွာ ချီးကျူးဂုဏ်ပြုအပ်ပါသည်။

ဘိုးဘိုး - ဦးတင်ဝင်း (MD-ဆန်းကိုကိုဘိစကစ်)
ဘွားဘွား - ဒေါ်ခင်ကြည် (အငြိမ်းစားမဟာသိရီသုဓမ္မသိင်္ဂီ)
ဖေဖေ - ဦးအောင်ဆန်းဝင်း (Director-ဆန်းကိုကိုဘိစကစ်)
မေမေ - ဒေါ်စန်းယုမော် (MAW FASHION)
ညီလေး - မောင်ညီလမင်း (Grade - 9 H - T.T.C)
မောင်ကြယ်မင်းမြတ် (Grade - 4 C - T.T.C)
တီတီ - ဦးကိုကို + ဒေါ်ငွေငွေဦး (Director-ဆန်းကိုကိုဘိစကစ်)
MENARD Skin Care. JAPAN. ROYAL SAKURA CO.,LTD.
မမ - မဆာကူရကိုကိုဦး (LANGARA COLLEGE, CANADA)
လေးလေး - ဦးအောင်မျိုး + ဒေါ်လှလှကြည် (Director-ဆန်းကိုကိုဘိစကစ်)
မမ - မနှင်းဦးဝတ်ရည် (2nd yr.Eng/California University College)
ညီမလေး - မသိင်္ဂီဝတ်ရည် (Grade - 10F - T.T.C)

ရတနာဟူသည် ရတနာတန်ဖိုးသိသူတို့၏ မြတ်နိုးရာဖြစ်သကဲ့သို့ ပညာရှင်ဟူသည် ပညာတန်ဖိုးသိသူတို့၏ကိုင်းပင်ရာဖြစ်သည်။



Professor Dr. ဦးခင်မောင်အောင် (ရွှေဘို)၏ တပည့်
ဂုဏ်ထူးဆောင်လက္ခဏာပညာပါရဂူဆရာကြီး
ဒေါက်တာကျော်လွင် Hony. Doctor of Palmistry (Ph-D)

Ph - 09-450025482, 09-764525482

"အနုမောဒနာပြုစရာ မင်္ဂလာသတင်းလွှာ"

ဒေါက်တာကျော်လွင် Hony. Doctor of Palmistry (Ph-D)

မြေရောင်းရန်
ဒဂုံတောင်၊ နေရာကောင်း
ပိုင်ဆိုင်မှုကောင်း ပေ(၄၀×၆၀)
၄၉သိန်း၊ ပွဲစားမလို
ဖုန်း-၀၉-၉၆၆၉၅၀၀၇၇

မင်္ဂလာပါ
အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားများဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

ငွေနဂါး











1-2-2017 မှ 31-7-2017အထိ(၆)လအတွင်း ပါဝင်ကံစမ်းနိုင်မည့် အခွင့်အရေးကောင်း
မေလအတွက် ကံထူးရှင်များ
HONDA CIVIC 2012 MODEL
KENBO



Grand Diamond Castle Co.,Ltd.
Aluminium window, Door product & Services

၁။ ပစ္စည်းအရည်အသွေးအာမခံ။
၂။ နောက်ဆုံးပေါ်စက်ကိရိယာကြီးများဖြင့် ထုတ်လုပ်မှု။
၃။ နှစ် (၃၀)ကျော်အတွေ့အကြုံရှိ စင်ကာပူကျွမ်းကျင်ပညာရှင်များ၏ နည်းပညာပံ့ပိုးမှု။
၄။ Singapore BCA လက်မှတ်ရကျွမ်းကျင်ပညာရှင်များ၏ လက်ရာ
၅။ Design နှင့် Budge အပေါ်မူတည်ပြီး ရွေးချယ်နိုင်သော ပြတင်းတံခါး၊ Series (၅)မျိုးနှင့် Tempered Door, Partition များ။
၆။ အခမဲ့ဝန်ဆောင်မှုဖြင့် အိမ်တိုင်ရာရောက်တိုင်းတာခြင်း၊စနစ်မှန်ကုန်ကျစရိတ် တွက်ချက်ပေးခြင်း၊ Design ကူညီပုံဖော်ပေးခြင်း။














ဆက်သွယ်ရန်- အမှတ်(၂၁၂)ရွှေဂုံတိုင်တာဝါ၊အရှေ့ရွှေဂုံတိုင်လမ်း(MPT ရုံးချုပ်ရှေ့)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
Ph: 09-960188922, 09-964321988, 01-558228 Email: gdc.purchase@gmail.com

GDC
- အကောင်းဆုံးအရည်အသွေး ၊ လေလှောင်မှုအနည်းဆုံး System,
- အသုံးပြုနိုင်ရန် ထုတ်လုပ်ထားသောပုံစံ
Minimalist Design "E Series" Sliding Window Frame များကို အမြို့မြို့အနယ်နယ်သို့ လက်လီလက်ကား ဖြန့်ဖြူး ရောင်းချပေးနေကြောင်း သတင်းကောင်းပါးအပ်ပါသည်။




DISCOUNT UP TO 7,000 USD FOR YANGON REGISTRATION @ MAZDA ROADSHOW

VISIT US AT MYANMAR PLAZA 1ST TO 4TH JULY

(Limited Models Only)

Distributed by Automobile Alliance Co., Ltd. and Serviced by Cycle & Carriage Automobile Myanmar Co., Ltd.

Yangon No.96 Kabar Aye Pagoda Road, Sayar San Quarter, Bahan Township. Hotline : 01 554633, 09 260259991

Mandalay No.10(A), The Corner of 77th & 35th street, Maharaungmyay Township. Hotline: 09 456 1111 04, 09 456 1111 05

Made in JAPAN

3 YEARS MAZDA WARRANTY

ဆရာကျော် (စိမ့်ရွှေဝေ) ဦးစီးတည်ထောင်သင်ကြားသော

တော်ဝင်ယူရေနီယံ (ဂ၊ဂု၊ ၁၀)တန်း စာသင်

ကိုယ်ပိုင်သင်တန်းကျောင်း နှင့် ဘော်ဒါ

အထူးကြိုဝိုင်း (Repeater) ဝိုင်း

Ph : 09-73030287, 09-43041751, 09-252228630

UMA

Ph - 09 30062954

Guide

09-5156557

EPS-TOPIK

Great Wall TAMWE - 540714, 09 5183636, 09 420230133

Topsyne®

FDA - 1309 PC 0021





Herbal Cream

Herbal Cream

Apple Production Co., Ltd

City College Yangon

PEARSON BTEC

Good Engineers In Great Demand Myanmar Times, Feb. 9, 2017

UK ENGINEERING DEGREE



Civil, Mechanical Electrical and Electronic

July Intake ENROLL NOW

WHO CAN ATTEND HND ENGINEERING

- IGCSE
- AGTI Engineering

Early Registration Discount 200,000 KS

- City College Selection Process
Preparation Course (10)
HND Engineering

(Internship)

- HND

(D) Scholarship

| | | |
|---|---|---|
| 1D - 10% | 2D - 20% | 3D - 30% |
| 4D - 40% | 5D - 50% | 6D - 60% |

Diamond Condo, Tower (A), 1st Floor, Hledan, Pyay Road, Yangon.

facebook.com/citycollegeyangon 09 450 634402 / 403 / 404

# Congratulations

## SUPREME GROUP

Led by reputable Professor Dr. Sein Myint (Patron - Myanmar Engineering Council & Vice President - ASEAN Academy of Engineering & Technology)

Responsible Care®
Organic Fertilizer

Proud to be officially recognized
as winner of the following prestigious awards :

- ASEAN OUTSTANDING WOMEN ENTREPRENEURS AWARD,
  Awarded to **DAW MYAT THANDAR – CO-CHAIRMAN**
  By ASEAN WOMEN ENTREPRENERUS NETWORK – AWEN
- ASEAN OUTSTANDING ENGINEERING ACHIEVEMENT AWARD
  Awarded to **SUPREME WATER DOCTOR CO.,LTD.**
  By ASEAN FEDERATION OF ENGINEERING ORGANISATIONS – AFEO
- ASEAN GREEN AWARD, 1st PRIZE
  Awarded to **SUPREME BIO TECH CO.,LTD.**
  By ASEAN ACADEMY OF ENGINEERING & TECHNOLOGY AND MALAYSIA - CHINA CHAMBER OF COMMERCE

- President — Union of Myanmar Federation of Chambers of Commerce and Industry (UMFCCI)
- President — Myanmar Engineering Society (MES)
- President — Myanmar Young Entrepreneurs Association (MYEA)
- President — Myanmar Women Entrepreneurs Association (MWEA)
- Chairman — Myanmar Industries Association (MIA)
- A A Group of Companies
- AA Medical Products Ltd.
- Ayer Shwe Wah Co., Ltd.
- City Mart Holding Co., Ltd.
- Dagon Group of Companies
- Earth Industrial (Myanmar) Co., Ltd.
- Fortune International Ltd.
- Global Technology Co., Ltd.
- Information Matrix Trading Co., Ltd.
- Min Zar Ni Group of Companies
- Myanma Abwa Group
- Myanmar ComBiz Group of Companies
- Paing Family Group
- Shwe Me Co., Ltd.
- United Amara Bank
- Yathar Cho Industry Ltd.
- Zeya & Associates Co., Ltd.

Your hard work, Professionalism and commitment in support of our community development are greatly appreciated.
We wish you continued success and many more years of contribution to the society.

---

စင်ကာပူနိုင်ငံ ဆိပ်ကမ်းတွင် SGD600 ကျော်ရရှိနိုင်မည့်
(အထွေထွေလုပ်သား -Lashing) အမြဲတမ်းတာဝန်ထမ်းဆောင်လိုသူများအတွက်
'အင်္ဂလိပ်စာ ချူးဖင်အမြန်သင်တန်း' ပေးနေပြီ
သုခစုစံသင်တန်းကျောင်း
ပန်းဆိုးတန်းမှတ်တိုင်၊ ကုန်သည်လမ်းမကြီး(ခုဂုလမ်းထောင့်)၊ တိုက်အမှတ်(၅၀၆)၊
Ph:(01)377 343, 377 344, www.tkss.com.mm, Fb-thukhasusan111

---

စာရင်းအမြဲဖြစ်သဘောတရားပိုင်နိုင်စေရန်
ဦးဆန်းအောင်
B.Com, CPA
LCCI စာရင်းကိုင်သင်တန်းများ
Opening Date - 10 July
USA Commercial School တိုက် ၄ အခန်း ၂၄
ပြည်တော်သာစီးပွားရေးဇုန်၊ အောက်ပုဇွန်တောင်လမ်းမ၊
ဖုန်း ၂၉၁၃၂၂၊ ၀၉ ၄၂၁၀ ၂၀၂၅၊ ၀၉ ၇၃၆၀ ၇၂၇၀၅

---

ပန်းချစ်သူ

---

KMD Institute
Since 1985

UNIVERSITY of GREENWICH
B.Sc(Hons)
Businesss and Information Technology

SQA
HND
Diploma in Computing











NCC education
First Year
Diploma in Computing
Second Year
Diploma in Computing



KMD (Myaynigone) : 331, Pyay Road,
Tel : 01- 700895, 381776, 381035, 502233, 527436, 220555

တန်းခွဲသစ်များလက်ခံနေပါပြီ...။

ကြော်ငြာ

# ဦးမောင်မောင်အုန်း

**ညွှန်ကြားရေးမှူး(ငြိမ်း)**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**အသက် (၈၄)နှစ်**

ရန်ကုန်မြို့နေ (ဦးခင်မောင်လွင်-ဒေါ်မမကြီး)တို့၏သား၊ (ဦးကိုကို-ဒေါ်အမာ)တို့၏ သားသမက်၊ ဦးမောင်မောင်ခင် (ဒုတိယဗိုလ်ချုပ်ကြီး-ငြိမ်း)-(ဒေါက်တာနန်းဦး)တို့၏ညီ၊ (ဦးသန်းထွန်း-ဒေါ်ခင်မေလွင်)တို့၏မောင်၊ (ဦးမြင့်လွင်)-ဒေါ်အေးအေး၊ ဦးဝင်းလွင်-ဒေါ်မိုးခင်ခင်၊ ဦးဟန်ကြည်-(ဒေါ်ကြည်ကြည်လွင်)၊ ဦးခင်မောင်အေး-ဒေါ်မြင့်မြင့်တို့၏ အစ်ကို၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာ(ကျွဲဆည်ကန်)ရပ်ကွက်၊ (၄) လမ်း၊ (ယ-၅၂)နေ ဒေါ်ချိုချိုမာ၏ခင်ပွန်း၊ ဒေါက်တာကိုကိုလွင်-ဒေါက်တာချိုလွင်နီ၊ ဦးထွန်းအောင်ကျော်-ဒေါ်သက်သက်နိုင်(ဌာနစုမှူး၊ MCDC)၊ ဦးနိုင်ဝင်းဆွေ-ဒေါ်မနှင်းလွင်တို့၏ကျေးဇူးရှင်မွေးသဖခင်၊ မခိုင်ဇင်သန့်၊ မကျော့ကျော့၊ မဝတ်ရည်ခိုင်၊ မသက်ထားဆွေ၊ မသက်ရတနာအောင်တို့၏ အဘိုးသည် ၁-၇-၂၀၁၇ (စနေနေ့) နံနက် ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၇-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ကျွဲဆည်ကန်နေအိမ်မှ တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

**ဦးသီဟလွင်(တ/၃၁၅၁) (၂၉)နှစ်**

**ဒုတိယမြို့နယ်တရားသူကြီး**

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်တရားရုံး၊ ဒုတိယမြို့နယ်တရားသူကြီးဦးသီဟလွင်သည် ၂၇-၆-၂၀၁၇ ရက်နေ့ ညပိုင်းတွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်မှူးချုပ်ကိုကိုဝင်း(ငြိမ်း)-ဒေါ်အေးအေးမွန်မိသားစု၊ နေပြည်တော်**

---

အသုဘ

---

**ဘုရား၊ ကျောင်း ဒါယကာကြီး**

## ဦးကျော်တုန်း(B.A)

**(ငါးသိုင်းချောင်း)**

**ဆက်သွယ်ရေးမှူး(ငြိမ်း)၊(ပြည်ပစာပို့)**

**အသက် (၉၃) နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆) ရပ်ကွက်၊ ဘောက်ထော်ဘုတာရုံလမ်း၊ ပြည်သာယာအိမ်ရာ၊ တိုက်(၁)၊ အခန်း(၃)နေ (ဒေါ်ချူမြိုင်)၏ခင်ပွန်း၊ ဦးရဲမြင့်(လ/ထမြို့နယ်ပညာရေးမှူး-ငြိမ်း)-(ဒေါ်ရှုမြင့်အောင်)၊ ဒေါ်ခင်ထားမြင့်(မြန်မာ့အာမခံ-ငြိမ်း)၊ ဦးရဲထွန်း (တပ်မတော်-လေ၊ ငြိမ်း)-ဒေါ်သန်းသန်းဌေး၊ ဦးရဲတင့်(လ/ထညွှန်မှူး၊ မြို့နယ်ပညာရေးမှူး-ငြိမ်း)-ဒေါ်သန်းသန်းစိန်၊ ဦးရဲဝင်း-ဒေါ်ခင်မြင့်၊ ဒေါ်ခင်ထားမေ(ကျောင်းအုပ်ကြီး၊ အထက-၃၊ ဒဂုံဆိပ်ကမ်း)၊ ဒေါ်ခင်ထားဝင်း(ကြီးကြပ်ရေးမှူး၊ ရန်ကုန်စာတိုက်ကြီး)၊ ဒေါက်တာခင်ထားဝေ(ခေတ္တ-ဂျပန်)၊ ဦးရဲအောင် - ဒေါ်မေနွယ်စိုးတို့၏ ဖခင်ကြီး၊ မောင်ထက်ရန်နိုင်၊ မောင်ပြည့်စုံမိုး၊ မောင်မြတ်သူကို၊ မမျိုးသီရိကို၊ မောင်ရဲရင့်အောင်တို့၏ ဘိုးဘိုးကြီး ဦးကျော်တုန်းသည် ၃၀-၆-၂၀၁၇ရက် မွန်းလွဲ ၁၂း၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၇-၂၀၁၇ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၇-၂၀၁၇ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်ရီ (၇၄)နှစ်

(ဦးဟန်တင်-ဒေါ်ဒေါင်း)တို့၏သမီးချွေးမ၊ [ဦးအုန်းဖေ-ဒေါ်သန်းစိန်(ခ) ဒေါ်စိန်ကြီး]တို့၏သမီးကြီး၊ ဦးအေးကြူ၊ ဦးဖုန်းမြင့်(စာရေးဆရာ ဆောင်းဝင်းလတ်)-ဒေါ်အေးအေးမြင့်၊ ဦးရှိန်မြင့်-ဒေါ်တင်တင်ဝင်းတို့၏ အစ်မကြီး၊ ဦးအောင်နိုင်ဦး-ဒေါ်သန်းသန်းအေး (USA)၊ ဦးကိုကိုအောင်၊ မမေသန္တာ၊ ကိုကျော်ကျော်-မမီမီသက်(ခ)ဖြူဖွေး၊ မခိုင်နှင်းရှိန်တို့၏ကြီးကြီး၊ မမိုးစုမေ (USA)၊ လင်းလက်ကျော်ကျော်တို့၏ အဘွားသည် ၃၀-၆-၂၀၁၇ ရက် ည ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၇-၂၀၁၇ (တနင်္ဂနွေနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း ဒါယိကာမကြီး**

## အင်ဂွါဟာ(ခ)ဒေါ်ကြည်ကြည်

**အသက်(၁၀၁)နှစ်**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ အမှတ်(၅၈)၊ ပထမထပ်၊ (၁)ရပ်ကွက်၊ (၁၇) လမ်းနေ (ဦးတင်ရွှေ)-ဒေါ်အဘိတို့၏ မိခင်၊ ကိုသန်းဦးရွှေ-မယဉ်ယဉ်အေး၊ မသီသီရွှေ၊ ကိုဟန်ဦးရွှေ၊ မဝင်းဝင်းခိုင်၊ ကိုမြတ်သူ၊ မချိုချိုရွှေတို့၏အဘွား၊ မရွှေရည်လင်းလက်၊ Austin, Avalyn တို့၏ ဘွားဘွားကြီး အင်ဂွါဟာ(ခ) ဒေါ်ကြည်ကြည်သည် ၂၈-၆-၂၀၁၇ ရက် မွန်းလွဲ ၁၂း၄၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၇-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (အထက် ပါနေအိမ်မှ ကားများ နံနက် ၈း၃၀နာရီ တွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါက်တာစိုးနိုင်(B.D.S)

**(ရောင်ခြည်လင်းသွားဆေးခန်း)**

**အသက် (၅၂) နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဈေးကုန်းအနောက်ရပ်ကွက်၊ မာယလမ်း၊ အမှတ်(၇၇)နေ (ဦးမောင်လှိုင်-ဒေါ်ကျင်မြင့်)တို့၏ သား၊ ဒေါက်တာဦးထွန်းလွင်၊ ဦးဝင်းလှိုင်၊ ဒေါ်မြဝင်း၊ (ဦးကျော်ဝင်း)၊ ဦးအုန်းကြည်၊ ဦးမျိုးသိန်းတို့၏ညီ၊ ဦးမြတ်ကိုကို၏အစ်ကိုသည် ၁-၇-၂၀၁၇ (စနေနေ့) ညနေ ၃း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၇-၂၀၁၇(တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမောင်နှမများ

---

## ဦးစိုးနိုင် (၄၉)နှစ်

**(ဦးစီးမှူး၊ စီမံရေးရာဌာနခွဲ၊ ကုန်သွယ်ရေးဦးစီးဌာန၊စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ် (၉၆/က)နေ (ဦးလှစိန်-ဒေါ်တင်အိ)တို့၏သား၊ ဦးသိန်းဟန်-ဒေါ်ခင်မာကြူတို့၏မောင်၊ ဦးဘုန်းနိုင်၏ညီ၊ ဒေါ်လှလှနိုင်၏မောင်၊ (ကိုမင်းနိုင်ထွေး)၏ ချစ်လှစွာသောအစ်ကို၊ မောင်ခိုင်၏ ဦးလေးသည် ၁-၇-၂၀၁၇ (စနေနေ့) နံနက် ၄ နာရီတွင် ဒဂုံမြို့နယ်၊ အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင်(၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၃-၇-၂၀၁၇ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်ရီ (၇၄)နှစ်

မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးဟန်တင်-ဒေါ်ဒေါင်း)တို့၏သမီးချွေးမ၊ [ဦးအုန်းဖေ-ဒေါ်သန်းစိန်(ခ) ဒေါ်စိန်ကြီး]တို့၏ သမီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ လမ်း (၁၄၀)၊ အမှတ်(၁၅)၊ ခြောက်လွှာနေ ဦးငြိမ်း၏ ချစ်လှစွာသောဇနီး၊ (ဦးတင်လှိုင်)-ဒေါ်လဲ့လဲ့ငြိမ်း၊ (ဦးသန်းလှိုင်)-ဒေါ်လှလှငြိမ်း၊ ဦးလွင်ငြိမ်း-ဒေါ်မီးမီး၊ ဦးအောင်ငြိမ်း၊ ဦးတင်အောင်ငြိမ်း(ခ)အငယ်လေး-ဒေါ်သန်းသန်းအေးတို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မောင်သက်ဆွေဦး-မအိမွန်၊ မောင်ရဲထွန်း-မယုယုခိုင်၊ မောင်ပြည့်စုံဦး၊ မောင်ဝေဖြိုးအောင်တို့၏ အဘွားသည် ၃၀-၆-၂၀၁၇ (သောကြာနေ့) ည ၁၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၇-၂၀၁၇ (တနင်္ဂနွေနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ကော့သောင်းမြို့နယ်အသင်း(ရန်ကုန်)**

## ဦးစိုးဝင်း(ခ)ဦးစိုးစိုး(ဝင်းစတိုး)

**အသက် (၆၄)နှစ်**

**ရာသက်ပန်အသင်းဝင်အမှတ်(၃၂၅)**

**ကော့သောင်းမြို့**

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ ပိတောက်ရွှေဝါရပ်ကွက်၊ တပ်ကုန်းလမ်း၊ အမှတ် (၁၄၄)နေ ဒေါ်စန်း(ခ)ဒေါ်စန်းရီ၏ ခင်ပွန်း၊ မမြတ်မြတ်စိုး(ခ)ပေါင်ပေါင်၊ မချယ်ရီစိုး(ခ)ကျင်ကျင်တို့၏ဖခင် ဦးစိုးဝင်း(ခ) ဦးစိုးစိုးသည် ၂၉-၆-၂၀၁၇ (ကြာသပတေးနေ့) ညနေ ၆း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၇-၂၀၁၇ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ကော့သောင်းမြို့၊ ရွှေပြည်သာသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ အသင်းသား၊ အသင်းသူများအား အသိပေးအကြောင်းကြားအပ်ပါသည်။ အလုပ်အမှုဆောင်အဖွဲ့

---

## ဒေါက်တာစိုးနိုင်(B.D.S)

**(ရောင်ခြည်လင်းသွားဆေးခန်း)**

**အသက် (၅၂) နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဈေးကုန်းအနောက်ရပ်ကွက်၊ မာယလမ်း၊ အမှတ်(၇၇)နေ (ဦးမောင်လှိုင်-ဒေါ်ကျင်မြင့်)တို့၏သား၊ (ဦးအုန်းမြင့်)-ဒေါ်ခင်သန်းသန်းတို့၏ သားသမက်၊ ဒေါ်နိုင်နိုင်အုန်း(ကျောင်းဆရာမ-ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ ကိုလင်းထက်နိုင်၊ မသန့်သဇင်နိုင်တို့၏ ဖခင်သည် ၁-၇-၂၀၁၇ (စနေနေ့) ညနေ ၃း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၇-၂၀၁၇ (တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟအပေါင်းများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

## ရှင်ကျင်ထို(ခ)ဒေါ်မြင့်မြင့်(မြိတ်) (၉၉)နှစ်

(ဦးရွှေးယာ-ဒေါ်လျှမ်း)တို့၏ သမီး၊ (ဦးတိန်လျှောင်-ဒေါ်ဟွန်း)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်၊ စမ်းရေတွင်းလမ်း၊ (၃၄/D3)နေ [အွန်ချိန်ဟာ(ခ) ဦးကျင်ဟွာ]၏ဇနီး၊ ဦးအောင်မြင့်-လီရှုတ်ကျိန်း(ခ)ဒေါ်မြတ်မိုးသူ၊ ဦးကျော်မြင့်-ဒေါ်မေစီ(စင်ကာပူ)၊ ဒေါ်ယုဝေ-ဦးစိန်လင်း၊ ဒေါ်စီဝေ-ဦးလှဝင်း၊ ဒေါ်မြင့်ဝေ-ဦးလှမင်းတို့၏မွေးသမိခင်၊ မြေး ၁၁ ယောက်၊ မြစ်ကိုးယောက်တို့၏အဘွားသည် ၁-၇-၂၀၁၇(စနေနေ့) နံနက် ၆း၃၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၇-၂၀၁၇(တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးဖုကျန့်တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး**

## ဦးမောင်ကြိုင်(ခ)တန်ဂင်ကျိုင်း(ပဲခူးမြို့) (၈၅)နှစ်

ပဲခူးမြို့နေ (ဦးရွှေဖိန်း-ဒေါ်ကြူးလျှံ)တို့၏သား၊ (ဦးစစ်ဝါ-ဒေါ်ကျင်နု)တို့၏သားသမက်၊ ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၅)ရပ်ကွက်၊ (၂၁)လမ်း၊ အမှတ်(၅၆)နေ ဒေါ်တိုးရီ၏ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာကြိုင်ထွန်းဦး-မမေခိုင်စိုး၊ ဦးအာကာအောင်-ဒေါ်ကြိုင်သဇင်ဦးတို့၏မွေးသဖခင်၊ မဖူးပွင့်မေဦး၊ မောင်အောင်ချမ်းမြေ့ဦး၊ မအိမ့်မြတ်မှူးခင်တို့၏အဘိုး ဦးမောင်ကြိုင်သည် ၂၉-၆-၂၀၁၇ (ကြာသပတေးနေ့) ည ၁၁နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃-၇-၂၀၁၇ (တနင်္လာနေ့)တွင် ရေဝေးဖူးကျန့်သုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ရဟန်းဒါယကာကြီး**

## ဦးဝင်းလှိုင်(ပဲခူး) (၈၄)နှစ်

**စာရင်းကိုင်အုပ်(ငြိမ်း)၊ တိုင်းဆောက်(၁၂)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ အမှတ်(၉၆၇)နေ ဒေါ်ညွန့်ညွန့်(မြန်မာ့လေကြောင်း-ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ ပဲခူးမြို့နေ (ဦးအုန်း-ဒေါ်သိန်းမြင့်)တို့၏သား၊ (ဦးမောင်လှ-ဒေါ်မြကျင်)၊ (ဦးလှိုင်-ဒေါ်ကျင်လှိုင်)တို့၏မောင်၊ ဦးခင်မောင်ရီ-ဒေါ်ညွန့်ညွန့်စိန်၊ ဒေါ်ဝင်းကြည်၊ ဒုဗိုလ်မှူးကြီးစိုးမြင့်(ငြိမ်း)-ဒေါ်ခင်ကြိုင်တို့၏အစ်ကို၊ ဒေါ်ကြူကြူ(မန်နေဂျာ-ပြုံးပန်းတစ်ရာစာပေ)၊ ဦးစိန်တိုက်ဦး(လ/ထ ညွှန်ကြားရေးမှူး၊ မြို့ပြလမ်းဦးစီးဌာန၊ ဇန်းမော်ခရိုင်)-ဒေါ်ချိုချိုဝင်းတို့၏ချစ်လှစွာသောဖခင်၊ မောင်ထူးအောင်လင်း၊ မအိမ့်ကြည်ဖြူတို့၏အဘိုးသည် ၁-၇-၂၀၁၇(စနေနေ့) မွန်းလွဲ ၁း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၇-၂၀၁၇(တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၇-၂၀၁၇ (သောကြာနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ရဟန်းဒါယကာကြီး**

## ဦးဝင်းလှိုင်(ပဲခူး) (၈၄) နှစ်

**တိုင်း/ဆောက် (၁၂)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊စာရင်းကိုင်အုပ်(ငြိမ်း)**

ပဲခူးမြို့နေ (ဦးအုန်း-ဒေါ်သန်းမြင့်)တို့၏သား၊ မင်္ဂလာဒုံမြို့နယ်၊ (မ/၅၀၃)၊ (ခ/ခ)ရပ်ကွက်၊ ဘူတာဟောင်းလမ်းနေ ဒေါ်ခင်နန်းမြင့် (အင်းယားကန်ဟိုတယ်-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ မနီနီထက်လှိုင် (CB Bank)၊ မသစ်သစ်လှိုင်(BE-Civil၊ ခေတ္တ-စင်ကာပူ)၊ မောင်မောင်သီဟ(Sunkit Co., Ltd)၊ Dr.ဦးဇင်ဖြိုးသီဟ(ချမ်းမြေ့သုခဆေးဆိုင်)-Dr.မေမွန်လှိုင်တို့၏ဖခင်၊ မယွန်းမြတ်ဟန်သီ၏အဘိုးသည် ၁-၇-၂၀၁၇(စနေနေ့) မွန်းလွဲ ၁း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၇-၂၀၁၇(တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**

## ဒေါ်တင်လှ(ဖြူးမြို့) အသက်(၈၀)

ရန်ကုန်မြို့၊ ဒဂုံ (မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ်(၃၄၃)နေ (ဦးထွန်းကြိုင်-ဒေါ်သိန်းညွန့်)တို့၏ သမီးကြီး၊ (ဦးအောင်ငြိမ်း-ဒေါ်မမကြီး)တို့၏ သမီးချွေးမ၊ [ဦးမင်းလွင်(အထွေထွေမန်နေဂျာ-မြန်မာ့သစ်လုပ်ငန်း၊ငြိမ်း)]၏ချစ်လှစွာသောဇနီး၊ ဦးဇော်မင်းဦး-ဒေါ်ယဉ်မင်းသက်၊ ဗိုလ်ကြီးကျော်ဇေယျ(ငြိမ်း)-ဒေါ်မေသန္တာလွင်၊ ဦးဇော်မင်းထွန်း-ဒေါ်လဲ့လဲ့ဝါ၊ Dr.Madhab Paul-ဒေါ်နီလာလွင်၊ ဦးအောင်သက်ထွန်း-ဒေါ်နွယ်နီလွင်တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေးငါးယောက်တို့၏အဘွားသည် ၃၀-၆-၂၀၁၇ (သောကြာနေ့) ညနေ ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၇-၂၀၁၇(တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၇-၂၀၁၇(ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါက်တာ ဦးမောင်မောင်ဦး

**(ရွှေဘိုမြို့)**

**B.D.S (Ygn) Dip.Dsc (Ygn)**

**သွားနှင့်ခံတွင်းအထူးကု**

**ဆရာဝန်ကြီး(ငြိမ်း)**

**အသက် (၆၅)နှစ်**

ရွှေဘိုမြို့၊ အနောက်ဈေးရပ်နေ (ဦးလှဖေ-ဒေါ်တင်ဦး)တို့၏ သား၊ ဒေါ်သန်းသန်း(အထပြ-ငြိမ်း)၊ ဒေါ်ရီရီ (တွဲဖက်ပါမောက္ခ/ဌာနမှူး၊ ဆေးဝါးတက္ကသိုလ်-ငြိမ်း)၊ ဒေါ်ကြည်ကြည်ဝင်း (အလယ်တန်းကျောင်းအုပ်-ငြိမ်း)တို့၏ မောင်၊ ဒေါ်မေနှင်းသီတာ၊ ဒေါ်ညွန့်ညွန့်၊ ဒေါ်နုနုထွေး(ဒုတိယ ညွှန်ကြားရေးမှူး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံးချုပ်၊ နေပြည်တော်)တို့၏အစ်ကို ဒေါက်တာဦးမောင်မောင်ဦးသည် ၃၀-၆-၂၀၁၇(သောကြာနေ့) နံနက် ၁၀ နာရီတွင် ရွှေဘိုမြို့ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၇-၂၀၁၇ ရက် မွန်းလွဲ ၂ နာရီတွင် ရွှေဘိုမြို့ ဥသျှစ်ကန်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ဝင်းဝင်းမြင့် (ခ)

**မအေးအေး(ချောက်မြို့)**

**အသက် (၅၀)**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဘိုကလေးဈေးလမ်း၊ အမှတ် (၁၂၆/၁၃၆)နေ ဦးတင်အောင်-(ဒေါ်တင်အေး)တို့၏သမီးငယ်၊ ဦးတင်မောင်ဆန်း-ဒေါ်မာလာဦး(ခ)ဒေါ်ဝင်းဝင်းခိုင်တို့၏ညီမ၊ ချောက်မြို့၊ လမ်းမတော်နေ ဒေါ်မြင့်၊ ဒေါ်စိန်ကြည်၊ ဒေါ်လှလှမြင့်တို့၏တူမ၊ ဗိုလ်ကြီးလင်းထက်ကျော်-ဒေါ်ခင်ဆင့်အောင်၊ ဦးအောင်ကောင်းမြင့်-ဒေါ်ဖြူဖြူတို့၏ အစ်မသည် ၃၀-၆-၂၀၁၇(သောကြာနေ့) ည ၈း၅၀နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၇-၂၀၁၇ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၆-၇-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဘဒ္ဒန္တ နာဂိန္ဒ မဟာထေရ်

**သိက္ခာတော်(၈၃) ဝါ၊ သက်တော် (၁၀၃)နှစ်**

**(၁၂၇၇-၁၃၇၉)၊ (၁၉၁၄-၂၀၁၇)**

ချောင်းဆုံမြို့နယ်၊ ကလော့ကျေးရွာနေ ခမည်းတော် ဆေးဆရာကြီး ဦးရွှေဘွား-မယ်တော်ဒေါ်ငွေဇင်တို့၏ သားဦးရတနာ၊ ကျေးဇူးတော်ရှင် သက်တော်ရှည် ကျိုက်ဒိုးတောရကျောင်းတိုက်၏ ဦးစီးပဓာနနာယက မွန်/ကရင်ပြည်နယ် ရွှေကျင်ဂိုဏ်းချုပ်ဆရာတော် (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဘဒ္ဒန္တ နာဂိန္ဒမဟာထေရ် သိက္ခာတော် (၈၃)ဝါ၊ သက်တော် (၁၀၃)နှစ်သည် (၁၃၇၉ခုနှစ်၊ ဝါဆိုလဆန်း ၆ရက်) ၂၉-၆-၂၀၁၇(ကြာသပတေးနေ့) ည ၇း၁၅ နာရီတွင် ရန်ကုန်မြို့ ပါရမီအထူးကုဆေးရုံကြီး၌ ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ (၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ရက်) ၃-၇-၂၀၁၇(တနင်္လာနေ့)တွင် ကျိုက်ဒိုး တောရကျောင်းတိုက်၌ အန္တိမအဂ္ဂိစျာပနကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျေးရွာစုံ ကျိုက်ဒိုးတောရစျာပနဖြစ်မြောက်ရေးကော်မတီနှင့် ကျောင်းဒါယိကာ၊ ဒါယိကာမများ

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာ**

## ဦးသုန္ဒရ (ခ) ဦးသန်းဝင်း

**သိက္ခာတော် (၁၅) ဝါ၊ သက်တော် (၈၇)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ် (၂)၊ အခန်း (၄)နေ (ဦးမောင်ဉာဏ်-ဒေါ်လှိုင်ရင်)တို့၏သား၊ (ဦးထွန်းတင်-ဒေါ်ဝါး)တို့၏သားသမက်၊ (ဒေါ်မြသင်)၏ခင်ပွန်း၊ (ဦးမောင်မောင်ကြည်-ဒေါ်စန်းစန်း)တို့၏ မောင်၊ ဦးသိန်းဖေ-ဒေါ်သန်းသန်းတို့၏ အစ်ကို၊ ဒေါ်မြမြစိန်-(ဦးကျော်ဆွေ)၊ ဦးသန်းဆွေ-ဒေါ်မိုးသူဇာရင်၊ (ဦးအောင်မြင့်)-ဒေါ်ခင်အေးမြင့်တို့၏မွေးသဖခင်၊ မြေး ၁၀ ယောက်၊ မြစ်ခုနစ်ယောက်တို့၏ အဘိုးသည် ၁-၇-၂၀၁၇ရက် နံနက် ၁၀း၁၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၃-၇-၂၀၁၇ (တနင်္လာနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟအပေါင်းအားအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၇-၂၀၁၇ (သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**နိကာယ်ငါးရပ်ဝင်ဓမ္မသာကစ္ဆာအဖွဲ့ချုပ်**

## နာယကကြီး ဦးကျော်တုန်း (၉၃)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ ဘောက်ထော်ဘူတာရုံလမ်း၊ ပြည်သာယာအိမ်ရာ၊ တိုက်(၁)၊ အခန်း(၃)နေ (ဒေါ်ချူမြိုင်)၏ခင်ပွန်း၊ နိကာယ်ငါးရပ်ဝင် ဓမ္မသာကစ္ဆာအဖွဲ့ချုပ်၊ အမှုဆောင် ဒေါ်ခင်ထားမေ(ကျောင်းအုပ်ကြီး၊ အထက-၃၊ ဒဂုံဆိပ်ကမ်း)၏ ဖခင်ကြီးသည် ၃၀-၆-၂၀၁၇ (သောကြာနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၇-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး အမှုဆောင်များအားလုံးအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

နိကာယ်ငါးရပ်ဝင်ဓမ္မသာကစ္ဆာအဖွဲ့ချုပ်

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်တင်လှ(ဖြူးမြို့) အသက် (၈၀)

ရန်ကုန်မြို့၊ ဒဂုံ(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ် (၃၄၃)နေ [ဦးထွန်းကြိုင်-ဒေါ်သိန်းညွန့် (ဖြူးမြို့)]တို့၏ သမီးကြီး၊ (ဦးတင်မောင်-ဒေါ်ဝင်းကြည်)၊ [ဒေါ်တင်မြ (မြန်မာ့သစ်လုပ်ငန်း-ငြိမ်း)]၊ (ဒေါက်တာတင်မောင်)-ဒေါ်ခင်စန်းထွန်း (အထက်တန်းရှေ့နေ)၊ ဦးတင်မြင့်ထွန်း (လ/ထ ညွှန်မှူး၊ ကညန-ငြိမ်း)-ဒေါ်နန်းခင်ချစ်အေး(စာရင်းစစ်မှူး-ငြိမ်း)၊ ဦးဝင်းကျော် (မန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း-ငြိမ်း)-ဒေါ်စန်းစန်းလှ (လ/ထ မန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း-ငြိမ်း)တို့၏ ချစ်လှစွာသောအစ်မကြီးသည် ၃၀-၆-၂၀၁၇ (သောကြာနေ့) ညနေ ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၇-၂၀၁၇ (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်လှမြင့်မြင့်သန်း(ခ)ဒေါ်လှလှ (၇၃)နှစ်

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဆင်ဖြူရှင်ရိပ်သာ၊ အမှတ်(၁)၊ အခန်း(၄)နေ ဒုတိယဗိုလ်မှူးကြီး အောင်အောင်တိုး-ဒေါ်လှိုင်းလှိုင်း၊ ဦးအောင်မြတ်သူ-ဒေါ်သင်းကြူအောင်၊ ဦးအောင်ဇော်မိုး (Canopus Myanmar Co., Ltd)- ဒေါ်ဆွေဆွေထိုက်(ချမ်းသာဆေးဆိုင်)၊ ဦးအောင်အောင်နိုင်(STEEL DRAGON Co., Ltd)-ဒေါ်မိုးမိုးအောင်၊ ဦးနေလင်းဦး (လ/ထညွှန်မှူး၊ နယ်စပ်စည်ပင်)-ဒေါ်သန္တာအောင် (KMA Group of Co., Ltd)၊ ဦးဇော်မျိုး (မြန်မာ့သစ်လုပ်ငန်း)-ဒေါ်သီတာအောင်(Bawgatheiddhi Group of Co., Ltd)တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေးခြောက်ယောက်တို့၏အဘွား၊ ဦးသိန်းအောင် (ကျောင်းအုပ်ကြီး-ငြိမ်း၊ အထက၊ ဥက္ကံမြို့)၏ချစ်လှစွာသောဇနီး ဒေါ်လှမြင့်မြင့်သန်း(ခ)ဒေါ်လှလှသည် ၃၀-၆-၂၀၁၇(သောကြာနေ့) ညနေ ၆း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၇-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) ငြိမ်းအေးဇရပ်မှ ကွင်းကြီးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၇-၂၀၁၇(ကြာသပတေးနေ့) နံနက် ၈နာရီမှ မွန်းတည့် ၁၂ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း အမ**

## ဒေါ်အေးသက်လွင်(B.Sc-Physics) (၄၂)နှစ်

**ငွေကိုင်(၃)၊ မြန်မာ့စီးပွားရေးဘဏ်(၃)၊ ရန်ကုန်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ လှည်းတန်း(၇)လမ်း၊ တိုက်(၁၇)၊ ပထမထပ်(ဝဲ)နေ ဦးဇော်မင်းဦး(က. ပ. ရ၊ ခပ-၁၂၊ ငြိမ်း)-ဒေါ်ခင်သန်းဆွေတို့၏သမီး၊ ဒေါ်ပြုံးအိဆွေလွင်(ဇီးကုန်း၊ မြန်မာ့စီးပွားရေးဘဏ်)၏ အစ်မ၊ ဦးမောင်မောင်သက်-ဒေါ်အေးအေးမြင့်ကို၊ ဦးရဲထွန်းမြင့်-ဒေါ်ခင်ဆွေဦး၊ ဦးမျိုးမြင့်-ဒေါ်သန္တာအေးကိုတို့၏ညီမ၊ ဦးအေးမြတ်သူရ(ခ)ဦးမြတ်သူ၏ဇနီး၊ မောင်ဟိန်းထက်အောင်(ဆဋ္ဌမတန်း-C၊ အထက-၂၊ ကမာရွတ်)၊ မောင်အောင်ကောင်းဆက်(KG-D၊ အထက-၂၊ ကမာရွတ်)တို့၏မိခင်၊ မသူသူဟိန်းထွန်း (အရိုးအကြောဌာန၊ သန်လျင်)၊ မဇေကရီဟိန်းထွန်း (ဆေးတက္ကသိုလ်-၂)၊ မနှင်းအဥ္စလီ(တေးသံရှင်)၊ မချယ်ရီမျိုးမြင့်၊ မသိင်္ဂီမျိုးမြင့်တို့၏အဒေါ်သည် ၃၀-၆-၂၀၁၇ (သောကြာနေ့) မွန်းလွဲ ၁း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၇-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၁၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၇-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# တောင်ကျရေများဝင်ရောက်နေမှုကြောင့် ဒေသခံပြည်သူများနှင့် ကျွဲ၊ နွားတိရစ္ဆာန်များ ဘေးလွတ်ရာသို့ အချိန်မီပြောင်းရွှေ့လျက်ရှိ

**ခန္တီး ဇူလိုင် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့၌ မိုးအဆက်မပြတ်ရွာသွန်းနေမှုကြောင့် ချင်းတွင်းမြစ်ရေသည် ဇူလိုင် ၁ ရက် ညနေ ၆ နာရီခွဲအချိန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ တိုင်းထွာချက်အရ ၁၂၂၅ စင်တီမီတာသို့ ရောက်ရှိနေပြီး ခန္တီးမြို့၏ စိုးရိမ်ရေအမှတ်မှာ ၁၃၆၀ စင်တီမီတာဖြစ်ကြောင်း၊ ဤကဲ့သို့ မိုး ဆက်လက်ရွာသွန်းနေပါက စိုးရိမ်ရေအမှတ်သို့ ရောက်ရှိနိုင်ကြောင်း ဒေသခံ ဦးဝမ်ဝမ်က ပြောသည်။

မိုးဆက်လက်ရွာသွန်းနေမှုကြောင့် ခန္တီးမြို့ ဇီးဖြူကုန်းရပ်ကွက်မြေနိမ့်ပိုင်းနှင့် မြို့မရပ်ကွက် ဈေးလမ်းတစ်လျှောက်တွင် တောင်ကျရေများဝင်ရောက်နေမှုကြောင့် ဒေသခံပြည်သူများနှင့် ကျွဲ၊ နွားတိရစ္ဆာန်များဘေးလွတ်ရာသို့ အချိန်မီပြောင်းရွှေ့လျက်ရှိကြောင်း သိရသည်။

**ခေါင်ရည်ချို(နာဂမြေ)**



# မြဝတီမြို့ (၉၉၉)ဂိတ်မှ ဝင်ရောက်လျက်ရှိသည့် မြန်မာအလုပ်သမားများ ဒုတိယနေ့တွင် ၄၀၀၀ ကျော်ရှိ

**မြဝတီ ဇူလိုင် ၁**

ထိုင်းနိုင်ငံအတွင်း အလုပ်သွားရောက်လုပ်ကိုင်နေကြသည့် အထောက်အထား မပြည့်စုံသည့် မြန်မာအလုပ်သမားများနှင့် အထောက်အထားလုံးဝမရှိသည့် မြန်မာအလုပ်သမားများကို ထိုင်းနိုင်ငံအတွင်း အရှိန်မြင့်ဖမ်းဆီးလျက်ရှိသည့်အတွက် ဇွန် ၂၉ ရက် နံနက်ပိုင်းမှစပြီး မြန်မာအလုပ်သမားများ မြဝတီမြို့(၉၉၉)ဂိတ်မှတစ်ဆင့် မြန်မာနိုင်ငံသို့ ပြန်လာလျက်ရှိရာ ဇွန် ၃၀ ရက် ဒုတိယနေ့တွင်လည်း လူဦးရေ ထောင်နှင့်ချီပြီး ပြန်လာလျက်ရှိကြောင်း သိရသည်။

**စာမျက်နှာ ၇ ကော်လံ ၁ သို့ ○**

## ချင်းတွင်းမြစ်ရေစိုးရိမ်ရေမှတ်ကျော်လွန်နိုင်

**နေပြည်တော် ဇူလိုင် ၁**

ယနေ့ နံနက် ၁၀ နာရီခွဲအချိန်တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့၌ ယင်းမြို့၏စိုးရိမ်ရေမှတ် အောက် ၃ ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက် ၁ ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ကျော်လွန်ရောက်ရှိနိုင်သဖြင့် ဟုမ္မလင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။ **(ကြေးမုံ)**



ချန်ပီယံဆုအတွက် အဆုံးအဖြတ်ပွဲကစားရမည့် မြန်မာ ယူ-၂၂ အသင်း။

# မြန်မာ ယူ-၂၂ အသင်း KBZ Bank Cup ပြိုင်ပွဲ ချန်ပီယံဆုရယူနိုင်ရန် ဂျပန်တက္ကသိုလ်အသင်းကို အနိုင်ကစားရမည်

**ရန်ကုန် ဇူလိုင် ၁**

KBZ Bank Cup လေးနိုင်ငံ ယူ-၂၂ ဖိတ်ခေါ်ပြိုင်ပွဲ အုပ်စုနောက်ဆုံးနေ့ကို ဇူလိုင် ၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်မြန်မာအသင်းသည် ချန်ပီယံဆုရယူနိုင်ရန် ဂျပန်တက္ကသိုလ်အသင်းကို အနိုင်ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် ဂျပန်တက္ကသိုလ်အသင်းထက် ဂိုးကွာခြားချက်တွင် နည်းနေသောကြောင့် ယနေ့ပွဲတွင်

**စာမျက်နှာ ၇ ကော်လံ ၄ သို့ ❋**

# အိုလံပစ်နေ့အထိမ်းအမှတ် ကာယဗလမောင်နှင့် အမျိုးသမီးကာယကြံ့ခိုင်မှု ပြိုင်ပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၁**

၂၀၁၇ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ကာယဗလမောင်နှင့် အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲကို ဇူလိုင် ၁ ရက်က မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပခဲ့သည်။ ယင်းပြိုင်ပွဲကို မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်နှင့် Nat Ray Wellness၊ Real Fitness၊ The Gym City Fitness Center၊ San နှင့် My Gym တို့ ပူးပေါင်း၍ ကျင်းပခြင်းဖြစ်သည်။

"အရင်တုန်းကတော့ body building ဆိုရင် လူစိတ်ဝင်စားမှု အလွန်နည်းပါတယ်။ ဒီနှစ်ဆိုရင် Model Physique ပိုင်းပါထည့်လိုက်တော့ လူပိုစိတ်ဝင်စားလာတယ်။ အခုဆို တချို့စိတ်ဝင်စားလို့ လာကြည့်တဲ့သူတွေရှိသလို လာလေ့လာတဲ့သူတွေလည်း တွေ့ရတယ်။ နောက်နှစ်တွေဆို ပိုအောင်မြင်လာမယ်လို့ ယူဆတယ်" ဟု မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်မာလာက ပြောသည်။

**စာမျက်နှာ ၇ ကော်လံ ၄ သို့ ◆**



အိုလံပစ်နေ့အထိမ်းအမှတ်ပြိုင်ပွဲတွင် အမြင့်ဆုံးဖြစ်သည့် အလွတ်တန်းပြိုင်ပွဲတွင် ပထမဆုရရှိခဲ့ကြသည့် ကာယဗလမောင် ထွန်းထွန်းအောင်နှင့် ကာယအလှမယ် နန်းလောင်ခမ်း။





ဝတ္ထုတို



အေးမြတ်မြတ်ဖြိုး(ကံမ)



# မေတ္တာမိုးဖြင့် ပျိုးသည့်ပန်း

"ဝေဠုကျော်"
"ရှိပါတယ်ခင်ဗျ"
"လွင်မိုး"
"ရှိပါတယ်ခင်ဗျ"
"ပန်းဖြူ"
"ရှိပါတယ်ရှင့်"
"နန္ဒာလှိုင်"
"ရှိပါတယ်ရှင့်"

အတိုင်အဖောက်ညီညီ ခေါ်ထူးနေတဲ့ နာမည်တွေကြားရလို့ ရုပ်ရှင်ရိုက်ကွင်းက မင်းသား မင်းသမီးတွေရဲ့ အသံတွေတော့ မထင်လိုက်ပါနဲ့ရှင်။ ကျွန်မရဲ့ မူလတန်း တပည့်တွေကို ကျောင်းလာ၊ မလာ "က" စာရင်းသွင်းဖို့ နာမည်ခေါ်နေရတာပါ။ကျွန်မက တစ်ယောက်ပြီးတစ်ယောက် နာမည်ခေါ်လိုက်။ ကလေးတွေက လက်ကလေးတွေပိုက်လို့ မတ်တတ်ရပ် ထူးလိုက်နဲ့ပေါ့။

"နေထူး"
". . . . ."
"နေထူး"
". . . . ."
"နေထူး မလာပါဘူး ဆရာမ"

"ဟဲ့ ဒီနေထူးက ဒီနေ့လည်း မလာပြန်ဘူးလား။ ဒီကောင် ကျောင်းပျက်တာ လေးရက်တောင်ရှိနေပြီ။ မဖြစ်တော့ဘူး။ သူ့မိဘတွေ ခေါ်ပြောမှဖြစ်တော့မယ်။ ပြောလိုက်ကြစမ်းဟေ့ ကလေးတွေ။ နေထူး အဖေနဲ့ အမေကို ဆရာမက ကျောင်းကို ဆက်ဆက်လာခဲ့ပါဦးလို့ မှာလိုက်တယ်လို့"

ဟင်း. . . စိတ်ပျက်တယ်။ စိတ်ပျက်တယ်။ ဒင်းတို့အတွက် ကျွန်မ သိပ်စိတ်ပျက်တယ်။ ကျောင်းသားမိဘတချို့ဟာလေ ကျောင်းလှေကားအတက်နံရံမှာ ကျွန်မကိုယ်တိုင်ရေးထားတဲ့ "ကျောင်းမှန်မှန်တက်စာမခက်"ဆိုတဲ့စာတန်းကို သဘော်ဆေးပေါ်လို့ အားအားယားယားရေးထားတယ်များ မှတ်ကြသလားမသိ။ ကျောင်းဖွင့်စ အစည်းအဝေးမှာကတည်းက "ကိုယ့်သားသမီးတွေ မဖြစ်မနေ ကျောင်းပျက်ရမယ်ဆို ခွင့်လာတိုင်ပါ"လို့ သေချာပြောထားပါရဲ့နဲ့။ ခုတော့ တစ်ရက်လည်းမဟုတ်။ နှစ်ရက်လည်းမဟုတ်။

သုံးတန်း၊ လေးတန်းတွေဟာ စာအရေးကြီးနေပါပြီလို့ သေချာပြောထားပါရဲ့။ နွားကျောင်းခိုင်းချင်ရတာနဲ့၊ ကလေးထိန်းခိုင်းချင်ရတာနဲ့။ ခိုင်းဖို့လောက် ချောင်းနေကြတာ။ ကျောင်းတစ်ရက်ပျက်တယ်ဆို နောက်ကျတဲ့ သင်ခန်းစာက မနည်းမနော။

ဒီကျောင်းမှာက မူလတန်း အတန်းပေါင်းစုံကို ဆရာမနှစ်ယောက်တည်းနဲ့ ကြဲနေရပါတယ်ဆိုမှ ကျောင်းပျက်လို့လွတ်သွားတဲ့ သင်ခန်းစာမှန်သမျှ သူတို့ပါလိုက်မိအောင် ပြန်သင်ရတာလွယ်တယ်များ မှတ်နေလားမသိ။ လာပါစေဦး ဒင်းတို့မိဘတွေ။

ကိုယ်တောင် နွားနဲ့ဖက်ပြီး ပင်ပင်ပန်းပန်း လုပ်ကိုင်စားနေရပါတယ်ဆိုမှ ကိုယ့်သားသမီးကို ပညာအမွေလေးမှ ဖြောင့်ဖြောင့်ဖြူးဖြူး မပေးချင်တဲ့မိဘတွေ။ ဒီကလေးတွေကို ပညာမတတ်ရင် ဘယ်နေရာမှာသွားသုံးရမလဲ။ သူတို့ရွာက တချို့သူတွေလို နိုင်ငံခြားလွှတ်ပြီးများ အလုပ်လုပ်ခိုင်းချင်နေပြီလားမသိ။ နိုင်ငံခြားမကလို့ လကမ္ဘာပဲလွှတ်လွှတ် စာမတတ်၊ ပညာမတတ်ရင်ကတော့ ကိုယ့်ကလေးဟာ သူများခိုင်းဖတ်ပဲဖြစ်မှာ။ သားသမီးရှေ့ရေး တစ်စက်လေးမှမတွေးတဲ့မိဘတွေ။

ဆရာမတွေမှာတော့ စာသင်ရုံသာမက ကလေးတွေအတွက် အရာရာလိုက်တွေးပြီး မနေနိုင်တဲ့ ငွေမြိုင်တွေဖြစ်လို့။ ဘယ့်နှယ်ကွယ် "ငါးပိသည်က အိပ်ပြီး ဒီက ဆားသည်မက ထယပ်ခပ်နေရတဲ့အဖြစ်။ အိုးကမပူ စလောင်းကပူနေရတာ။ ကျောင်းခေါ်ကြိမ် ၇၅ ရာခိုင်နှုန်းမပြည့်ရင် စာမေးပွဲဖြေခွင့်မရှိဘူးဆိုတာလည်း နားမလည်ကြတဲ့လူတွေ။နေထူးရဲ့ မိဘတွေ ကျောင်းရောက်လာလို့ကတော့ ဒါတွေ အသကုန်ကို ပြောဦးမယ်။ အို ပြောရုံနဲ့တော့ မကျေနပ်နိုင်သေးပါဘူး။ နောက်တစ်ခါ ဒီလို ကျောင်းပျက်တာမျိုး မဖြစ်စေရပါဘူးဆိုတဲ့ ကတိခံဝန်ချက်ကိုပါ ယူထားလိုက်မှဖြစ်မယ်။

ဒါကတော့ တပည့်ငယ် ကျောင်းပျက်များတာကြောင့် စိတ်တိုတိုနဲ့အကွက်ချနေတဲ့ ကျွန်မအတွေးထဲက ကြိမ်းဝါးသံတွေပါ။ ဒါပေမယ့် ကျွန်မကသာ သူတို့လာရင် "ဘယ်လိုပြောလိုက်မယ်။ ဘယ့်နှယ်လုပ်လိုက်မယ်"နဲ့ ကြိမ်းဝါး နေရပါတယ်။ အဲဒီနေ့က နေထူးကိစ္စအတွက် သူ့အဖေလည်း ပေါ်မလာ။ သူ့အမေလည်း ပေါ်မလာ။ "ငါမှာနေတာတောင် မလာဘူး။ ငါ့စကား အလေးမထားရသလား" ရယ်လို့ ဒေါသတွေကြီးနေတဲ့ကျွန်မ နောက်တစ်နေ့ညနေ ကျောင်းဆင်းချိန်မှာတော့ သူတို့မလာရင် ငါသွားတယ်ဟာဆိုပြီး စိတ်တိုတိုနဲ့ ကလေးတစ်ယောက်ကို လမ်းပြခိုင်းပြီး နေထူးအိမ်ကို လိုက်ချသွားပါတော့တယ်။

တွေ့ပါပြီ နေထူးတို့အိမ်။ ခနော်နီခနော်နဲ့ တိုင်လေးတွေနဲ့ ကျားကန်ထားရရှာတဲ့ သုံးပင်အိမ်ယိုင်ယိုင်ကလေး။ အိမ်အမိုးမှာ သက်ငယ်ပျစ်တချို့က ပေါက်ပြဲတွဲရဲကျနေသလို အကာထရံတွေကလည်း ဆန်ခါကွက်အလား။ ဟိုဟိုဒီဒီ မျက်လုံးကစားရင်း "ကျွီ. . . အီ. . . အီ. . ." ဆိုတဲ့အသံကြားလို့ လှမ်းကြည့်လိုက်တော့ အိမ်ခြေရင်းက သစ်ငုတ်တိုမှာ ကြိုးနဲ့ချည်ထားတဲ့ ဝက်ပိန်လေးတစ်ကောင်။ ကျွန်မ စိတ်မကောင်းဖြစ်သွားမိပါတယ်။ ဪ နေထူးလေး အတော်ချို့တဲ့ရှာတာပဲ။

"ဝေး. . . နေထူး၊ ဆရာမ လာတယ်ဟေ့"

လမ်းပြကလေးငယ်ဆီက အော်သံအကြား အိမ်ထဲကနေ အပြေးထွက်လာရှာတဲ့ နေထူး။ အို. . . ကလေးရယ်။ အပေါ်အင်္ကျီဗလာ။ ဘောင်းဘီတိုတိုဝတ်ထားပြီး ခါးအောက်ပိုင်းတစ်ခုလုံး ရွှံ့တွေပေလူးလို့။ ဆံပင်တွေက ဖွာဆန်ကြဲ။ မျက်လုံးတွေက နီရဲနေတာပဲ။ သူ့အိမ်ထိ ကျွန်မလိုက်ချလာလိမ့်မယ်လို့ မမျှော်လင့်ထားဘူးနေမှာ။ အံ့အားတသင့်နဲ့ "အမေရေ ဆရာမလိုက်လာပြီ"လို့ အိမ်ထဲက သူ့အမေကို လှမ်းသတင်းပို့ပြန်ပါတယ်။

ဟော ထွက်လာပြန်ပြီ နောက်တစ်ယောက်။ နေထူးအမေလေ တဘက်ကြီးခေါင်းပေါင်းလို့။ ဟင်. . . သူ့မှာလည်း ရွှံ့တွေပေပွနေတာပါပဲလား။ ကျွန်မတွေးနေတုန်းမှာပဲ

"လာ ဆရာမ၊ လာပါ လာပါ။ ဒီမှာထိုင် ဆရာမ" ပြောပြောဆိုဆိုနဲ့ သူခေါင်းပေါင်းထားတဲ့ တဘက်ကိုဖြုတ်ပြီး ကုလားထိုင်အစုတ်လေးကို ကျွန်မထိုင်ဖို့ ဖုန်သုတ်ပေးနေပြန်ပါတယ်။ ဖုန်သုတ်ရင်းကလည်း

"ကလေးတွေက ပြောပါတယ်။ ကျောင်းလာခဲ့ဖို့ ဆရာမကမှာတယ်တဲ့။ နေထူးကလည်း ဆူလှပူလှပြီ။ ကျောင်းတက်ချင်ပြီတဲ့။ ဆရာမရေ ပြီးခဲ့တဲ့အပတ်က နေထူးအဖေ ကိုင်းထွန်အငှားလိုက်ရင်း ခြေထောက်ငုတ်စူးမိတယ်။ သက်သာမလားလို့ ဟိုဆေးလေးလိမ်း ဒီဆေးလေးသောက်လုပ်ပေမယ့် ညှော်ဝင်ဘာဝင်နဲ့ ခြေထောက်ကြီးက ရောင်တက်လာတာ။ ခု တောင်ဝှေးထောက်ပြီး သွားနေရတယ်။ ဖအေ အလုပ်မဆင်းနိုင်တော့ နေထူးပဲ ဇွတ်နွားကျောင်းခိုင်းရတော့တာ ဆရာမရေ။ သူက ကျောင်းပျက်လို့ ဆရာမပြောနေတော့မှာတဲ့။ အေးပါဟယ် နင့်အဖေ အလုပ်ပြန်လုပ်နိုင်တဲ့နေ့ကျတော့ ကျောင်းပြန်တက်ပါ။ ဆရာမကို အမေလိုက်ပြောပေးပါ့မယ်လို့ ချော့ထားရတာ"

နေထူးအမေရဲ့ တရစပ်ပြောနေတဲ့ စကားအရှည်ကြီးကြား ကျွန်မ အသက်မရှူနိုင်ဘဲ မသက်မသာနားထောင်နေမိပါတယ်။ အိမ်ထောင့်က ဝါးကွပ်ပျစ်လေးပေါ် ကြည့်လိုက်တော့လည်း အနာရှိန်ကြောင့် ဖျားနေလို့ တစောင်းလေးလှဲရင်း အိပ်ပျော်နေရှာတဲ့ နေထူးအဖေ။ ညိုညစ်ညစ်ပုဆိုးစုတ်ကို ပတ်တီးလုပ်စည်းထားတဲ့ ခြေထောက်ကြီးတစ်ဖက်က ရောင်ကိုင်းအန်းမို့လို့။ ကျွန်မ သက်ပြင်းမောကြီးကိုသာ ဟင်းခနဲ ချလိုက်မိပါတော့တယ်။

"ဟုတ်ကဲ့ပါ အစ်မရယ်။ ကျွန်မကလည်း ကလေး စာနောက်ကျမှာစိုးတာနဲ့ အကျိုးအကြောင်းသိရအောင် လိုက်လာခဲ့တာပါ။ ခုလိုမြင်ရ၊ သိရတော့ စိတ်တောင်မကောင်းဘူး။ ခြေထောက်အနာကိုလည်း ပေါ့မနေနဲ့ဦး။ ကြုံရာဆေးတွေနဲ့ ရမ်းကုမနေပါနဲ့။ ဆေးခန်းသွားပြပါ"

ကျွန်မရဲ့ ခပ်လေးလေးစကားသံအဆုံးမှာ နေထူးအမေက

"သွားမလို့ပဲ ဆရာမရေ။ လက်ထဲ ပိုက်ဆံလေးကလည်း မလွယ်သေးတာနဲ့။ အိမ်က အငယ်မကလည်း ထမင်းစားတိုင်း ဟင်းမပါလို့ တကျည်ကျည်လုပ်နေတာနဲ့ နေထူးခေါ်ပြီး ရွာအနောက်ဘက်ကအိုင်ထဲ သားအမိနှစ်ယောက် ငါးသွားပက်တာ စားဖို့ရောရောင်းဖို့ပါ တော်တော်များများရလာခဲ့တယ်။ နေထူးက ခုနကပဲပြောနေသေးတာ ဆရာမဆီ သွားပေးချင်တယ်တဲ့။ ခုတော့အတော်ပဲ။ ဆရာမစားဖို့ ယူသွားဦးနော်"

ပြောရင်းဆိုရင်းက ငါးထည့်ပေးဖို့ ကြွပ်ကြွပ်အိတ် ထရှာနေပြန်ပါရော။

"အမလေး အစ်မရယ် နေပါစေ။ ရောင်းပါ။ ရောင်းပါ။ ကျွန်မ အလကားမယူပါရစေနဲ့" လို့ ဇွတ်အတင်းငြင်းပေမယ့် "ကျွန်မတို့က ဒါလေးတတ်နိုင်လို့ ဒါလေးပေးရတာပါ။ ဆရာမက စာတတ်အောင်၊ လိမ္မာအောင် နေ့တိုင်းသင်ပေးနေရတာ။ မယူရင် ဆရာမတပည့်က စိတ်မကောင်းဖြစ်နေတော့မှာ"တဲ့။

စားဝတ်နေရေးပြည့်စုံကြွယ်ဝပြီး အစစအဆင်ပြေနေသူတွေအဖို့ကတော့ ဒီလိုတောရွာတွေမှာ ဒီလိုဘဝလေးတွေရှိနေသေးတယ်ဆိုတာကို ယောင်လို့တောင်တွေးမိကြမယ် မထင်ပါဘူး။ "အခမဲ့ပညာရေး"ဆိုပေမယ့် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းရောက်မလာနိုင်ကြပါဘူး။ ကျောင်းလခ လွတ်ခွင့်ပေးရုံ၊ ကျောင်းဝတ်စုံလေးတစ်စုံတစ်လေနဲ့ စာအုပ်လေးတွေထောက်ပံ့ရုံက သူတို့ဘဝတွေအတွက် မပြေလည်နိုင်သေးဘူးလေ။ အခမဲ့ပညာရေးရဲ့နောက်က အခမမဲ့တဲ့ စားဝတ်နေရေးအတွက် အိမ်ရှိလူကုန်ထွက် အလုပ်လုပ်နေရတဲ့ဘဝတွေကိုး။ "ပညာမြင့်မှ လူမျိုးတင့်မည်"လို့ ဘယ်လောက်ပဲကြွေးကြော်နေပေမယ့် လက်လှုပ်မှ ပါးစပ်လှုပ်ရမယ့် မိသားစုတွေကနေ ပညာတတ် လူရည်ချွန် လူရည်မွန်တွေ ဖြစ်လာဖို့ဆိုတာ ဟင်း. . . မောစရာကောင်းလိုက်တာနော်။

တစ်နေ့စာတစ်နေ့ ခဲခဲယဉ်းယဉ်းရှာစားနေရတဲ့ အောက်ခြေလူတန်းစားတွေအတွက် ကျန်းမာရေးအကူအညီတွေ၊ စီးပွားရေးအထောက်အပံ့တွေ၊ ဒါတွေအတွက်ဆို အစိုးရကိုတင် အားကိုးနေလို့မဖြစ်ဘူးလေ။ ကျွန်မတို့တွေအားလုံး အများကြီးကြိုးစားကြရဦးမှာပါလား။ "သူဆင်းရဲတာ ငါနဲ့မဆိုင်ဘူး။ သူဒုက္ခရောက်တာ ငါနဲ့မပတ်သက်ဘူး"ဆိုတဲ့ အတွေးနဲ့ ပစ်ပယ်မထားဘဲ ဝိုင်းဝန်းကူညီစောင့်ရှောက်ကြဖို့ကတော့ တာဝန်သိသူတိုင်းမှာ တာဝန်ရှိတယ်မဟုတ်လားရှင်။ နေထူးတို့လို အနာဂတ်ပန်းကလေးတွေဟာ စေတနာစမ်းရေအေးနဲ့ဖျန်းမှ မွှေးနေလန်းနိုင်မယ့် အားငယ်သူလေးတွေပါ။ မေတ္တာမိုးနဲ့ပျိုးမှ နိုးကြွလာမယ့် ပန်းကလေးတွေပါ။

အခုတော့ ကျွန်မလည်း တပည့်လေးကိစ္စနဲ့ယှဉ်ပြီး သေသေချာချာသဘောပေါက်ပါပြီ။ အရာရာတိုင်းကို စာအုပ်ကြီးအတိုင်း လုပ်လို့မရဘူးဆိုတာလေ။ ကာလံဒေသံနဲ့ အခြေအနေကြည့်ပြီး တချို့ကိစ္စတွေမှာ ပြတ်သားတင်းမာတဲ့ စည်းကမ်းအစား နားလည်ခံစားတတ်တဲ့ နှလုံးသားနဲ့ အလုပ်လုပ်ဖို့လိုတယ်ဆိုတာ ကျွန်မသိပါပြီ။ "ဘယ်လိုဘယ်ပုံ စည်းကမ်းနည်းလမ်းနဲ့ ထိန်းသိမ်းပစ်လိုက်မဟဲ့"ရယ်လို့ ကျောင်းမှာတုန်းက ဒေါသတကြီးနဲ့ မောင်းတင်လာခဲ့တဲ့ကျွန်မ။ အခုတော့ ကျွန်မမျက်နှာ တကြည့်ကြည့်နဲ့ ဆူမှာစိုးနေရှာတဲ့ နေထူးရဲ့ မျက်နှာငယ်ကလေးကို သနားကြင်နာစွာပြန်ကြည့်ရင်း ကြင်ကြင်နာနာပြုံးပြလိုက်မိပါတယ်။

"မိဘကိုကူတော့ ကုသိုလ်ရတာပေါ့ သားရယ်။ သိပ်လိမ္မာတာပဲ။ သားအဖေ နေပြန်ကောင်းတော့ ကျောင်းလာခဲ့နော်။ သားနောက်ကျတဲ့စာတွေကို ဆရာမ ပြန်သင်ပေးပါ့မယ်။ အစ်မရေ ဘယ်လောက်ခက်ခဲခက်ခဲ နေထူးကို ကျောင်းတော့မထုတ်လိုက်ပါနဲ့။ သူ့အတွက် စာအုပ်စာတမ်းဘာညာ လိုတာတွေ ကျွန်မလည်း ကူပြီးထောက်ပံ့ပါ့မယ်နော်"

ကျွန်မရဲ့ အားပေးစကားတွေကြောင့် ဝမ်းသာသွားရှာတဲ့ သူတို့သားအမိမျက်လုံးနှစ်စုံမှာ မျက်ရည်တွေရစ်ဝဲလို့။ ဒီလိုပါပဲ ကျွန်မရဲ့မျက်လုံးထဲမှာလည်း. . .။


ဝဝဝ

မျိုးဆက်သစ်ရင်ပြင်အတွက် စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။

မျိုးဆက်သစ်ရှင်ပြင်
ကြေးမုံ
အထူးဂဏ္ဍ

ဆောင်းပါး

# စိတ်မညစ်နဲ့



လှိုင်းလေပြေဦး
(ညောင်ဦး)

ဒီနေ့ သီချင်းလေးတစ်ပုဒ်က စာရေးသူနားထဲကို ပျံ့လွင့်လို့လာတယ်။ သီချင်းစာသားတိုင်းက နားထောင်သူတွေရဲ့ စိတ်ကို အားဖြစ်စေတာ သတိထားမိခဲ့တယ်။ သီချင်းကို နားထောင်ရင်း ပြီးခဲ့တဲ့ဆယ်တန်းအောင်စာရင်းထွက်သည့်နေ့ကို မြင်ယောင်မိပြန်တယ်။ အတော်များများသော လူတို့က ဂုဏ်ထူးများနဲ့ အောင်မြင်သူများကို သောင်းသောင်းဖြဖြ ဂုဏ်ပြုကြတယ်။ ရိုးရိုးအောင်မြင်သူတွေကိုလည်း ချီးကျူးကြတယ်။ တကယ်လည်း ထူးချွန်သူတွေကို ဂုဏ်ပြုသင့် ချီးကျူးသင့်တာကိုး။ စာရေးသူလည်း ထပ်တူဝမ်းမြောက်ရင်း ဂုဏ်ပြုစကားတွေ ပြောခဲ့တာပါပဲ။ အတော်များများသော လူတွေဟာ စာမေးပွဲကျရှုံးသူတွေကို အားပေးစကားပြောဖို့ရာတော့ မေ့လျော့နေကြ တာကို တွေ့ရပြန်တယ်။ တချို့လည်း အားနာခြင်းကြောင့် စကားလုံးရှာမတွေ့၍ ဘာစကားမှ မဆိုဖြစ်ကြဘူး။ စာမေးပွဲမအောင်မြင်သူတိုင်းက မကြိုးစားခဲ့ကြတာမှ မဟုတ်တာ။ ပဲစေ့ထဲမှာ စုန်းပြူးစေ့ ပါတတ်သလိုပဲ ကြိုးစားခဲ့သူတွေကြားမှာ ဝေလေလေ သမားတွေလည်း ပါတော့ပါမှာပေ့ါ။ ဒါပေမယ့် ကြိုးစားပြီး ရလဒ်မကောင်းခဲ့တဲ့ကလေးတွေ ဘယ်လောက် ဝမ်းနည်းနေမလဲ။ ဘယ်လောက် စိတ်ညစ်နေမလဲ။ စိတ်ဓာတ်ကျမသွားအောင် အားပေးစကားပြောဖို့လိုပါတယ်။ စာကို စိတ်မဝင်စားခဲ့တဲ့ ဝေလေလေ ကလေးတွေကိုလည်း တွဲခေါ်ဖို့လိုတာပါပဲ။ စာရေးသူတို့ နိုင်ငံရဲ့မျိုးဆက်သစ်လေးတွေ စိတ်အားထက်သန်စွာ လမ်းမှန်မှန်လျှောက်ဖို့ဆိုတာ မိဘတွေမှာတင် တာဝန်ရှိတာမဟုတ်ပါဘူး။ လူတိုင်းတတ်အားသ၍ ဖေးကူသွားဖို့ လိုပါတယ်။ စာရေးသူအနေနဲ့ မောင်ငယ်၊ ညီမငယ်တစ်ဦးချင်းစီကို ရည်ရွယ်ပြီး အားပေးစကားပြောပါရစေ။

မောင်ငယ်၊ ညီမငယ်တို့ရေ ဒီသီချင်းစာသားလေးကို အရင်ဖတ်ကြည့်ပါဦး။

"ဘဝမှာ အချိန်တွေဟာနည်းတယ်. . . . နည်းလွန်းတယ်. . . ဘဝဟာ အိပ်မက်လေးလို. . . ပျောက်ပျက်လွယ်. . . စိတ်မညစ်နဲ့ ဘာဖြစ်ဖြစ်စိတ်မညစ်နဲ့

နောက်ပြီးရင် ကောင်းသွားမယ် ပျော်တတ်အောင်ကြိုးစားကွယ်. . . .

ဟေ့ စိတ်မညစ်နဲ့ ဘာဒုက္ခမှမကြောက်နဲ့. . . .

လာပါစေကွယ်. . . စိတ်မညစ်နဲ့ ဘာဒုက္ခမှ မကြောက်နဲ့ ရင်ဆိုင်နိုင်တယ်"

မောင်ငယ်၊ ညီမငယ်တို့ခေတ်မှာ သင်ယူစရာတွေများလွန်းလို့ တကယ့်ကို အချိန်နည်းလွန်းပါတယ်။ အချိန်နည်းလွန်းတဲ့ခေတ်မှာ အချိန်တွေ မလေလွင့်ရအောင် ဆယ်တန်းဆိုတဲ့တောင်ကြီးကို အမောမဖောက် လမ်းမပျောက်ဘဲ ကျော်ဖြတ်နိုင်အောင် နည်းလမ်းမှန်မှန် ကြိုးစားတတ်ဖို့လိုတယ်။ ကြိုးစားရဲ့သားနဲ့မအောင်ဘူး။ နောက်နှစ်ကျရောအောင်ပ့ါမလား။ ကိုယ့်ဉာဏ်က မမီတာလား။ ဒီလိုတွေမတွေးလိုက်ပါနဲ့။ ဘယ်နေရာမှာ ကိုယ်က နည်းလမ်းမကျဖြစ်နေလဲ။ ဘယ်အရာက ကိုယ့်အားနည်းချက်လဲ။ ဆရာ ဆရာမတွေဆီမှာ ဘယ်လိုကြိုးစားရင် အဆင်ပြေနိုင်သလဲ မေးဖို့လိုပါတယ်။ မေးမြန်းခြင်းက အကောင်းဆုံး သင်ကြားခြင်းပါပဲ။ အောင်မြင်သွားတဲ့သူတွေကိုလည်း မေးသင့်တာပါပဲ။ ဒါဟာ ရှက်စရာ မာနထားစရာ အရာမဟုတ်ပါဘူး။ မိဘတွေအနေနဲ့လည်း စာမေးပွဲအောင်စာရင်း မထွက်ခင်ကပင် မိမိသားသမီးကို စိတ်ခွန်အားရှိမယ့် စကားတွေပြောထားဖို့ လိုပါတယ်။ အောင်မြင်သည်ဖြစ်ဖြစ် မအောင်မြင်သည်ဖြစ်ဖြစ် မိဘတွေကိုယ်တိုင် လက်ခံနိုင်ဖို့လိုအပ်ပါတယ်။ မိဘတွေကိုယ်တိုင် လက်ခံနိုင်မှ သားသမီးကိုလည်း လက်ခံနိုင်အောင် ပြောပြနိုင်မှာပါ။ အဖြေမထွက်ခင်ကပင် စာမေးပွဲကျရင် အသိပဲတို့၊ နောက်နှစ်မထားဘူးတို့ ပြောခြင်းမျိုးကို ရှောင်ဖို့လိုအပ်ပါတယ်။ ဖိအားတွေပေးခံရရင် ကြောက်တဲ့စိတ်နဲ့ တလွဲလျှောက်လုပ်မှာ စိုးရိမ်ရပါတယ်။ တချို့လူငယ်လေးတွေ စာမေးပွဲကျလို့ ကိုယ့်ကိုယ်ကို အဆုံးစီရင်တာတွေ့ရတော့ စိတ်မကောင်းဘူး။ မိဘတွေက စာမေးပွဲမအောင်လို့ ကရုဏာဒေါသနဲ့ ဆူဆူစမ်းပါစေ။ ရိုက်ရိုက်စမ်းပါစေ။ ပတ်ဝန်းကျင်ကဝိုင်းပြီး အပြစ်ပြောကြစမ်းပါစေ။ ခဏပဲ မောင်ငယ်၊ ညီမငယ်တို့ စိတ်ညစ်ပါ။ အချိန်အကြာကြီး စိတ်ညစ်ဖို့မလိုပါဘူး။ အဆုံးစီရင်ဖို့ဆိုတာ အဝေးကြီးပါ။ အဲဒီအရာတွေကို မခံချင်စိတ်ထားပြီး အားအင်အနေနဲ့ အသုံးချလိုက်စမ်းပါ။ ဘာကိုကြောက်နေရမှာလဲ။ဘာဒုက္ခတွေ ရှိလို့လဲ။ အိပ်ရေးမဝတာ၊ တီဗွီမကြည့်ရတာ၊ ဂိမ်းမဆော့ရတာ၊ သူငယ်ချင်းတွေနဲ့ မသွားလာရတာတွေကို ဒုက္ခလို့ သတ်မှတ်နေသလား။ ဘဝတိုးတက်ရန်အတွက် ဒီလိုဒုက္ခမျိုးကို ကျေကျေနပ်နပ် ဖိတ်ခေါ်လိုက်ပါ။ ကျော်လွှားလိုက်ပါ။ ဒါတွေက ဒုက္ခအစစ်မှ မဟုတ်တာဘဲလေ။ ဆယ်တန်းဆိုတဲ့ တောင်ကြီးကို မကျော်နိုင်မှသာ ဒုက္ခဆိုတာ ဘာတွေလဲ နဖူးတွေ့ ဒူးတွေ့ သိရလိမ့်မယ်။ အဲဒီအချိန်ရောက်မှ ပြန်ကြိုးစားချင်လို့ မရတော့ဘူး။ နောက်မှနောင်တတွေရနေမယ့်အစားကြိုးစားပြီး မအောင်မြင်ခဲ့တဲ့ မောင်ငယ်၊ ညီမငယ်တွေအနေနဲ့ စိတ်ညစ်စရာတွေကို ကျော်လွှားပြီး မလျှော့သောဇွဲနဲ့ ကြိုးစားကြပါ။ အောင်မြင်မှုက ကြိုလင့်လို့နေမှာ မလွဲပါဘူး။

ရည်ရွယ်ချက် ရည်မှန်းချက်မထားတဲ့ မောင်ငယ်၊ ညီမငယ်တို့ကိုလည်း ကြိုးစားဖို့ပြောပါရစေ။ဘဝဆိုတာ ရှည်လျားတာမို့ မိဘချမ်းသာတာကို အားကိုးပြီး ပညာမတတ်လည်း ဘာမှမဖြစ်ဘူး။ မတွေးလိုက်ပါနဲ့။ မိဘကမချမ်းသာလို့၊ အဆင်မပြေလို့ဆိုတဲ့ အကြောင်းပြချက်တွေနဲ့ မိမိပတ်ဝန်းကျင်မှာရှိတဲ့ လက်လုပ်လက်စား ဘဝတွေကိုလည်း အားမကျလိုက်ပါနဲ့။ အမြင်မှာ ပျော်စရာကောင်းသလိုလိုနဲ့ ဘဝကို ရင်ဆိုင်ရတာမလွယ်ပါဘူး။ မြင်သာအောင်ပြောရရင် ပညာရှာစဉ်ကြုံတွေ့ရတဲ့ အခက်အခဲက ကမ်းစပ်မှာ ရေကူးသလိုပါပဲ မောရင် ခဏ နားလို့ရမယ်။ ရေကူးရာမှာ အကူအညီ ပစ္စည်းလိုရင်လည်း ကမ်းတက်ယူလို့ရသေးတယ်။ ပညာရှာတဲ့အရွယ်မှာ စာမေးပွဲကျနိုင်တယ်။ ဘာဖြစ်လဲ ကျကျ လိုအပ်တာထပ်ဖြည့်ပြီး ကြိုးစားလိုက်လို့ ရသေးတယ်။ ပညာရှာချိန် ကျော်လွန်သွားရင် ကမ်းနဲ့ဝေးသထက်ဝေးသွားသလိုပဲ ဘဝပင်လယ်မှာ စားဝတ်နေရေးအတွက် ရုန်းကန်နေရပြီ။ ဘယ်လိုပညာထပ်ရှာမလဲ။ ပညာရှာချိန်က ကျော်လွန်ခဲ့ပြီ။ စီးပွားရှာချိန်ဘဝကို ပုံစံမျိုးစုံနဲ့ ဖြတ်သန်းနေရသူများမှာ ရေနက်ပိုင်းတွင် ရေကူးနေရသူနဲ့တူပါတယ်။ ရေနက်ပိုင်းမှာ ကူးတဲ့အခါ လက်ဗလာချည်းကူးရတာနဲ့ အကူးပစ္စည်းတွေနဲ့ကူးရတာ တူနိုင်ပ့ါမလား။ ခဏတာသာ လက်ဗလာချည်း ပျော်ပျော်ရွှင်ရွှင် ကူးနိုင်ပေမယ့် အချိန်ကြာလာရင် အမောဖောက် လာမှာပါပဲ။ ပညာရှာတဲ့အချိန်မှာ ကိုယ့်တာဝန်ကိုယ်ကျေပြီး ဉာဏ်စွမ်းရှိသ၍ ကြိုးစားမှသာ စီးပွားရှာတဲ့အရွယ်မှာ ကိုယ်ကြိုးစားခဲ့ရင် ကြိုးစားသလောက် သက်သာမယ်။ ဘယ်လို သက်သာမလဲ။ ဥပမာပြောရရင် ရေနက်ပိုင်းမရောက်ခင် ကမ်းစပ်ကတည်းက သဘောင်္တစ်စင်းယူနိုင်ရင် သက်သောင့်သက်သာ ရေနက်ပိုင်းကို ကူးသန်းနိုင်မယ်။ လှေတစ်စင်းလောက် ရရုံကြိုးစားခဲ့ရင် လှိုင်းအထန်ဆုံးအချိန်တွေမှာတော့ ပူပင်ရမယ်။ သက်ကယ်အင်္ကျီလောက်ပဲရှာခဲ့ရင် သက်သောင့်သက်သာမဟုတ်တောင် ပင်ပန်းဆင်းရဲကြီးစွာ မဖြတ်သန်းရတော့ဘူး။ လုံးလုံးမရှာဘဲ လက်ဗလာချည်းသာဆိုစဉ်းစားသာကြည့်တော့။ မဖြစ်မနေ ရေနက်ပိုင်းကို သွားရမှန်းသိရဲ့နဲ့ ဘာတစ်ခုမှမယူခဲ့ရင် မိုက်ရာမကျပေဘူးလား။ အဲဒီလိုပဲ မောင်ငယ်၊ ညီမငယ်တို့ ပညာသင်ချိန်မှာ ဘာတစ်ခုမှရအောင် မယူနိုင်လျှင် မိုက်မဲရာ မကျပေဘူးလား။ အောင်မလေး စာမတတ်ဘဲ အောင်မြင်ချမ်းသာနေတာမှ တစ်ပုံကြီးလို့ တွေးနေသလား။ အဲဒီလူတွေကို မေးကြည့်ပါ သားသမီးကို စာတတ်စေချင်သလား။ စာမတတ်ဘဲ အောင်မြင်ချမ်းသာတာပဲ ဖြစ်စေချင်သလား။ပညာရှာချိန်မှာ ပညာတော်အောင် ကြိုးစားပြနိုင်ခြင်းက မိမိအရည်အချင်းတစ်ရပ်ကို ပြနိုင်ခြင်းပါ။ မိမိသာ သူ့အရွယ်နဲ့သူ တာဝန်ကျေမယ်ဆိုရင် လူ့ဘဝရဲ့ ဘယ်နေရာ၊ ဘယ်အချိန်၊ ဘယ်လိုပြိုင်ဘက်မျိုးကိုမဆို ခေါင်းမော့ရင်ကော့ ရင်ဆိုင်နိုင်ပါတယ်။ တစ်ပါးသူရဲ့ ထောက်ပြစရာ မရှိတော့ဘူးပေ့ါ။ နောက်မှ ရတဲ့နောင်တဟာ သိုးသွားတဲ့ ထမင်း၊ ဟင်းလိုပါပဲ ပြန်ပြီးစားချင်လို့ မရနိုင်ပါဘူး။ မောင်ငယ်၊ ညီမငယ်တို့တွေ ဘဝပင်လယ်ကို ကူးခတ်ရာမှာ အဆင်ပြေပြေ ကူးခတ်နိုင်ဖို့ ပညာရှာရမယ့်အရွယ် ကြိုးစားခွင့်ရတဲ့အချိန်မှာ ကြိုးစားကြပါလို့ တိုက်တွန်းပါရစေ။

## ပြည်တော်သာဖို့ ဘယ်မဝေး

ရပ်ရွာတစ်ခွင် သာစေချင်
အမှိုက်ကောက်ဖို့ပြင်။
ကွမ်းစားခြင်းကို ရှောင်ကျဉ်ပါ
ရောဂါကင်းဝေးကျန်းမာမှာ။
ကွမ်းတံတွေးတွေ တွေ့ရာထွေး
မညစ်ပတ်ဖို့ ပြောချင်သေး။
စည်းကမ်းရှိမှ တိုးတက်မှာ
တစ်နိုင်ငံလုံး ညီစေဗျာ။
တစ်ကိုယ်ကောင်းဆန် အတ္တမာန်
မကောင်းသည့်စိတ် မမွေးရန်။
အများအကျိုးတို့သယ်ပိုး
ပရဟိတ စိတ်ဓာတ်မျိုး။
စိတ်ဓာတ်၊ စည်းကမ်းပြုပြင်ပေး
ပြည်တော်သာဖို့ ဘယ်မဝေး။ ။

မဒီလှိုင်

## ဝါဆိုပွဲ

မိုးတွေရွာစွေ ဝါဆိုပေ
စပါးကြဲဖို့ ပြင်ကြလေ။
ပန်းဝေသီက ခူးဖို့သွား
ဝါဆိုဦးမှာ အလုပ်များ။
ကုသိုလ်ပွားထုံ ဒါနစုံ
ဘုန်းကြီးကျောင်းသွား လှူကြကုန်။
မြတ်ဘုရားပုံ ရည်မှန်းထား
ပန်းသင်္ကန်းများ လှူဖို့သွား။
ကုသိုလ်များဖို့ အမှုဝေတော
နတ်လူသာခု ခေါ်ဆိုပါ။
သဒ္ဒါဖြူနှင့် ဝါဆိုပွဲ
မြန်ပြည်တိုင်းခွင် အစဉ်နွှဲ
ရင်ထဲ စိတ်ထဲစွဲ။ ။

ငြိမ်းချမ်းလှိုင်

# ပန်းပျိုးသူတို့၏ ကြယ်ပွင့်ကလေးများ

ပုဏ္ဏတော်

နောင်ရာစုနှစ်များတွင် မွေးဖွားလာမည့် ပုထုဇဉ်လူသားများသည် ဒန်းပင်အားပုခတ်ကြိုးချည်၍ စီးကြမည်ဟု အဆိုတစ်ခုရှိသည်။ ထိုအဆိုကို ကောသလမင်းကြီး၏ အိပ်မက်(၁၆)ချက်အရ သက်သေပြနိုင်သည်။ ကောသလမင်းကြီး၏ အိပ်မက်တစ်ခုတွင် အပင်များသည် အရွယ်နဲ့မလိုက်အောင် အသီးများပွင့်ခဲ၍သီးနေကြကြောင်း မြင်မက်တော်မူသည်ဟု ဆိုထားသည်။ အိပ်မက်၏ အဓိပ္ပာယ်မှာ နောင်လာနောက်သား ယောကျာ်းမိန်းမတို့သည် အသက်ငယ်ရွယ်စွာဖြင့် အိမ်ထောင်ရက်သားပြုကြမည်ဖြစ်ကြောင်း၊ အရွယ်နှင့်မမျှအောင်ပင် လူကြီးများကဲ့သို့ လုပ်ငန်းဆောင်တာများ ပြုလုပ်လာကြမည်ဖြစ်ကြောင်းကို ဗုဒ္ဓဘုရားမှ ဟောပြောညွှန်ပြထားတော်မူသည်။

ထိုအတိတ်နိမိတ်တို့သည် ယခုအချိန်တွင် တစ်စတစ်စတွေ့လာရတော့သည်။ အသက်(၁၄)၊ (၁၅)နှစ်အရွယ်လူငယ်တို့သည် မိမိအရွယ်နှင့်မလိုက်အောင် လူကြီးများကဲ့သို့ ပြုမူနေထိုင်လာကြသည်။ လူကြီးသူမတို့၏အပြုအမူများသည် ကောင်းသည်များရှိသကဲ့သို့ မကောင်းသည်များလည်းရှိသည်။ ထိုအခါ ကလေး၊ လူငယ်တို့၏သဘာဝအရ မကောင်းသောအပြုအမူများကို ပို၍ စိတ်အားထက်သန်တတ်ကြသည်။ အတုမြင်အတတ်သင်သော စိတ်ဆန္ဒတို့ပေါက်ဖွားလာကြသည်။

ထိုအချက်တို့ကိုထောက်၍ အအေးဆိုင်တစ်ခုတွင် အလွန်အကျည်းတန်လှသော မြင်ကွင်းတစ်ခုကို ကျွန်တော်တွေ့ဖူးသည်။ ကျွန်တော်ထိုင်သောနေရာရှိ တစ်ဖက်စားပွဲဝိုင်းမှရယ်သံများသည် တစ်ဆိုင်လုံးကိုဖုံးလွှမ်းနေသည်။ ထိုဝိုင်းသို့ အမှတ်တမဲ့ လှည့်ကြည့်လိုက်သောအခါ အသက်(၁၅)၊ (၁၆)နှစ်အရွယ် မိန်းကလေး လေးယောက်တို့နှင့်အရွယ်တူ ကောင်လေးတစ်ယောက်တို့ အချင်းချင်း လှောင်ပြောင်ရယ်မောနေကြသည်။ ထူးခြားသည်မှာ ထိုဝိုင်းမှ မိန်းကလေးတစ်ယောက်သည် ခြေထောက်ချိတ်ထိုင်၍ လက်ကြားတွင်စီးကရက်ညှပ်ထားသည်ကို ကျွန်တော်အံ့သြစွာတွေ့လိုက်ရသည်။ ထိုမိန်းကလေးသည် ဆေးဆိုးပန်းရိုက်မျက်နှာပေါ်မှ စီးကရက်အငွေ့များ ဖွာထုတ်နေရသည်ကို အတော်သဘောကျနေပုံရသည်။

အအေးဆိုင်သည် အထက်တန်းကျောင်းရှေ့တွင် ဖွင့်ထားသောကြောင့် ဆိုင်ထဲတွင် ဆရာ ဆရာမများလည်း ထိုင်နေကြသည်။ ထိုမိန်းကလေး၏ သရုပ်ပျက်လှသောအပြုအမူကြောင့် မြင်ရသူတိုင်း အကျည်းတန်သော မြင်ကွင်းဖြစ်နေမည်မှာ အမှန်ဖြစ်သည်။ လွန်ခဲ့သောငါးနှစ်ခန့်က ကျွန်တော်အထက်တန်းကျောင်းသားဘဝတွင် ဆေးလိပ်သောက်တတ်သော ကျောင်းသားများရှိသည်။ ဆေးလိပ်သောက်တတ်သော ကျောင်းသူတော့မရှိပေ။ ဆေးလိပ်သောက်တတ်သော ကျောင်းသားများကလည်း လူကြီးမိဘ မမြင်ကွယ်ရာ၌သာ ခိုးသောက်ကြသည်။ လူကြီးသူမရှေ့၊ ဆရာ ဆရာမများရှေ့တွင် မကောင်းမှုကို မလုပ်ရဲကြပေ။ ထိုခေတ်ကျောင်းသား ကျောင်းသူများသည် ဆိုးသွမ်းကြသည်များရှိသော်လည်း လူကြီးမိဘဆရာသမားအပေါ်တွင် ရိုသေလေးစားမှုရှိသည်။ ယခုခေတ် အချို့ကလေး၊ လူငယ်တို့သည်စာမရေးတတ်ခင် အစ်မ၊ နှမရှိသူများကို ယောက်ဖဟု ခေါ်တတ်လာကြသည်။ လူကြီးများကဲ့သို့ လက်ဖက်ရည်ဆိုင်ထိုင်ကာ စီးကရက်ဖွာတတ်လာကြသည်။ ဘီလိယက်ထိုး၊ လောင်းကစားမှုများကို အရွယ်နှင့်မလိုက်စွာ ပြုမူလာသည်။ ညဘက်တွင်လည်း စက်ဘီးကိုယ်စီဖြင့် လူပျိုလှည့်တတ်သေးသည်။ ကလေး၊ လူငယ်များ၏စာရိတ္တများ လွယ်ကူစွာ ပျက်စီးလာသည်ဟု ဆိုရမည်ဖြစ်သည်။

ထိုထဲတွင် အသက်မပြည့်မီ အလယ်တန်း၊ အထက်တန်း ကျောင်းသားကျောင်းသူများ အိမ်ထောင်ပြုကြခြင်းများက အဆိုးဆုံးပင်ဖြစ်သည်။ ဆေးလိပ်အရက်ရောင်းချသူများမှလည်း အသက်(၁၈)နှစ်မပြည့်သော ကလေးလူငယ်များအား မရောင်းချပေးဘဲတရားဥပဒေကို လေးစားလိုက်နာရမည်။ စည်းကမ်းဖောက်ဖျက်ရောင်းချသူများအား သက်ဆိုင်ရာမှလည်း ထိထိရောက်ရောက် အရေးယူပေးဖို့ လိုအပ်လှသည်။ ထို့အပြင် အစိုးရကျောင်းများ၌လည်း အတန်းပညာ သင်ကြားရေးအပြင် တွေးခေါ်ကြံဆမှုများပါသော သင်ကြားခြင်းများ၊ အားကစားလှုပ်ရှားမှုများ၊ ပန်းချီဂီတ အနုပညာဆောင်ရွက်မှုများ၊ ဘာသာစကား သင်ကြားခြင်းများ စသောသင်ကြားရေးများကိုပါ ဘာသာရပ်များနှင့်အတူ ပူးတွဲသင်ကြားပေးသင့်သည်။

သို့မှသာ ကလေး၊ လူငယ်အရွယ် ကျောင်းသား ကျောင်းသူများသည် စာရိတ္တပိုင်းအရ၊ ရုပ်ပိုင်းအရ မကောင်းသောအကျင့်စရိုက်များအပေါ် လွဲမှားသော အာရုံရောက်ရှိခြင်းမှ ကင်းဝေးသွားမည်ဖြစ်သည်။ ယခုဆိုလျှင် ကလေး၊ လူငယ်များအတွက် နွေရာသီဓမ္မစကူးလ်များပေါ်ထွက်လာကြသည်။ကလေး၊ လူငယ်တိုင်း နီးစပ်ရာဓမ္မစကူးလ်ကျောင်းများသို့ သွားရောက်တက်ကြသည်။ တချို့ကလေးများဆိုလျှင် လူကြီးတိုင်းမသိနိုင်သော ဗုဒ္ဓဝင်အကြောင်းများကိုပင် သိနေကြသည်။ ထိုအချက်တို့မှာ အလွန်ကောင်းသော လက္ခဏာပုံရိပ်များပင်ဖြစ်သည်။ "ပျက်အစဉ်ပြင်ခဏ"ဆိုသည့်အတိုင်း လမ်းမှား၍ပျက်စီးနေသော ကလေး၊ လူငယ်များအား လူကြီးမိဘ၊ ဆရာများမှ လမ်းမှန်ပေါ်ရောက်အောင် ဝိုင်းဝန်းတွန်းပို့ကြရန် လိုအပ်ပါသည်။ သို့မှသာ ကလေး၊ လူငယ်များသည် အကျင့်စာရိတ္တ ကောင်းမွန်ပြီး စိတ်ထားမွန်မြတ်မှသာ ကောင်းကင်ယံထက်တွင် လင်းလက်နေသော ကြယ်ပွင့်ကလေးများအဖြစ် မြင်တွေ့ရမည်ဖြစ်ကြောင်း မျှော်ကိုးဆန္ဒပြုရင်း။ ။

ဝတ္ထုတို



# အပယ်ခံတစ်ယောက်ရဲ့ တိတ်တဆိတ် ရှိုက်သံ

မောင်ငြိမ်းချမ်း(ခရမ်းမြေ)

**အခန်း ( ၁ )**

သူ့နာမည်က မကြည်ပြာ။ နာမည်နဲ့ လူကိုတော့ ဘယ်လိုမှတွဲကြည့်လို့မရ။ နာမည်လေး လှသလောက် စိတ်ထားက မလှရှာဘူး။ ကျုပ်တို့နဲ့ တစ်ရွာတည်းနေ တစ်ရေတည်းသောက်။ အသားမည်းသလောက် စိတ်ထားမွဲတဲ့သူ။ အသက်ငယ်ငယ်နဲ့ အိမ်ထောင်ကျ။ ကလေးနှစ်ယောက်အရမှာ အိမ်ထောင်ကွဲခဲ့ပါတယ်။ သူ့အမေ ဒေါ်မြက ပန်းနာရင်ကျပ်ဝေဒနာခံစားနေရတဲ့ ရောဂါသည်။မွဲခြောက်ခြောက် အသားအရေနဲ့ အရိုးပေါ်မှာ အရေဖုံးနေတဲ့သူ။ ဒီကြားထဲ သမီးဖြစ်သူရဲ့ နည်းနည်းလေးမှငြိမ်မခံ ပြန်ခံပြောတဲ့စကားတွေကို နေ့စဉ်နေ့တိုင်းလိုလို ကြားနေရရှာတော့ ဒေါ်မြဝေဒနာက မသက်သာတဲ့အပြင် ပိုပိုဆိုးလာတာပေါ့။ အနေအထိုင် အစားအသောက်ကလည်း ဆင်းရဲသေး။ မကြည်ပြာရဲ့ အပြောအဆိုအပြုအမူများကို အတုခိုးတတ်မြောက်နေတာက သူ့ရဲ့သမီးနှစ်ယောက်။ အမေဖြစ်သူကရိုင်းပျတော့ သမီးလေးတွေပါ ယဉ်ကျေးမှုနည်းပါးလာပါတယ်။ ကျုပ်ပဲခြံထဲကိုသွားရင် သူတို့အိမ်နားကဖြတ်ပြီးသွားရတာဆိုတော့ မကြည်ပြာရဲ့ မိခင်အပေါ် ရိုင်းပျစော်ကားတဲ့စကားသံတွေ၊ ကလေးနှစ်ယောက်ရဲ့ အရိုအသေမဲ့အပြုအမူတွေနဲ့ မချေမငံစကားသံတို့ကိုပါ အမြဲကြားရ၊ မြင်တွေ့ရတာပေါ့။

တစ်နေ့လည်း ကျုပ်ပဲခြံကိုအသွား ထုံစံအတိုင်း စကားသံတွေ ကြားရပြန်ပါတယ်။

"ကြည်ပြာ အဟွတ် အဟွတ် ညည်း ဝက်စာသွားယူရင် သိပ်အကြာကြီးမနေပါနဲ့နော်။ ညည်းသမီးနှစ်ယောက်ကို အမေထိန်းရတာ မလွယ်လှဘူး"

ဒေါ်မြက သနားခံသလိုလေသံနဲ့ မကြည်ပြာကို ပြောလိုက်ပါတယ်။

"အို ကျွန်မက ဘာလို့ကြာမှာလဲ။ ကြာတယ်ထင်ရင် အမေလိုက်ယူပါလား။ သူတို့ကိုလည်း ဘာမှထိန်းစရာမလိုဘူး။ သဘောအတိုင်း လွှတ်ထားလိုက်"

မကြည်ပြာရဲ့လေသံက ငှက်ဆိုးထိုးသံထက် ပိုဆိုးတယ်လို့ ကျုပ်ထင်မိပါတယ်။

"ကြည်ပြာရယ် အဟွတ် အဟွတ် လွှတ်ထားလို့ရမလားဟဲ့။ မတော်လို့ ရေကန်ထဲ ပြုတ်ကျနေရင် ဘယ်သူကသိမှာလဲ။ ညည်း စိတ်မပူဘဲနေနိုင်ပေမယ့် ငါတော့မနေနိုင်ဘူးဟေ့"

"မနေနိုင် ဘာလို့ပြောနေသေးလဲ။နေရာတကာ လိုက်ပြောနေတယ်။ ကိုယ်လည်း ဘာမှလုပ်ပေးနိုင်တာ မဟုတ်ဘဲနဲ့"

မကြည်ပြာက တစ်ခွန်းမကျန်ခံပြောပြီးမှ ရွာထဲကို ဝက်စာယူဖို့ထွက်သွားပါတယ်။ ချောင်းတဟွတ်ဟွတ်ဆိုးနေတဲ့ ဒေါ်မြမှာတော့ သောကတွေ တပွေ့တပိုက်နဲ့ မြေးနှစ်ယောက်ကိုထိန်းရင်း အိမ်မှာကျန်ခဲ့ပါတယ်။

"ငပိရည် မကြိုက်ဘူး။ နေ့တိုင်း ငပိရည်ပဲ စားနေရတာ။ အမေကြီး ဘာမှအသုံးမကျဘူး"

သူတို့အမေရဲ့လေသံနည်းတူ တစ်သံတည်း ထွက်လာတဲ့ ကလေးနှစ်ယောက်ကို ကျုပ်ပိုလို့သနားသွားမိပါတယ်။

**အခန်း ( ၂ )**

တစ်နေ့မှာတော့ ဝက်စာပုံးလေးဆွဲပြီး ရွာထဲထွက်တာတဲ့ ဒေါ်မြကို ကျုပ်မြင်လိုက်ရပါတယ်။ နည်းနည်းအအေးခံလိုက်တာနဲ့ ဒေါ်မြက ချောင်းတွေ တအားဆိုးတတ်တာ။ မကြည်ပြာ အလုပ်ရှုပ်နေလို့ထင်ပါရဲ့။ မကြည်ပြာတို့ခြံထဲရောက်တော့ ဘာသံမှ မကြားရ။ ခြောက်ကပ်တိတ်ဆိတ်နေပါတယ်။ ကလေးနှစ်ယောက်ရဲ့ အရိပ်အယောင်ကိုတောင် မတွေ့။ ကျုပ်လည်း တွေဝေမနေတော့ဘဲ ရှေ့ကိုဆက်လျှောက်တော့မှ သူတို့အိမ်ဘေး ကန်နားဆီမှ စကားသံကြားလို့ သွားကြည့်လိုက်ပါတယ်။ တိတ်နေပါလား မှတ်တယ်။ ကလေးနှစ်ယောက်က ကန်စပ်ကိုဆင်းပြီး ငါးမြှားတံလေးနဲ့ ရေထဲဆင်းဆော့နေကြတာကိုး။ ဘေးအိမ်နီးနားချင်းတွေရှိပေမယ့်လည်း မကြည်ပြာနဲ့ တည့်တဲ့အိမ်ကရှားတော့ ကလေးတွေကို တွေ့မြင်နေလည်း ဘယ်သူကမှ မပြော။ ဘယ်သူကမှ ကြည့်ရှုစောင့်ရှောက်မပေး။

ဒုက္ခပါပဲ။ မကြည်ပြာ ဘယ်ရောက်နေလဲ။ ကလေးတွေကို ဒီအတိုင်းပစ်ထားခဲ့ရသလား။ ကျုပ်နည်းနည်းဒေါပွသွားပါတယ်။ ဒေါ်မြ ဝက်စာထွက်ယူတုန်း အခွင့်ရေးကို ရရင်ရသလို အသုံးချနေတဲ့ ကလေးနှစ်ယောက်ကတော့ သူတို့ဆန္ဒပြည့်ဝနေပြီမို့ ပျော်မြူးနေကြလေရဲ့။ ကျုပ်မျက်စိရှေ့တည့်တည့်မှာ မြင်တွေ့ရပြန်တော့ မျက်နှာလွှဲခဲပစ်မလုပ်ရက်ပြန်ဘူး။ ဒါနဲ့ပဲ ကလေးနှစ်ယောက်အနားကို ကျုပ်ခြေလှမ်းတို့က အလိုလိုရောက်သွားပါတော့တယ်။

"နီလာနဲ့ သီတာ ညည်းတို့အမေ ဘယ်ရောက်နေလဲ"

ကျုပ်အသံကြားတော့ ကလေးနှစ်ယောက်က အလန့်တကြားနဲ့ နောက်ပြန်လှည့်ကြည့်ကြပါတယ်။

"အမေ ရန်ကုန်သွားတယ်။ အိမ်မှာမရှိဘူး။ အမေကြီးက ဝက်စာသွားယူနေတယ်"

ကလေးနှစ်ယောက်ရဲ့ ခပ်ပြတ်ပြတ်စကားသံက ကျုပ်နားနဲ့တော့ ဘယ်လိုမှ အံမဝင်ခွင်မကျ။

"လူကြီးတွေအိမ်မှာမရှိတုန်း ကန်ထဲဆင်းမဆော့နဲ့လေ။ ရှိလည်း မဆင်းရဘူး။ ခုပြန်တက်ခဲ့"

အသံကိုနည်းနည်းမာပြီး ကျုပ်ပြောလိုက်ပါတယ်။ဒါကို နီလာနဲ့ သီတာက ဂရုမစိုက်။ တစ်ချက်ပြန်လှည့်မကြည့်။ ဒါတွေအားလုံးရဲ့ အဓိကတရားခံက မကြည်ပြာ။

"မောင်သိန်း ပဲခြံသွားတော့မလား"

ဝက်စာယူရာမှ ပြန်လာတဲ့ ဒေါ်မြရဲ့အသံ။ ကျုပ်နောက်ကိုပြန်လှည့်ကြည့်တော့ ဒေါ်မြက မောလာလို့ထင်တယ်။ ရေကပျဉ်လေးမှာ ထိုင်ရင်း နားနေရှာတယ်။ ချောင်းလေးက တဟွတ်ဟွတ်နဲ့ ကျုပ်ကိုစကားပြောဖို့ အားယူနေတယ်ထင်ပါရဲ့။ ခဏကြာတော့ ဒေါ်မြက

"မောင်သိန်း ဒေါ်လေးရဲ့ မြေးမလေးနှစ်ယောက်ကို တွေ့မိသေးလား"

ဒေါ်မြရဲ့အသံက စိုးရိမ်ပူပန်နေတာ သိသာနေတယ်။

ဒေါ်မြရေ တွေ့ပါ့ဗျာ။ ကျုပ်အခုပဲ သူတို့ကို ပြောနေတာ။ ကန်စပ်ဆင်းဆော့နေတယ်လေ။ ပြန်တက်ခိုင်းတာ ဒေါ်မြ မြေးနှစ်ယောက်က တုတ်တုတ်တောင်မလှုပ်ဘူးဗျာ"

"အဲဒါသာကြည့်တော့ မောင်သိန်းရေ။ ဘယ်လောက် ပေကပ်ကပ်နိုင်လဲဆိုတာ။ ပြောစကားလည်း လုံးဝနားမထောင်ဘူး။ ပြောတဲ့သူသာ အာပေါက်သွားမယ်။ သူတို့ကြောက်ရသူ အိမ်မှာမရှိတော့ ပိုဆိုးတော့တာပေါ့။ ကြည်ပြာက ရန်ကုန်သွားလည်တာ သုံးရက်ကြာမယ်ပြောသွားတယ်"

ဒေါ်မြက စိတ်ပျက်သလိုလေး ညည်းညူပြီး ပြောပါတယ်။ ရောဂါသည်အမေနဲ့ ဆိုးပေပေကလေးနှစ်ယောက်ကိုမှ ထားရက်ခဲ့တဲ့ မကြည်ပြာကို ကျုပ်စိတ်ထဲ ဒေါသဖြစ်မိတယ်။ သူမို့ စိတ်အေးလက်အေး သွားနေနိုင်တယ်။ ဘယ်လို မိခင်မျိုးပါလိမ့်။

ခဏကြာတော့ ဒေါ်မြက ထိုင်နေရာမှ ထလာပြီး ကန်စပ်မှာဆော့နေတဲ့ မြေးနှစ်ယောက်ကို သွားခေါ်ပါတယ်။ ကလေးနှစ်ယောက်ကလည်း ပေကပ်ကပ်နဲ့ ပါလာကြပါတယ်။ ကလေးနှစ်ယောက်က အိမ်ပေါ်ရောက်တာနဲ့ အိုးခွက်ပန်းကန်တွေကို လှန်လှောကာ ရှာဖွေရေးစပါတော့တယ်။

"ဟာ ဘဲဥပြုတ်ပဲလား။ အမေကြီး တခြားဘာမှ မချက်တတ်တော့ဘူးလား"

မကျေမချမ်းပြောလိုက်တဲ့ အကြီးမ နီလာရဲ့ အသံ။ ဒေါ်မြက သူ့မြေးရဲ့အမေးကို ပြန်မဖြေဘဲ ကျုပ်ကိုဆက်ပြောပါတယ်။

"မောင်သိန်းရယ် ကြည်ပြာက အိမ်စရိတ်ဆိုပြီး ငွေတစ်ထောင်ပဲပေးခဲ့တော့ အဒေါ်မှာ အဲဒီငွေလေးနဲ့ သုံးရက်စာ လုံလောက်အောင် ချက်ပြုတ်ရတာ။ သူတို့ကိုလည်း ဟင်းကောင်းကောင်းချက်ကျွေးချင်ပါတယ်ကွယ်။ စိတ်ကသာရှိတာ ကိုယ်က ခွန်အားမှမရှိတော့ဘဲ"

ဒေါ်မြရဲ့စကားကြားတော့ ကျုပ်မှာ ဘာပြောလို့ပြောရမှန်းမသိ။ ဒေါ်မြအားတက်လာအောင် ဘယ်လိုစကားမျိုး ရှာကြံပြောရပါ့မလဲ။ ကျုပ်စဉ်းစားလို့မရ။ ဒေါ်မြအတွက် အဓိကလိုအပ်နေတာ သမီးနဲ့ မြေးတွေရဲ့ ဂရုစိုက်မှုနဲ့ ဖေးမကြင်နာမှု။ ခုတော့ သမီးနဲ့မြေးတွေရဲ့ အစိမ်းသက်သက် အပယ်ခံဘဝကိုရောက်နေတဲ့ ဒေါ်မြရဲ့ရင်ထဲမှာ ပူလောင်မှုသောကတွေ ဘယ်လောက်ဖြစ်ထွန်းနေလိမ့်ပါ့မလဲ။ သမီးနဲ့ မြေးတွေဆီက အကြင်နာ၊ မေတ္တာတွေကို ဒေါ်မြ ငတ်မွတ်တောင်းတနေတယ်ဆိုတာ ဒေါ်မြရဲ့မျက်ဝန်းတွေကတစ်ဆင့် ကျုပ်မြင်တွေ့နေရပါတယ်။

**အခန်း ( ၃ )**

အလုပ်ပင်ပန်းထားလို့ ကျုပ်ဒီညတော့ စောစောအိပ်ရာဝင်မယ်လို့တွေးပြီး ခြင်ထောင်ထောင်နေတုန်း ဒေါ်မြရဲ့အိမ်နီးချင်းဖြစ်သူ သိန်းထွန်းဦးက ပျာယီးပျာယာနဲ့ ကျုပ်အိမ်ကို ရောက်လာပါတယ်။

"ကိုသိန်းရေ ဒေါ်မြမောနေလို့ ခဏ လိုက်ကြည့်ပေးပါဦးဗျာ"လို့ သိန်းထွန်းဦးက ဆရာဝန်တစ်ယောက်ကို လာပင့်သလိုမျိုး ပြောလိုက်တာမို့ ကျုပ်ပြုံးလိုက်မိတယ်။ မကြည်ပြာကိုကြည့်မရတာနဲ့ဘဲ ဒေါ်မြတို့အိမ်ကို ဘယ်သူမှ အဝင်အထွက်မလုပ်ချင်ကြ။ မကြည်ပြာက သူ့မိခင်ကို ပစ်ပယ်ထားသလို တစ်ရွာလုံးကလည်း မကြည်ပြာကို ကြည့်မရ။ ရွံမုန်း မုန်းနေကြတာ။ မိခင်ကို စော်ကားလို့ ချက်ချင်းဝဋ်ပြန်လည်တာထင်ပါရဲ့။

သိန်းထွန်းဦးရဲ့စကားအရ ဒေါ်မြ တော်တော်မောနေတာဆိုတော့ ရွာလယ်က ဆရာလေးကို ကျုပ် တစ်ခါတည်းဝင်ပင့်လိုက်ပါတယ်။ ဆရာကချက်ချင်းပဲ ဒေါ်မြကို ဆေးတစ်လုံးထိုးပေးလိုက်ပါတယ်။ ဆေးထိုးပြီး ၁၅ မိနစ်လောက်ကြာတော့ ဒေါ်မြ တရှိုက်ရှိုက်နဲ့ အသက်ရှူမဝဖြစ်နေရာက အတော်သက်သာလာပါတယ်။ စကားလည်း ပြောနိုင်လာတယ်။ ဒေါ်မြအခြေအနေ ထူး၊ မထူး စောင့်ကြည့်ပေးနေတဲ့ ဆရာလည်း ဒေါ်မြသက်သာလာလို့ သောက်ဆေးပေးပြီး ပြန်ကြွတော့မယ်ဆိုလို့ ဆေးဖိုးကျသင့်ငွေကို ကျုပ်ကပဲစိုက်ရှင်းပေးလိုက်ပါတယ်။ ဒေါ်မြတစ်ယောက်တည်းမို့ စိတ်မချတာနဲ့ဘဲ ကျုပ်နဲ့ သိန်းထွန်းဦး ညဉ့်နက်တဲ့အထိ ထိုင်စောင့်ပေးနေလိုက်တယ်။ စိတ်ချရပြီဆိုမှ သိန်းထွန်းဦးက အရင်ပြန်သွားပါတယ်။ ကျုပ်လည်း ပြန်မယ်အလုပ်

"မောင်သိန်း ဆေးဖိုးကျသင့်ငွေကို ကြည်ပြာပြန်ရောက်မှယူနော်။ အခုလို အဒေါ့်ကို ကူညီပေးတဲ့ မောင်သိန်းနဲ့ မောင်သိန်းထွန်းဦးတို့ကို အဒေါ် ကျေးဇူးတင်မဆုံးပါဘူးကွယ်"လို့ ဒေါ်မြက ပြောပါတယ်။

ဆေးဖိုးကအရေးမကြီးပါဘူး။ ဒေါ်မြ သက်သာဖို့သာအရေးကြီးပါတယ်ပေါ့။ ဒေါ်မြ သက်သာရင် ကျုပ်ပြန်ဦးမယ်လို့ ဒေါ်မြကို နှုတ်ဆက်ပြီး ကျုပ်အိမ်ပြန်ခဲ့ပါတယ်။

**အခန်း ( ၄ )**

မနေ့ကတစ်နေ့လုံး ကိုယ်လက်ကိုက်ခဲနေလို့ ပဲခြံကိုမရောက်ဖြစ်။ ဒေါ်မြဆီလည်း သတင်းမေးမရောက်။ ဒီမနက်တော့ နေသာထိုင်သာလည်းရှိ၊ သက်သာသလိုမို့ ဒေါ်မြကို သတင်းဝင်မေးရင်း ပဲခြံကိုသွားလိုက်မယ်လို့ စိတ်ကူးလေးနဲ့ ဝါးခမောက်လေးဆောင်းပြီး ကျုပ်ထွက်ခဲ့ပါတယ်။

"မောင်သိန်း အိမ်ဝင်ဦးလေ။ ဒီမှာ သမီး ကြည်ပြာလည်း ပြန်ရောက်နေပြီ"

ဒေါ်မြက ကျုပ်ကိုတွေ့တယ်ဆို သူ့အိမ်ဝင်ဖို့ ခေါ်နေရှာတယ်။ ရေကပျဉ်မှာ ပန်းကန်ဆေးနေတဲ့ မကြည်ပြာကတော့ ကျုပ်ကို စကားတစ်ခွန်းမှမပြော။ လှည့်လည်းမကြည့်။ သူနဲ့ကျုပ်က ဘာရန်ငြိုးမှလည်း ရှိတာမဟုတ်။ သူမခေါ်မပြောပေမယ့်လည်း ဒေါ်မြကို သတင်းမေးရဦးမှာမို့ ကျုပ် သူတို့အိမ်ထဲကို ဝင်လိုက်ပါတယ်။

"ဒေါ်မြ မောတာကျုပ်တာသက်သာရဲ့လား။ ထမင်းစားလို့ရော ကောင်းရဲ့လား။ ဆေးသောက်ပြီးပြီလား"လို့ ကျုပ် အိမ်ထဲဝင်ဝင်ချင်း မေးလိုက်ပါတယ်။

"သက်သာနေပါပြီကွယ်။ မနက်ခင်း ဆေးတော့ သောက်ထားပြီးပြီ။ ထမင်းကတော့ အသင့်အတင့်ပါပဲ။ ဒါနဲ့ ဟိုနေ့က ဆေးဖိုး ဘယ်လောက်ကျလဲ။ သမီး ကြည်ပြာရေ. . ."

ဒေါ်မြစကားမှ မဆုံးသေး။ မကြည်ပြာက အိမ်ပေါ်ကနေ ရုတ်တရက်ဆင်းလာပြီး ဝက်စာပုံးလေးကောက်ကိုင်ကာ ဆောင့်ကြီးအောင့်ကြီးနဲ့ ရွာထဲထွက်သွားပါတယ်။ ဆေးဖိုးမပေးချင်လို့များလား။ ဒါမှမဟုတ် ပိုက်ဆံမရှိလို့လား။ ကျုပ်စဉ်းစားနေမိတယ်။ မရှိလည်း ခုလို ဆောင့်အောင့်နေစရာမလို။ မကြည်ပြာကိုကြည့်ပြီး ဒေါ်မြ မျက်ရည်တွေ ဝိုင်းလာတယ်။

ဒါနဲ့ပဲ ဒေါ်မြ ကျုပ်ကို ဘာမှမပြောခင် အရင်ဦးအောင်ပြောလိုက်ရတယ်။ ဆေးဖိုးက လှူတာဖြစ်တဲ့အကြောင်း၊ အဲဒီအတွက် တစ်ပြားတစ်ချပ်မှ ပေးစရာမလိုပါဘူးလို့ ကျုပ်ကပြောလိုက်တော့ ဒေါ်မြက အားနာလို့ ထင်ပါရဲ့။ အကြောက်အကန်ငြင်းနေပါရော။ ဒေါ်မြက သူ့ဘဝသူသိတာမို့ နောက်ဆုံးတော့ ကျုပ်လှူတာကို လက်ခံလိုက်ပါတယ်။ ဒေါ်မြက ကျေးဇူးတင်စကားတို့ကို ထပ်ကာထပ်ကာဆိုရင်း ကျုပ်ကိုဆုတွေပေးနေပြန်ပါတယ်။

စိတ်ထားကဖြူဖြူ၊ သဘောမနော အလွန်ကောင်းတဲ့ ဒေါ်မြလိုမိဘမျိုးက မွေးဖွားလာတဲ့ မကြည်ပြာက ဘာလို့ ဒေါ်မြနဲ့ ဆန့်ကျင်ဘက်တွေ ဖြစ်နေရတာလဲ။ ဘာလို့ စိတ်ဓာတ်က ညံ့ဖျင်းနေရတာလဲ။ ကျုပ်ဘယ်လိုမှ အဖြေရှာလို့ မရတဲ့အဆုံး ဖြစ်တတ်တဲ့သဘောပါလေလို့သာ မှတ်ယူလိုက်ရပါတယ်။

**အခန်း ( ၅ )**

ဒေါ်မြနဲ့ မကြည်ပြာတို့ စကားများကြတယ်ဆိုပဲ။ များရတဲ့အကြောင်းရင်းက ကျုပ်ကို ပေးရမယ့်ဆေးဖိုးငွေကို ဒေါ်မြက မကြည်ပြာဆီကိုတောင်းလို့ ပြဿနာဖြစ်ကြတာတဲ့။ မကြည်ပြာက ဒေါ်မြကို ပြောလိုက်တာ စုံရောတဲ့။ ဘာလုပ်စာမှမရှိဘဲ အလကားနေ ဆေးထိုးရသလားလို့လည်း ပြောတယ်တဲ့။ အဲဒါနဲ့ ဒေါ်မြခမျာ ဘာမှပြန်မပြောနိုင်ရှာဘဲ တံခါးဘေးထိုင်ငိုနေတယ်လို့ ကိုယ်တိုင်ကြားလာ၊ မြင်တွေ့လာတဲ့ သိန်းထွန်းဦးက ဖြစ်ကြောင်းကုန်စင် တစ်ဆင့်ပြန်ပြောပြတော့ ကျုပ်တော်တော်လေးကို စိတ်မကောင်းဖြစ်မိတယ်။ မကြည်ပြာ သူမွေးထားတာက သမီးတွေချည်း။ သူ့စရိုက်၊ သူ့အချိုးတွေမို့ ဒေါ်မြအပေါ် ပြစ်မှားစော်ကားထားတာတွေ သူ့ဆီကို ပြန်လှည့်မလာနိုင်ဘူးလို့ ဘယ်သူပြောနိုင်မလဲ။ ကျုပ်တော့ တွေးကြည့်ရုံနဲ့တင် ရင်လေးမိပါရဲ့ဗျာ။

ဒီလိုနဲ့ မကြည်ပြာရဲ့မျက်နှာကို ကျုပ်မကြည့်ချင်၊ မမြင်ချင်တော့တာနဲ့ သူတို့ခြံထဲက မသွားတော့ဘဲ တခြားလမ်းကနေ ပဲခြံကို ကျုပ်ရှောင်ကွင်းသွားဖြစ်ပါတယ်။

တစ်နေ့ ကျုပ်တခြားလမ်းကအသွား မတွေ့ရ၊ မမြင်ရတာကြာပြီဖြစ်တဲ့ ဒေါ်မြနဲ့ ကျုပ်လမ်းမှာဆုံကြပါတယ်။ နဂိုပိန်တာထက် ပိုပိန်လှီသွားတဲ့ ဒေါ်မြကိုကြည့်ပြီး ကျုပ်စိတ်မကောင်းဖြစ်ရတယ်။ ကျုပ်ကို ရုတ်တရက်တွေ့တော့ ဒေါ်မြက ဝမ်းသာသွားလို့ထင်ပါရဲ့။ သူ့ရဲ့မှိန်ဖျော့နေတဲ့ မျက်ဝန်းတစ်စုံက သိသိသာသာအရောင်တောက်ပလာပါတယ်။

"မောင်သိန်း မင်လည်းအိမ်မလာတာ ကြာပြီနော်"လို့ ဒေါ်မြက တိုးတိုးလေး ပြောပါတယ်။ သူ့ရဲ့အသံက ကျုပ်ကို လွမ်းဆွတ်သတိရနေတဲ့အသံ ဖြစ်ပါလိမ့်မယ်။

"မလာတာမဟုတ်ပါဘူး ဒေါ်မြရယ်။ ခု ဘယ်သွားမလို့လဲ။ မောတာကျုပ်တာရော သက်သာရဲ့လား"

"သက်သာတယ်လည်း မဟုတ်ပါဘူးကွယ်။ သက်သာတဲ့အချိန်လည်း သက်သာနေတာပါပဲ။ မသက်သာရင်လည်း ချက်ချင်းဆိုတော့ မင်းသိတဲ့အတိုင်းပါပဲ မောင်သိန်းရယ်။ ခု နည်းနည်းနေသာထိုင်သာလေးရှိလို့ ကျောင်းကို ဥပုသ်စောင့်သွားမလို့ထွက်လာတာ"

ဒေါ်မြပြောမှ ဒီနေ့ဥပုသ်နေ့ဆိုတာ ကျုပ်သတိရတယ်။ ဥပုသ်သွားစောင့်တာ ကောင်းပါတယ်လေ။ အိမ်မှာနေပြီး ပူပင်သောကများနေတာထက် ကျောင်းမှာ တရားဘာဝနာရှုမှတ်ပွားများရင်း သီလစောင့်ထိန်းနေတာက ဒေါ်မြရဲ့စိတ်တွေကို ငြိမ်းငြိမ်းချမ်းချမ်း ဖြစ်စေမှာပါ။

သမီးနဲ့ မြေးနှစ်ယောက်ရဲ့ အပယ်ခံဘဝကို ရောက်နေတဲ့ ဒေါ်မြ။ တိတ်တဆိတ်ငိုရှိုက်သံတွေနဲ့ ဘဝကိုစိတ်ကုန်နေတဲ့ ဒေါ်မြ။ ဒေါ်မြအတွက် ကျုပ်ဆုတောင်းပေးမိပါတယ်။

နာကျင်ခံခက် ရင်ကွဲပက်လက်နဲ့ တိတ်တဆိတ်ရှိုက်သံတွေအစား နှလုံးစိတ်ဝမ်း အေးချမ်းစေမယ့် ဓမ္မသံတွေ၊ သာဓုခေါ်သံတွေ ပျံ့လွင့်လို့ အစားထိုးဝင်ရောက်လာပါစေ။ ဝမ်းနည်းပူဆွေးမှု၊ အားငယ်မှုတွေကို ဖြေဖျောက်ပေးနိုင်ပါစေ။ ငြိမ်းချမ်းခြင်းအစစ်မှန်ကို တွေ့ပါစေ။ အနှစ်သာရရှိတဲ့ဘဝကို အမြန်ဆုံး ရှာဖွေတွေ့ရှိနိုင်ပါစေလို့. . .။ ။

ဝတ္ထုတို

## စံဝင်းအောင်(မြန်အောင်)

# အကြွေစေ့

နေ၏အပူရှိန်သည် ပြင်းထန်လွန်းလှပေသည်။ ကတ္တရာလမ်းပေါ်တွင် ကတ္တရာများအရည်ပျော်နေသဖြင့် ပို၍ပူနေသည်။ စီးထားသော ဖိနပ်မှာပါးနေပြီမို့ ကတ္တရာအပူနှင့်ထိတွေ့လိုက်ရသောခြေဖဝါးသည် မီးခဲများနင်းနေရသည့်နှယ် ခံစားနေရသည်။ မွန်းတည့်နေသည်မြေလတ်ဒေသမြို့ကလေးတွင် ငရဲပြည်ရောက်နေသလားထင်မှတ်ရ၏။ နွေရာသီကျောင်းပိတ်ချိန်တွင် အများသူငါနားနေအပန်းဖြေကြ၊ ဘုရားဖူးထွက်ကြသော်လည်း ထွန်းကျော်တစ်ယောက် နားမနေရပါ။ လာမည့်ကျောင်းဖွင့်အမီ ကျောင်းဝတ်အင်္ကျီ၊ လုံခြည်လေးများဝယ်နိုင်ရန် ဈေးရောင်းရသည်။ အမေလီးပေးလိုက်သော သရက်သီးပန်းပွင့်များကို ငရုတ်မှုန့်ဆေးသကြား အချိုလေးများဖြူးကာ ကားဂိတ်၊ ဘူတာတို့တွင်ရောင်းရန် ဗန်းကလေးနှင့်ထည့်ကာ ပလတ်စတစ်အကြည်စကလေးအုပ်လျက် ရောင်းရလေသည်။

"သရက်ပွင့်တွေရမယ်နော် သရက်ပွင့်တွေ၊ အိပ်ချင်ပြေ သရက်ပွင့်လတ်လတ်ဆတ်ဆတ် ချိုချိုလေးတွေရမယ်" ပူပြင်းသောရာသီနှင့် သရက်သီးအစိမ်းစားရန်မကောင်းလှသော်လည်း ခရီးသွားစဉ်အိပ်မငိုက်စေရန် သင့်တော်သည်ကတစ်ကြောင်း၊ သန့်သန့်ပြန့်ပြန့်ပုံစံလေးကလည်း စားချင်စဖွယ်ဖြစ်သည်ကတစ်ကြောင်းတို့ကြောင့် ရောင်းကောင်းလှသည်။

"ကောင်လေးတစ်ခုဘယ်လောက်လဲ"

"တစ်ခုနှစ်ရာပါဦး"

"ဟာ ဈေးများလှချည်လား"

"မများပါဘူးဦးရယ် ဒီနှစ်သရက်သီး သီးတာနည်းတယ်။ သားတို့ယူကတည်းက ဈေးကြီးပေးယူရောင်းရတာပါ"

"ဩော် အေးပါကွာ။ ပေးပေးသုံးခုပေး။ ရော့ပိုက်ဆံ။ လေးရာပြန်အမ်း။ ပြီးရင်ဟိုဂိတ်မှူးအစ်မကြီးတွေကို နှစ်ခုသွားပေးလိုက်နော်"

"ဟုတ်ကဲ့ဦး ဒီမှာလေးရာ"

ထွန်းကျော်ဝမ်းသာသွားသည်။ ဧရာသစ္စာကားမှဦးကြီးက ဈေးဦးဖောက်လိုက်ပြီးနောက် မကြာခင်မှာပင် ခရီးသွားများ ဝယ်စားကြရာ ပါသမျှအကုန်ကုန်သွားလေတော့သည်။ ဒီနေ့တော့ ရထားဘူတာကိုပင် သွားစရာမလိုတော့။ ကိုရီးယားကားထဲကလို မိုးနတ်မင်းစောင့်ရှောက်လိုက်လေပြီလားမသိ။ စောစောအိမ်ပြန်ရလေပြီ။

ပျော်ရွှင်စွာဖြင့်ပိုက်ဆံထည့်ထားသောလွယ်အိတ်ကလေးကို ကိုင်ကာ ခပ်သုတ်သုတ်ပြန်လာခဲ့သည်။ နေပူလွန်းသဖြင့် ရေကလည်းဆာနေပြီလေ။ အိမ်နားရောက်ခါနီး လမ်းထောင့်အရောက်တွင် "ဟေ့ကောင် ထွန်းကျော်မင်းဈေးရောင်းပြီးပြန်လာတာလား။ ချွေးတွေလည်းရွှဲလို့။ ငါကျူရှင်သွားမလို့ မင်းရောမတက်သေးဘူးလား"

သက်နောင်နှင့်သူ့အဖေ သူတို့ခြံဝတွင် ဆိုင်ကယ်ပေါ်တက်ခါနီး လှမ်းမေးလိုက်ခြင်းဖြစ်သည်။ သက်နောင်ကို သူ့အဖေက ကျူရှင်လိုက်ပို့ရန်ထင်ပါသည်။

"အေး မတက်ဖြစ်သေးပါဘူးကွာ။ သင်္ကြန်ကျော်မှ ငါ့အမေက တက်ချင်တက်တဲ့။ ငါရေဆာနေလို့ကွာပြန်ဦးမယ်"

ထိုစဉ်သက်နောင်အဖေက "သူများတွေ အကုန်တက်နေပြီ။ မင်းပဲကျန်တော့တာ။ မင်းအဖေအမေကလည်း အံ့ပါ့ကွာ။ ကလေးကိုခိုင်းစားနေတယ်။ ကိုယ့်သားသမီးဘဝတက်လမ်းကို ဦးစားမပေးဘူး။ မင်းအရွယ်က ငွေရှာရမယ့်အရွယ်မဟုတ်ဘူးကွ ပညာသင်ရမယ့်အရွယ်။ ပညာမတတ်ရင်တော့ ခုလိုပဲနေပူထဲမှာ တစ်သက်လုံး ဈေးရောင်းစားနေရမယ်"။ သက်နောင်အဖေပြောနေတာတွေ ကြားပေမယ့် ထွန်းကျော်ပြန်မပြောတော့။ ရေအလွန်ဆာနေပြီမို့ အိမ်သို့သာအပြေးပြန်လာခဲ့တော့သည်။

အိမ်ပြန်ရောက်သည်နှင့်အမေက "သားပြန်လာပြီလား။ အစောကြီးကုန်သွားတာလား။ အမေတောင်အခုပဲ ဈေးရောင်းသွားတော့မလို့"

"ဟုတ်ကဲ့အမေ။ ရောင်းလို့ကုန်သွားပါပြီ။ ဒီမှာပိုက်ဆံတွေ။ ရေဆာလိုက်တာအရမ်းပဲအမေရာ"

"ဟဲ့. . . ဟဲ့ နေပူထဲကပြန်လာပြီး ရေကိုအရမ်းမသောက်လိုက်နဲ့ဦး။ အရင်ရေကိုငုံထားပြီး ထွေးထုတ်လိုက်။ ပြီးတော့မှသောက်။ မနေ့က ဒေါ်လေးဒေါ်လှခင်ကြီးနေပူထဲကပြန်လာလာချင်း ရေခဲသေတ္တာထဲကရေကို အားရပါးရသောက်လိုက်တာသေပါလေရော"

"ဟင် အမေ့အဒေါ် အဘွားလှခင်လား။ ရွှေဘုံသာကလေ"

"ဟုတ်ပ။ အဲဒါကြောင့်ပြောတာ။ မနက်ကအသုဘသွားနေရတာနဲ့ အမေလည်းခုမှဈေးထွက်ဖြစ်တာ။ ညနေမှ နင့်အဖေပြန်လာရင် တစ်ခေါက်သွားရဦးမယ်"

အမေ့စကားကြောင့် ထွန်းကျော်လန့်သွားပြီး အမေပြောသလို ရေကိုငုံ ထွေးပြီးမှ သောက်လိုက်သည်။ ဘွားလှခင်တို့လို ရေခဲသေတ္တာ တော့မရှိပေမယ့် ရေအိုးထဲကရေကလည်း ဆာနေချိန်မို့အေးလှသည်။ ခုမှ အမောပြေသွားတော့သည်။ အမေဈေးရောင်းထွက်သွားသည်ကို ငေးကြည့်နေရင်း သက်နောင်အဖေပြောသောစကားများကို ပြန်ကြားယောင်နေမိသည်။ နံရံတွင် ချိတ်ထားသော ကျောင်းကျောပိုးအိတ်ကလေးကို လှမ်းကြည့်ရင်း ထွန်းကျော်သက်ပြင်းချမိသည်။ အဖေနှင့်အမေသည် သူ့ကို သူများမိဘများနည်းတူ မချစ်နိုင်လေသလား။ လေးတန်းအောင်ပြီး ငါးတန်းတွင် ကျောင်းကြီးပြောင်းတက်ရတော့မှာမို့ နွေကျောင်းပိတ်ရက်ပင်မနားကြဘဲ ကျူရှင်ကြိုတင်တက်နေကြပြီ။ သူကတော့ဈေးရောင်းနေရဆဲပါ။

"ကျောင်းပိတ်ချိန်လေးမှာ ပိုက်ဆံရှာထား။ ဒါမှ ကျောင်းဖွင့်ရင် အဝတ်အစားကောင်းကောင်းလေးဝတ်ရအောင်"ဟု အမေပြောသည်ကိုလည်း ပြန်ကြားယောင်နေမိသည်။ အဖေသည် မြို့တော်စည်ပင်ဌာနတွင် အမှိုက်ကားမောင်းရသော ဝန်ထမ်းဖြစ်သည်။ အမေက မုန့်ပဲသရေစာရောင်းသည်။ သူတို့အခြေအနေမဆိုးလှပါ။ ကြွေးမြီမရှိအဆင်ပြေပါသည်။ သို့သော် အခုနွေရာသီကျောင်းပိတ်ချိန်ကလေးကိုပင် သူ့အား အဝတ်အစားအတွက် ဈေးရောင်းခိုင်းပြန်ရာ ထွန်းကျော်ရင်ထဲတွင် ဘဝင်မကျချင်တော့။ တွေးရင်းဝမ်းနည်းသလိုဖြစ်လာ၍ မျက်ရည်ကျလာမိသည်။ လူချင်းတူပေမယ့် ကံတရားချင်းတွေ မတူကြပါလားဟု ထွန်းကျော်တွေးနေမိလေသည်။

**ပညာရှိဟာ မထောင်လွှားဘူး။ ပညာမဲ့ဟာ မော်ကြွားတယ်။ ပညာရှိဟာလိုအပ်ချိန်မှ သူ့ပညာကိုထုတ်ဖော်ပြသတယ်။ ကြောင်လက်သည်းဝှက်ဆိုတဲ့ စကားဥပမာလိုပေါ့။ ခွေးမောင်က ရပ်ကွက်ထဲမှာ နေရာတကာဆရာလုပ်ရင်း သူ့ကိုယ်သူ အထင်ကြီးနေတဲ့ကောင်ပါ တကယ့်အခက်အခဲနဲ့တွေ့ရင် ခေါင်းရှောင်သွားတဲ့ လူစားမျိုးပါ။ ပြောရရင်တော့ အကြွေစေ့လို လူစားပါကွာ**

အဖေအလုပ်ကပြန်ရောက်သည်နှင့် ခြေပစ်လက်ပစ်ထိုင်ချလိုက်သည်ကို တွေ့ရသောအခါ သူပြောချင်သည့်စကားများပြောရန် ထွန်းကျော်မဝံ့ရဲတော့။ အဖေစိတ်ဆိုးသွားလျှင်အခက်၊ ဒါပေမယ့် အဖေသူ့အပေါ် တစ်ခါမှ စိတ်ဆိုးမာန်ဆိုး မမာန်ဘူးသည်ကတော့အမှန်ပါ။ အဖေရေမိုးချိုးပြီး ထမင်းစားရန်ထိုင်ကြသောအခါ "အဖေ အဖေ့ကို သားစကားနည်းနည်းပြောချင်တယ်"

"ဟေ အထူးအဆန်းပါလားကွ။ ပျော်စရာလား။ စိတ်ညစ်စရာလား။ ပျော်စရာဆိုရင်ထမင်းဝိုင်းမှာ မပြောရဘူး။ လာဘ်ပိတ်တတ်တယ်တဲ့။ ကဲပြောမလား။ ဒါမှမဟုတ် စားသောက်ပြီးမှ ရေနွေးကြမ်းဝိုင်းမှာ ပြောကြတာပေါ့ကွာ"

အဖေ၏စကားကြောင့် ထွန်းကျော်ငြိမ်နေလိုက်တော့သည်။ ထမင်းစားပြီး ရေနွေးကြမ်းဝိုင်းတွင် ထိုင်သည်နှင့် အဖေက"ကဲဆိုစမ်းပါဦးငါ့သားရ။ ဘာတွေပြောချင်လို့လဲ"

"ဟို သားသူငယ်ချင်း သက်နောင်အဖေကပြောလို့ပါ"

"ဩော် ခွေးမောင်လား။ အင်းပြောပါဦး။ ဘာပြောလို့လဲ"

"သားအရွယ်ကငွေရှာရမယ့် အရွယ်မဟုတ်ဘူး။ ပညာသင်ရမယ့်အရွယ်တဲ့" ဟု အစချီရင်း ဦးခွေးမောင်ပြောသည်တို့ကို အားလုံးပြောပြလိုက်လေသည်။ အဖေက ပြုံးလျက်နားထောင်နေပြီး အမေ့ကိုတစ်ချက် လှမ်းကြည့်လိုက်ပါတယ်။ အမေက ခေါင်းညိတ်ပြလိုက်သည်ကို ထွန်းကျော်မြင်လိုက်ရပြီးနောက် အဖေက "ခွေးမောင်ပြောတာ ယေဘုယျတော့မှန်တယ်ကွ။ သားတို့အရွယ်က ငွေရှာရမယ့်အရွယ်မဟုတ်ဘူးဆိုတာ မှန်တာပေါ့။ ဒီအရွယ်တွေအားလုံး ကျောင်းတက်ပညာရှာကြရမှာအမှန်ပဲ။ ဒါပေမယ့် အခုသားကိုပြောတာတော့ မမှန်ဘူး။ သားကိုအဖေတို့က အခုငွေရှာခိုင်းနေတာမဟုတ်ဘူး။ ငွေရှာခိုင်းတယ်ဆိုတာ ကျောင်းမတက်ခိုင်းတော့ဘဲ ဈေးပဲရောင်းခိုင်းနေတာဆိုရင်တော့ဟုတ်တာပေါ့။ အခုကသားကို ကျောင်းပိတ်တုန်း ခဏငွေရှာခိုင်းတာ။ ငွေရှာခိုင်းတယ်ဆိုတာထက် ငွေရအောင် ဘယ်လိုရုန်းကန်ရတယ်ဆိုတာ သိစေချင်တာအဓိကပါ။ ပညာတတ်ငွေရှာတာနဲ့ ပညာမတတ်သူ ငွေရှာရင် ဘယ်လိုဆိုတာ သားသိအောင်ခိုင်းတာပါ။ အခုသားသိသွားပြီ။ ဒီနေ့ကစ ဈေးရောင်းစရာမလိုတော့ဘူး။ ပြီးတော့ သားကို ကိုယ့်အားကိုယ်ကိုးစေချင်တဲ့၊ ကိုယ့်ကိုယ်ကိုယ် အားကိုးတတ်အောင် လေ့ကျင့်ပေးခြင်းတစ်မျိုးပဲ"

အဖေက စကားကိုရပ်ထားလိုက်ပြီး အမေ့ကို မျက်ရိပ်ပြလိုက်သည်။ အမေက ထသွားပြီးပြန်လာသောအခါ လက်ထဲတွင် ဆင်ရုပ်ကော်စုဘူးတစ်ခုပါလာလေသည်။ အမေက "ဒီမှာ ငါ့သားဈေးရောင်းလို့ရတဲ့ အမြတ်မှန်သမျှ အမေ စုဘူးနဲ့စုပေးထားတာ။ သားကျောင်းဖွင့်လို့ ကျောင်းပြန်တက်ရင် ကိုယ့်လုပ်အားခနဲ့ကိုယ် ကျောင်းတက်တယ်ဆိုတာ ဂုဏ်ယူစရာဖြစ်ဖို့။ ပြီးတော့ ပင်ပင်ပန်းပန်း ရှာရတဲ့ ငွေကို တန်ဖိုးထားတတ်ဖို့။ နောက်စာကို ပိုကြိုးစားပြီး ပညာတတ်ဖြစ်အောင်လုပ်ဖို့ပါ။ သားကသူများသားသမီးတွေထက် ပိုမိုတန်ဖိုးရှိသူ၊ ပိုပြီးလိမ္မာသူတစ်ယောက် ဖြစ်လာနိုင်ပြီလို့ ယူဆလို့ရအောင် အမေတို့က လမ်းပြပေးတာပါ။ တစ်မျိုးမထင်ပါနဲ့ကွယ်"

"သားနားလည်ပါပြီ။ အဖေနဲ့အမေ သားကြိုးစားပါ့မယ်။ သူတို့တွေကပြောတော့ သားလည်း မသိဘဲစိတ်ကဟုတ်တယ်ထင်တာပေါ့"

"သားကကလေးပဲ။ အဖေတို့ကနားလည်တာပေါ့။ ပြောဖို့လိုအပ်တဲ့ အချိန်ပြောမယ်လို့ စိတ်ကူးထားပြီးသားပါ။ အခုတော့ လိုအပ်ပြီဆိုပါတော့။ ပြီးတော့ ငါ့သားကို အဖေ တကယ်လိုအပ်တာပြောပြမယ်။ ပညာရှိဟာ မထောင်လွှားဘူး။ ပညာမဲ့ဟာမော်ကြွားတယ်။ ပညာရှိဟာလိုအပ်ချိန်မှ သူ့ပညာကိုထုတ်ဖော်ပြသတယ်။ ကြောင်လက်သည်းဝှက်ဆိုတဲ့ စကားဥပမာလိုပေါ့။ ခွေးမောင်က ရပ်ကွက်ထဲမှာနေရာတကာ ဆရာလုပ်ရင်း သူ့ကိုယ်သူ အထင်ကြီးနေတဲ့ကောင်ပါ။ တကယ့်အခက်အခဲနဲ့တွေ့ရင် ခေါင်းရှောင်သွားတဲ့လူစားမျိုးပါ။ ပြောရရင်တော့ အကြွေစေ့လိုလူစားပါကွာ"

"ဘယ်လို အကြွေစေ့လိုလူစားလဲ အဖေ။ ရှင်းပြပါ"

ထိုစဉ် အိမ်ရှေ့မှ ခေါ်သံကြားသဖြင့် ကြည့်လိုက်ရာ သက်နောင်၏အမေ ဦးခွေးမောင်၏ဇနီး ဒေါ်သန်းမြဖြစ်နေသည်။ အဖေက အမေ့ကိုသွားတွေ့ခိုင်းလိုက်ပြီး ထွန်းကျော်ကိုစကားဆက်ပြောလေသည်။

"အဲဒါပဲငါ့သား။ အဲဒီ မသန်းမြဘာလာလုပ်တာလဲ သိလား။ မပြောမဖြစ်ပြောရဦးမယ်။ အဲဒါမင်းအမေဆီမှာ ငွေတိုးလာချေးတာပဲ။ သူ့ဆီမှာတင် အကြွေးငါးသိန်းအဖေတို့ငွေတွေရှိနေတယ်လေ။ သူ့ယောကျ်ား ခွေးမောင်ကသာ ဟန်တွေလုပ်ပြီး သူဌေးစတိုင်ဖမ်းနေတာ။ မသိတဲ့လူပဲအထင်ကြီးမှာပေါ့။ ဩော် စောစောက အဖေပြောတဲ့ အကြွေစေ့ဆိုတာလေ။ အလျှုံခံတွေ ခွက်ထဲက အကြွေစေ့တွေက အသံတွေမြည်နေတာ သားကြားဖူးမှာပေါ့"

"ဟုတ်ကဲ့ ကြားဖူးပါတယ်အဖေ။ အလျှုံခံတွေလာရင် နားကိုငြီးနေတာပဲ"

"အေး အဲဒါပဲ။ အသံတွေဆူညံနေပြီး သုံးစွဲဖို့တန်ဖိုးနည်းတာ အကြွေစေ့ပေါ့။ ငွေစက္ကူဆိုတာ တန်ဖိုးကြီးပေမယ့် အသံမမြည်ဘူးလေ။ ခွေးမောင်ဆိုတာ အကြွေစေ့လိုလူပေါ့။ ပြီးတော့အသံသာမြည်ပြီး အဆံမပါတဲ့သင်္ကြန်အမြောက်လည်း အဲဒီလိုပဲသား"

"ဟုတ်ကဲ့အဖေ။ သားသဘောပေါက်ပါပြီ"

သင်္ကြန်တုန်းကလမ်းထိပ်မဏ္ဍပ်မှာ ဦးမြင့်အောင်ကြီးလုပ်တဲ့ ဝါးပိုးဝါးအမြောက်ကို ထွန်းကျော်မြင်ဖူးပါသည်။ ခုတော့ထွန်းကျော် ကောင်းကောင်းနားလည်သွားပါပြီ။ အကြွေစေ့လိုလူမဖြစ်အောင် သူကြိုးစားသွားပါမည်ဟု အဖေနဲ့အမေကို ကတိပေးလိုက်မိပါတော့သတည်း။

## ခေါင်းလောင်းလေးတွေ မြည်နေပြီ

❖ မိုးဦးရောက်လို့ ကျောင်းဖွင့်လာ
ငါတို့ကျေးရွာမှာ။
❖ ဝတ်ခဲ့ပါကွယ် ဖြူစိမ်းများ
ကျောင်းတော်ကြီးသို့ သွားစို့လား။
❖ ကြားရပြီကွယ့် ခေါင်းလောင်းသံ
နေ့စဉ်ချိန်မှန်မှန်။
❖ စာကျက်စာအံ ပညာဖွား
လိုက်နာကြစို့ ဆရာ့စကား။
❖ မှတ်သားနာယူ လေ့လာလေ
တို့ဘဝတွက် အိပ်မက်တွေ။
❖ သွေးသစ်ဝေကာ ဖော်ထုတ်စို့
ငါတို့ရွာလေး လှပဖို့။
❖ ဆင်းရဲချို့တဲ့ သူတွေကို
ကူညီကြမယ်ဆို။
❖ သူလိုငါလို ပညာတတ်
ဘွဲ့တွေရဖို့ ကြိုးစားမှတ်။
❖ မောင်မြတ်အေးက ကြီးလာရင်
ဆရာဝန်ကြီး ဖြစ်ဖို့ပြင်။
❖ မထွေးခင် ဆရာမလေး
စိတ်ကူးယဉ်လို့တွေး။
❖ မောင်လူအေးက ကျောင်းဆရာ
စာသင်ပေးလို့ ကုသိုလ်ရှာ။
❖ အင်ဂျင်နီယာ မောင်နီထွေး
ဆောက်လုပ်ရေးတွက် လက်မနေး။
❖ အိပ်မက်လေးတို့ ကိုယ်စီပြင်
ခေါင်းလောင်းသံချိုလွင်။
စာသင်လာတိုင်းကြိုးစားကြ
အိမ်စာမှန်မှန် လုပ်မှရ
မပျင်းကြနဲ့ဗျ။

ကိုမျိုး(ဝမ်းတွင်း)

## တောရွာမနက်ခင်း

လယ်ထဲဆင်းဖို့ ဖေဖေပြင်
မေမေဆွမ်းချက်စဉ်။
နေမင်းပေါ်တဲ့ အရုဏ်ဦး
အားပြည့် အလှထူး။
စပါးပင်တွေ နေရောင်ကြို
ငှက်တွေ သီချင်းဆို။
ဘီးတွေ ဘွားတွေ မေတ္တာပို့
အားလုံးရစေဖို့။
ရန့်ပေးလို့ ပင်လုံးကြိုင်
ပန်းတွေအလှပြိုင်။
ရွာဝင်လမ်းမှာ သံယာကြွ
လောင်းလှူ ကုသိုလ်ရ။

(ထက်လူအောင်)

ကြေးမုံ ကြော်ငြာ ADVERTISEMENT



ပုဂံ-ပုပ္ပါး-စွယ်တော်လေးဆူ ပဒ္မကျွန်း 39000/- (၂ ညအိပ်) ဇူလိုင်၇/၁၄ 09-444462599

DADDY ပုဂံ-ပုပ္ပါး-ပဒ္မကျွန်း မန္တလေး-ပြင်ဦးလွင် 39000/- (7-7-2017) 09 448001903, 09 440334848

## ပေး၍မကုန် လှူ၍မခန်း ဇော်တိက ဝါဆိုသင်္ကန်း

"အဆင့်မြင့် အထူးစပယ်ရှယ် ဝါဆိုသင်္ကန်းများ"

## ရန်ကုန်မြို့ပေါ်ရှိ ဇော်တိကသင်္ကန်း ပင်ရင်းအရောင်းဆိုင်များ

www.zawtika.com

Hot Line -01-8603129,09-253348646,09-799888667

### ဇော်တိက၏မူဝါဒ

အထောင်းဆုံး အရည်အသွေး ညီမျှတဲ့ ဈေးနှုန်း နာမည်ကြီးတဲ့ အမှတ်တံဆိပ် အနှစ်ထာရှည်တဲ့ အလှူ ထို (၄) ခု ဖြည့်ဆည်းပေးရင်း အလှူရှင်များ အမြဲထားး။

ကမ္ဘာအေးရန်ကင်းမိုးကောင်းနှင့်နေပြည်တော်(ရာဇဌာနီ)တို့တွင်ဇော်တိကပင်မဆိုင်ခွဲများကိုဖွင့်လှစ်လိုက်ပါပြီ

## ရွှေသမင်

အမှတ်တံဆိပ်

အမှတ်(၂)၊ ကန်သာယာလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
Ph : 01-664636, 01-662065

# လုပ်ငန်းအမည်အမှတ်အသားများကို အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရှုခင်းသာမြို့ပတ်လမ်း၊ အမှတ်(၂၃၅)တွင် ရုံးခန်းဖွင့်လှစ်၍ ပညာရေးဝန်ဆောင်မှုဆောင်ရွက်လျက်ရှိသော BFI EDUCATION SERVICES COMPANY LIMITED သည် အောက်ဖော်ပြပါ ဝန်ဆောင်မှုအမည်အမှတ်အသားများကို ကုမ္ပဏီ၏လုပ်ငန်းခွဲ အမည်အမှတ်အသား တံဆိပ်များအဖြစ် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ စာချုပ်အမှတ် -၆၁၀၀၊ ၆၁၀၁၊ ၆၁၀၂၊ ၆၁၀၃၊ ၆၁၀၄၊ ၆၁၀၅၊ ၆၁၀၆၊ ၆၁၀၇/၂၀၁၇အရ မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။

| MIK KINDERGARTEN | NIK KINDERGARTEN | SKT COLLEGE | BIK KINDERGARTEN |
|---|---|---|---|
| ၆၁၀၀/၂၀၁၇ | ၆၁၀၁/၂၀၁၇ | ၆၁၀၂/၂၀၁၇ | ၆၁၀၃/၂၀၁၇ |
| BFI | BISA ACADEMY | SKT KINDERGARTEN | MISA ACADEMY |
| ၆၁၀၄/၂၀၁၇ | ၆၁၀၅/၂၀၁၇ | ၆၁၀၆/၂၀၁၇ | ၆၁၀၇/၂၀၁၇ |

အဆိုပါ ကပ်နိုပ်ဖော်ပြထားသော အမှတ်အသားများကိုအသုံးပြု၍ BFI Education Services Company Limited ၏ ကျောင်းခွဲအမည်အမှတ်အသားဖြင့် ပညာရေးနှင့်ပတ်သက်သော ဝန်ဆောင်မှုအမျိုးမျိုး၊ ကျောင်းခွဲနှင့်ပတ်သတ်သော Letter Head များကြော်ငြာ၊ လက်ကမ်းကြော်ငြာ၊ မဂ္ဂဇင်း၊ ဂျာနယ် Internet၊ Website အစရှိသည်တို့တွင် ထည့်သွင်း၊ ချိတ်ဆွဲအသုံးပြုသည့် ပစ္စည်းများပေါ်တွင် ဝန်ဆောင်မှုတံဆိပ်အမှတ်အသားများကို ပုံစံအမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးတို့ဖြင့် ကပ်နိုပ်၍လည်းကောင်း၊ ဖိနှိပ်၍လည်းကောင်း၊ နံရံကပ်၍လည်းကောင်း၊ ရိုက်နှိပ်၍လည်းကောင်း၊ ချိတ်ဆွဲ၍လည်းကောင်း အသုံးပြုပြီး၊ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် လုပ်ကိုင်ဆောင်ရွက်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဖော်ပြပါလုပ်ငန်းခွဲအမည်အမှတ်အသားများကို ကုမ္ပဏီအဖွဲ့၏မူပိုင်အဖြစ် မှတ်ပုံတင်သွင်းသည့်နေ့မှစ၍ နောက်နောင်တွင်အဆိုပါ လုပ်ငန်းခွဲတံဆိပ်အမှတ်အသားများကို ကုမ္ပဏီ၏သဘောတူခွင့်ပြုချက်မရရှိဘဲ မည်သူတစ်ဦးတစ်ယောက်ဖြစ်စေ၊ အများကဖြစ်စေ၊ မည်သည့်အရွယ်အစား၊ အသွင်သဏ္ဍာန်ဖြင့်မဆို တစ်ခုလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ၊ ထင်ယောင်ထင်မှားဆင်တူယိုးမှား မှိုင်းမိ တုပပြုလုပ်သုံးစွဲခြင်းမပြုကြရန်နှင့် ပြုလုပ်သုံးစွဲပါကဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်သင်းသီရိဖို(စဉ်-၉၄၃၀)**
**LL.B(တရားလွှတ်တော်ရှေ့နေ)**
**အမှတ်(၈၃၇)၊ ကျော်သူ၂၃လမ်း၊ ၉ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်**

GW 0973226006 0973133528 0973077569
အိမ်ပြောင်း၊အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
09401505559

သိဟလင်း
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း (10',14',16',18')ကားများဖြင့် လုပ်သားအပြီးအစီး မြို့တွင်း/နယ်အထိ ဝန်ဆောင်မှုပေးသည်။
01-570307
09-5112729
09-5126394

ပြည့်မြန်မာ
အိမ်ပြောင်းအိမ်ရွှေ့ /ကားအငှား ဝန်ဆောင်မှုလုပ်ငန်း
01 511929, 09 963685160, 09 252463094, 09 781269412

တက်နေဝန်း
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း (10'/14')Box ကားများဖြင့် လုပ်သားအပြီးအစီး ဝန်ဆောင်မှုပေးသည်။
09-442076599
09-400448695
09-33100721

**ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ ကြီးကြပ်ဦးဆောင်မှုဖြင့် အောက်ဖော်ပြပါ ဟိုတယ်ဧည့်ဝန်ဆောင်မှုသင်တန်းများအား ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန (ရန်ကုန်)တွင် ဖွင့်လှစ်ပါမည်။**

| စဉ် | သင်တန်းအမျိုးအစား | | အနည်းဆုံးပညာအရည်အချင်း |
|---|---|---|---|
| ၁။ | ခရီးသွားလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ Travel Consultant နှင့် Tour Operatorသင်တန်း(အဆင့် ၁) | - | တက္ကသိုလ်ဒုတိယနှစ်၊ ဘွဲ့ရများ |
| ၂။ | ခရီးသွားလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ Travel Agencies and Tour Operation သင်တန်း(အဆင့် ၂) (Senior Travel Consultant and Sales Services) | - | ဟိုတယ်နှင့်ခရီးသွားသင်တန်းကျောင်းမှ ဖွင့်လှစ်သော Travel Consultant နှင့် Tour Operator သင်တန်း(အဆင့် ၁) အောင်မြင်ပြီးသူများ |
| | | - | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးသူဖြစ်၍ ခရီးသွားသင်တန်းကျောင်းများမှ လက်မှတ်တစ်ခုခုဖြင့် အောင်မြင်ပြီးသူများ (သို့) ခရီးသွားလုပ်ငန်းအတွေ့အကြုံရှိသူများ |
| ၃။ | ဧည့်ကြိုလုပ်ငန်းသင်တန်း(အဆင့်-၁) | - | တက္ကသိုလ်ဒုတိယနှစ်၊ ဘွဲ့ရများ |
| ၄။ | အိပ်ခန်းဆောင်ထိန်းသိမ်းရေး သင်တန်း(အဆင့် ၁) | - | တက္ကသိုလ်ဝင်တန်း |
| ၅။ | အစားအစာနှင့် အဖျော်ယမကာ ဧည့်ခံကျွေးမွေးရေးသင်တန်း(အဆင့်-၁) | - | တက္ကသိုလ်ဝင်တန်း |
| ၆။ | အစားအစာနှင့်ထုတ်လုပ်ရေး သင်တန်း(အဆင့် ၁) | - | တက္ကသိုလ်ဝင်တန်း |
| ၇။ | အရှေ့တိုင်းအစားအစာထုတ်လုပ်ရေး သင်တန်း(အဆင့် ၁) | - | ဤသင်တန်းဌာနမှ အခြေခံ (အဆင့် ၁) အစားအစာ ထုတ်လုပ်ရေးသင်တန်း တက်ရောက်ပြီးသူ(သို့) တက္ကသိုလ်ဝင်တန်း အဆင့်ရှိ စိတ်ပါဝင်စားသူများ |
| ၈။ | ဟိုတယ်ဆိုင်ရာစီမံခန့်ခွဲမှုသင်တန်း (Level III) | - | တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူများ၊ အသက် (၃၀)ကျော်ပြီးသူများ (အမျိုးသားမှတ်ပုံတင်) တင်ပြရမည်။ (၁) ဤသင်တန်းမှ (အဆင့် ၂) အောင်မြင်ပြီးသူများ (f&B Division/Room Division/ Hotel Supervision (Accounting) (သို့) (၂) ဤသင်တန်းမှ (အဆင့် ၁) သင်တန်းများတွင် (၂)တန်းအောင်မြင်ပြီးသူများ ဧည့်ကြို၊ အိပ်ခန်းဌာနများမှ (၁)တန်း၊ ဧည့်ခံကျွေးမွေးရေးနှင့် အစားအစာထုတ်လုပ်ရေးမှ (၁) တန်း၊ (၃) ဟိုတယ်၊ မိုတယ်များတွင် ကြီးကြပ်သူနှင့် အထက်တာဝန်ထမ်းဆောင်ဖူးသူ (သို့) လက်ရှိတာဝန်ထမ်းဆောင်ကြောင်း ဟိုတယ်နှင့်ခရီးသွားဝန်ကြီးဌာနအာဏာပိုင်များမှ ထောက်ခံသူများ |

သင်တန်းကာလ။ ။ ၁၀-၇-၂၀၁၇ရက် မှ ၁-၉-၂၀၁၇ရက်

**သင်တန်းဆိုင်ရာအချက်အလက်ဆက်သွယ်စုံစမ်းရန်**

လျှောက်လွှာများကို ကန်တော်ကြီးဟိုတယ်ရှေ့ရှိ သင်တန်းဌာနတွင် ဝယ်ယူနိုင်ပြီး ဓာတ်ပုံ(၁)ပုံ၊ ပညာအရည်အချင်းမိတ္တူ၊ ကျန်းမာရေးထောက်ခံစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံစာပူးတွဲတင်ရမည်။

**ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန**
**ကန်ရိပ်သာလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၃၉၄၈၁၆**
**Email: infocentre.httc@gmail.com**
**Facebook Page: Hotel and Tourism Training Center-Kandawgyi**

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
ကျောက်တံတားမြို့နယ်၊ လမ်း (၄၀)၊ တိုက်ခန်း။ (၁၃' × ၄၀')၊ လမ်းမကြီး၊ ဈေး၊ ကျောင်း၊ ကားဂိတ်အနီး၊ မြို့လယ်ကောင်၊ နေရာကောင်း၊ ရေမီးကောင်း၊ (၁၇၅ သိန်း)
ဖုန်း – ၀၉ ၉၆၅၄၀၃၀၉၃၊ ၀၉ ၄၂၃၃၉၀၉၅၀

## ဓမ္မာစရိယတန်းလက်ခံပြီ

ပထမကြီးတန်းအောင်မြင်သော သံဃာတော်များလက်ခံသည်။ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၌ လျှောက်ထားမည့် သံဃာတော်များကိုလည်း လက်ခံပါသည်။ မင်္ဂလာအေးကျောင်းတိုက်၊ တပင်ရွှေထီးလမ်း၊ (၃၈)ရပ်ကွက်၊ မြောက်ဒဂုံ။

## ဝါဆိုသင်္ကန်းကပ်လှူပွဲ ပူဇော်မင်္ဂလာအခမ်းအနား ဖိတ်ကြားခြင်း

ရခိုင်တိုင်းရင်းသားများအသင်း(နေပြည်တော်)၏ "ပဥ္စမအကြိမ်မြောက်" "ဝါဆိုသင်္ကန်းကပ်လှူပွဲအခမ်းအနား"ကို အောက်ပါအစီအစဉ်များအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဧည့်ပရိသတ်များအနေဖြင့် တက်ရောက်ကုသိုလ်ယူနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

**အခမ်းအနားအစီအစဉ်**

| | |
|---|---|
| အခမ်းအနားကျင်းပမည့်နေ့ရက် | - ၉-၇-၂၀၁၇ ရက်(တနင်္ဂနွေနေ့) (၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁ရက်) |
| အခမ်းအနားကျင်းပမည့်အချိန် | - နံနက် ၈း၀၀နာရီ |
| အခမ်းအနားကျင်းပမည့်နေရာ | - "အေးမြရွှေပြည်ကျောင်းတိုက်" မင်္ဂလာသိဒ္ဓိရပ်ကွက် အထက(၆)နှင့် သဇင်(၁)ကြား၊ နေပြည်တော် |

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။

(720 -သိန်း)

09-428255970, 09-5002383

## ပညာတံခွန်

စာသင်၊စာကျက်ပိုင်းနှင့် နေ့တက်ဆောင်ဖွဲ့

(၂၀၁၇)၉၀%အောင်ချက်ရှိသည်။

09-420275663, 09-73152254

## ရွှေပြည်တိန်းစေ လှူဒါန်းစေလ

- ILBC
Account No: 0075010070169030l

## ကန့်ဘလူမြို့နယ်အသင်း(ရန်ကုန်)

၂၀၁၇-၂၀၁၈ခုနှစ်၊ အမှုဆောင်သစ်ရွေးချယ်ပွဲနှင့် အသင်းသားစုံညီတွေ့ဆုံပွဲ ကျင်းပမည်ဖြစ်ပါသဖြင့် ကန့်ဘလူနွယ်ဖွား ကန့်ဘလူမြို့နယ် သူ/သားများ၊ အသင်းသူ/သားများ မပျက်မကွက် ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

| | |
|---|---|
| နေ့ရက် | - ၉-၇-၂၀၁၇ ရက် |
| အချိန် | - မွန်းလွဲ ၂း၀၀နာရီ |
| နေရာ | - မင်္ဂလာဈေး၊ ဓမ္မာရုံ (ရွှေတိဂုံဘုရားအရှေ့မုခ်) |

**အလုပ်အမှုဆောင်အဖွဲ့**

## ရွှေလုစ္စိနီအင်ကြင်းမိုးရာသီအထူးခရီးစဉ်ကြီး

(အပတ်စဉ် သောကြာနေ့တိုင်း)

## စီးပွားဖြစ်မှိုမျိုးစုံမွေးမြူစိုက်ပျိုးရေး(၇)ရက် ရက်တိုသင်တန်း

၁။ သင်တန်းဖွင့်မည့်ရက်များ
(က) အမှတ်စဉ်(၃/၂၀၁၇) - ၁၁-၇-၂၀၁၇မှ ၁၇-၇-၂၀၁၇ထိ
(ခ)သင်တန်းချိန် - ၉း၀၀နာရီမှ ၄း၀၀နာရီထိ
၂။ သင်ကြားပို့ချမည့်ဘာသာရပ်များ - မှိုမျိုးစုံမွေးမြူစိုက်ပျိုးနည်း
၃။ သင်တန်းကြေး - အခမဲ့(သင်တန်းကာလတွင် ဌာနမှ သင်တန်းဆောင်တွင် အခမဲ့ နေထိုင်ခွင့်ပြုပါမည်။)
၄။ စားစရိတ်၊ သင်တန်းမှတ်စု၊ လက်တွေ့လုပ်ငန်းဆောင်ရွက်မှု ကုန်ကျစရိတ် - ၃၅၀၀၀/-ကျပ်

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**စိုက်ပျိုးရေးဦးစီးဌာန**
**ကော်ဖီ-ရာသီသီးနှံဌာနခွဲ**
**ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်း(၁၀မိုင်)သင်တန်းကျောင်း**
**ပဲခူးမြို့နယ်**

**ဆက်သွယ်ရန်**
ဖုန်း-၀၉-၂၅၄၂၃၃၇၈၉၊ ၀၉-၄၂၀၀၆၂၉၄၃၊ ၀၉-၇၇၅၀၈၂၈၂၄

## ATH

Engineering Group

AIR-CON SERVICES

## ဖခင်အမည်မှန်

တောင်ပေါ်စု အထက၊ မြောင်းမြမြို့၊ ဒသမတန်းအတွဲ(၁) တန်းခွဲ(A)မှ စကျော်ဇောဦး၏ဖခင်အမည်မှန်မှာ မန်းသိန်းဝင်း ဖြစ်ပါကြောင်း။

**မန်းသိန်းဝင်း**

## Queenswood

Beauty Spa

Ph: 09 8177025

## စာအုပ်စာပေ လှူမိတ်ဆွေ

## ဒေါ်ခိုင်ခိုင်ဝင့်

B.Sc (Chem), DA, LCCI (UK), ACCA Part II

# LCCI, ACCA

Diploma ကို

Save ဖြစ်လိုသူများ
Cost ထက် Benefit အားသာချက်

Ph: 095067748, 09254715990, 09965067748

## PROBOX TAXI

## အိမ်ပေးငှားမည်

စပေါ် ၃သိန်း၊ အိုနာကြေး-၁၀၀၀၀၊ စမ်းချောင်းမြို့နယ်သူ ဦးစာပေး။

Ph:09-799991520

Air-con


Ph: 09 5146898, 09 765146898

## အကျိုးဆောင်

City Mart များတွင်လည်း ရရှိနိုင်ပါသည်

Ph: 01-372781, 375537

ဇူလိုင် (၂) ရက်၊ တနင်္ဂနွေနေ့



## ညီနှိုင်းဈေးဖြင့်ရောင်းမည်

Royal Lake View Tower

ဆက်သွယ်ရန် - ၀၉ ၅၁၃၃ ၂၅၆၀

## ကားရောင်းမည်

RAV 4 Model 2006
BLACK 2.4 (2 Wheel)
3M/.......
Ph:09450088099

## Khine ကိုရီးယားဘာသာသင်တန်းကျောင်း

E.P.S (TOPIK)

Form

Ph : 09-73026940, 09-250641687
09-5162790

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇-D (နံ့သာကုန်း)၊ မြေကွက်အမှတ်-၁၃ ၏ အစိတ်အပိုင်း၊ ဧရိယာ(၂.၅၄၄)ဧက၏ အစိတ်အပိုင်း၊ မြေကွက်တည်နေရာအမှတ်-၅၆၉၊ နံ့သာမြိုင်လမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ဦးစောဖေသန်းအမည်ပေါက် B-မြေပိုင်မြေ (အိမ်ရာမြေသတ်မှတ်)မြေအား ရန်ကုန်တိုင်းတရားရုံး(မြောက်ပိုင်းခရိုင်)၊ တရားမအထွေထွေမှုအမှတ်-၃၇/၉၇ အရ အမွေထိန်းလက်မှတ်စာ၊ တရားမအထွေထွေမှုအမှတ်-၄၈/၉၇အရ ရောင်းချခွင့်အမိန့်၊ အရောင်းအဝယ်စာချုပ်-၄၂၈၇/၉၈(၅-၁-၉၉)ဖြင့် ဝယ်ယူပိုင်ဆိုင်လာသူ ဦးချစ်လှိုင်(ကွယ်လွန်)ဇနီး ဖြစ်သူ ဒေါ်လှလှတင်(ကွယ်လွန်)သဖြင့် ဒေါ်မြ[၁၂/အစန(နိုင်)၀၂၇၆၈၅]၊ ဒေါ်အေးသီတာလှိုင် [၁၂/အစန(နိုင်)၁၄၉၃၉၀]၊ ဦးလှကြည်[၁၂/အစန(နိုင်)၀၃၀၁၂၂]တို့က သားသမီးများတော်စပ်ကြောင်း တရားရုံးကျမ်းသစ္စာပြုလွှာ၊ ထောက်ခံကျမ်းသစ္စာပြုလွှာ၊ သေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်စွန့်လွှတ်၊ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒေါ်သီတာဦး

B.Com(Q), CPA, Dip IFR(ACCA)

# LCCI I,II&III

2017 Dec Exam

| Level -II (9.7.17 စမည်) | Level - III (15.7.2017 စမည်) |
|---|---|
| (A) Sun 8:00 to 12:00 am | (A) Fri - Sat 6:00 to 8:00 pm<br>Sun 2:00 to 8:00 pm |
| (B) Thur - Fri 9 to 11 am | (B) Sat 6:00 to 8:00 pm<br>Sun 2:00 to 8:00 pm |

အမှတ်(29), 4လွှာ၊ ရန်ကုန် - အင်းစိန်လမ်းမ၊ လှည်းတန်း၊ ကမာရွတ်၊ ရန်ကုန်။ Ph: 09-51 78297, 09-955178297

## ဇော်ဘွားလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်မှ

အဆင့်မြင့် စတီးဘလိပ်တားသွားဆူးကြိုးများကိုဈေးနှုန်းချိုသာစွာဖြင့် ရောင်းချတပ်ဆင်ပေးနေပါသည်။
အမှတ်(၃၄/A)၊ ကမ္ဘာအေးဘုရားလမ်းမ၊ (နှင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့)၊ ပဟန်းမြို့နယ်။
Ph: 01-545531, 09-73058161, 09-795008161
HOTLINE : 09-5008161

## 2018 IGCSE တန်းခွဲသစ်များဖွင့်ပြီ

Singapore မှ ဆရာဦးဝင်းဇော်ထွန်း ရန်ကုန်တွင် Tuition Classes များဖွင့်ထားပါပြီ၊
ရန်ကုန်တွင် IGCSE ဖြေဆို၍ Singapore Poly များသို့ ဝင်ရောက်နိုင်ပါသည်၊
Sigapore အစိုးရကျောင်းဝင်ခွင့် AEIS အတွက် ရန်ကုန်တွင် ကြိုတင်သင်ကြားပေးပါသည်၊
ROAD TO IGCSE သီးသန့် → GRADE 6 To 9
ဆက်သွယ်ရန် - 09 9425308863, 09 775099960

## BOSS အဆင့်မြင့် ပါကေးအရောင်းခန်းမ

အဆင့်မြင့် Laminate Flooring ကြမ်းခင်းပြားများနှင့် 100% ရေစိုခံ
ဒွိနိုင်းကြမ်းခင်းပြားများကို ဈေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်းချပေးနေပါသည်၊
Ph: 01-8603151, 01-8603389, 09-8626261, 09-5426261, 09-73152381
Ph: 09-5425251, 09-73225484
Ph: 09-5076661, 09-5076662, 09-5076663
Ph: 09-5091526, 09-5091527